# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 15 February 2017 (၈၈၃၈)


**ပညာရှိတို့အား ချစ်မြတ်နိုး၏**

အကြင်ပညာရှိတို့သည် သမထစျာန်၌ လေ့ကျင့်အား ထုတ်ကုန်၏။ ကာမမှ ထွက်မြောက်မှု ကိလေသာငြိမ်းမှု၌ မွေ့လျော်ကုန်၏။ သစ္စာလေးပါးတရားကို ကောင်းစွာ သိကုန်သော လွန်ကဲသော သတိရှိကုန်သော ထိုပညာရှိ တို့အား နတ်ပြဟ္မာတို့သည်လည်း ချစ်မြတ်နိုး ကြကုန်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၁)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံ လေဘာပါတီ လွှတ်တော်အမတ် Ms. Rushanara Ali MP အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံ လေဘာပါတီ လွှတ်တော်အမတ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံ လေဘာပါတီ လွှတ်တော်အမတ် Ms. Rushanara Ali MP ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ယခုဘဏ္ဍာနှစ်တွင် မြန်မာ့ကုန်ပစ္စည်းတင်ပို့ရောင်းချမှု ကန်ဒေါ်လာ ၁၁ ဘီလီယံရှိလာနိုင်ဟု အိုဘီဂျီ မျှော်မှန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

လွတ်လပ်စွာကုန်သွယ်ခွင့်သဘောတူညီချက်အနေဖြင့် ၂၀၁၆ ခုနှစ်မှစတင်သည့် ငါးနှစ်စီမံကိန်းဖြစ်သော မြန်မာနိုင်ငံ၏ နိုင်ငံတကာသို့ ကုန်ပစ္စည်းတိုးမြှင့်ရောင်းချနိုင်စေရန်ကြိုးပမ်းမှုကို ကူညီထောက်ပံ့ပေးနိုင်မည်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကုန်ပစ္စည်းတင်ပို့ရောင်းချမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၁ ဘီလီယံအထိ ရှိလာနိုင်မည်ဟု ခန့်မှန်းထားကြောင်း Oxford Business Group(အိုဘီဂျီ)က ထုတ်ပြန်သော ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကမ္ဘာလုံးဆိုင်ရာ ပုံနှိပ်ဖြန့်ချိရေးသုတေသနလုပ်ငန်းနှင့် အတိုင်ပင်ခံလုပ်ငန်းဖြစ်သော အိုဘီဂျီမှ ထုတ်ဝေလိုက်သည့် အစီရင်ခံစာအသစ်တွင် ရင်းနှီးမြှုပ်နှံမှုများပိုမိုအားကောင်းလာစေရန် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများအား နည်းဥပဒေဆိုင်ရာပြောင်းလဲပြင်ဆင်မှုများက ကူညီအားဖြည့်ပေးနေသည်နှင့်သက်ဆိုင်သော အဓိကအကြောင်းအရာများအား ဆန်းစစ်လေ့လာချက်များအပါအဝင် နိုင်ငံတကာမှ ပိတ်ဆို့မှုများ ပြေလျော့လာခြင်းနှင့် စီးပွားရေးဆိုင်ရာဖြေလျှော့မှုများ ဆက်လက်ဖြစ်ပေါ်စေရန် ကြိုးပမ်းအားထုတ်မှုများကြောင့် နိုင်ငံ၏ ကုန်သွယ်မှုချိန်ခွင်လျှာအပေါ်ကောင်းမွန်သော အကျိုးသက်ရောက်မှုများဖြစ်ပေါ်လာခြင်းနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြချက်များပါရှိသည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့**

# ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီများဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ**
**ကြေညာချက်အမှတ်၊ ၁/၂၀၁၇**
**၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်**
**(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)**

**ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်များအတွက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီများဖွဲ့စည်းခြင်း**

၁။ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ပါ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာမူဝါဒများ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဒေသကိုအခြေခံသည့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီးတွင်လည်းကောင်း၊ လူမျိုးကိုအခြေခံသည့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ရှမ်းပြည်နယ်တွင်လည်းကောင်း ကျင်းပနိုင်ရေးအတွက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

**(က) ပဲခူးတိုင်းဒေသကြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ**

(၁) ဒေါ်နော်ပွယ်ဆေး (တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)
(၂) ဗိုလ်မှူးကြီးမျိုးအောင် (တပ်မတော်)
(၃) ဦးခင်မောင်သန်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
(၄) စောဆဲဂေး (တိုင်းရင်းသားလက်နက်ကိုင်)
(၅) စောထွန်းကဲ (တိုင်းရင်းသားလက်နက်ကိုင်)
(၆) စောကီးဒို (တိုင်းရင်းသားလက်နက်ကိုင်)
(၇) ဦးသိန်းတန် (နိုင်ငံရေးပါတီ)
(၈) ဦးတင်စိုး (နိုင်ငံရေးပါတီ)
(၉) ဦးရန်နိုင် (နိုင်ငံရေးပါတီ)

**(ခ) ရှမ်းပြည်နယ် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှု ကော်မတီ**

(၁) ဒေါက်တာထွန်းလှိုင် (တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)
(၂) ဗိုလ်မှူးကြီးစန်းညွန့်ဇော် (တပ်မတော်)
(၃) ဒေါက်တာဒေါ်သန်းငွေ (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
(၄) ခွန်ထွန်းတင် (တိုင်းရင်းသားလက်နက်ကိုင်)
(၅) ဒုတိယဗိုလ်မှူးကြီးဆောင်းဟန် (တိုင်းရင်းသားလက်နက်ကိုင်)
(၆) ဒုတိယဗိုလ်မှူးကြီးဆိုင်ဟန် (တိုင်းရင်းသားလက်နက်ကိုင်)
(၇) ဦးခင်မောင်ညွန့် (နိုင်ငံရေးပါတီ)
(၈) ဦးခွန်သူရအောင် (နိုင်ငံရေးပါတီ)
(၉) ဦးစိုင်းမြင့်မောင် (နိုင်ငံရေးပါတီ)

၂။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီများသည် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ပါ ဤပူးတွဲကော်မတီက အတည်ပြုထားပြီးဖြစ်သောပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာလုပ်ငန်းလမ်းညွှန်များနှင့်အညီ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စေရေး၊ စနစ်တကျရှိစေရေး၊ လုပ်ငန်းလမ်းညွှန်များနှင့် ညီညွတ်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

**(ပုံ) အောင်ဆန်းစုကြည်**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ**




# စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့၏ (၁/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်သူများ၏ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှအဆို ပြုတင်ပြလာသည့် ဝန်ထမ်းဖွဲ့စည်းပုံများ တိုးချဲ့ဖွဲ့စည်းနိုင်ရန် စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့၏ (၁/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။



အစည်းအဝေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ အဆိုပြုတင်ပြလာသည့် ဖွဲ့စည်းပုံများ တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းသည်။

ထိုအစည်းအဝေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသ၊ ခရိုင်ရုံးများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ရဲစခန်းများအဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခြင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန လက်အောက်တွင် မဟာဓာတ်အားလိုင်းမှူးရုံး(ဂန့်ဂေါ)အား အသစ်ဖွင့်လှစ်ပေးခြင်း၊ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် ဝန်ထမ်းအင်အား တိုးမြှင့်ပေးခြင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာနတွင် ပုဂံဘုရားများ ကြံ့ခိုင်ထိန်းသိမ်းရေးအဖွဲ့ အသစ်ဖွဲ့စည်းခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့၏ ဖွဲ့စည်းပုံ တိုးချဲ့ဖွဲ့စည်းခြင်းများကို ခွင့်ပြုခဲ့သည်။

ထို့ပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကျေးရွာများတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ၁၀ ရုံနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကျေးရွာများတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲခြောက်ခုတို့ကို အသစ်ဖွင့်လှစ်ပေးခြင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားဆေးဘက်ဌာနခွဲတွင် ဝန်ထမ်းအင်အားထပ်မံတိုးချဲ့၍လည်းကောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(စစ်တွေ)ကို အသစ်ဖွင့်လှစ်ရန် ခွင့်ပြုခဲ့ပါသဖြင့် အဆိုပါဒေသများရှိ ပြည်သူများ၏ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးစေရန်၊ ပညာရေးအဆင့်အတန်းနှင့် လူနေမှုဘဝ ပိုမိုမြင့်မားလာနိုင်စေရန်၊ ဒေသခံပြည်သူများအား အားကစားနည်းမျိုးစုံ သင်ကြားပေးနိုင်ပြီး ထူးချွန်အောင်မြင်သည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာနိုင်စေရန်၊ နိုင်ငံတော်၏ အမျိုးသား ကျန်းမာရေးမူဝါဒနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှု စွမ်းရည်ပြည့် ဆောင်ရွက်ပေးနိုင်စေရန်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးအနီးကပ်စောင့်ရှောက်မှုများ ပြည့်ဝစွာရရှိခံစားနိုင်စေရန်အတွက် ဆွေးနွေးညှိနှိုင်းကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်



**လယ်ဝေး ဖေဖော်ဝါရီ ၁၄**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း (၁/၂၀၁၇) ဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါရုံးခန်းမ၌ ကျင်းပရာ နေပြည်တော် စက်မှုလယ်ယာတိုင်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးခွန်အေးနိုင်က စက်မှုလယ်ယာဦးစီးဌာနမှ ဖွင့်လှစ်သည့် သင်တန်းများ၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်စက်မှုလယ်ယာတိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးက သင်တန်းသားခေါင်းဆောင်အား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းသို့ လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက်ငါးခုနှင့် ကျေးရွာ ၁၁ ရွာမှ သင်တန်းသား ၃၈ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၄ရက်အထိဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကြေးမုံ

# ပြည်ထောင်စုစိတ်ဓာတ်သည်သာ

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းအားလုံးသော တိုင်းရင်းသားပြည်သူအပေါင်းတို့သည် မြန်မာနိုင်ငံသားများ ဖြစ်ပေသည်။ ပြည်ထောင်စုကြီးအတွင်း အတူတကွစုပေါင်းနေထိုင်ကြသော အဆိုပါ တိုင်းရင်းသား ပြည်သူအပေါင်းတို့၏ တူညီသောစိတ်ဓာတ်ဖြင့်သာ ပြည်ထောင်စုကြီးကို ထာဝရတည်တံ့ခိုင်မြဲအောင် တည်ဆောက်နိုင်မည်ဖြစ်သည်။

ထိုပြည်ထောင်စုသားတို့တွင် လူဦးရေအရ အရေအတွက်များသည် ဖြစ်စေ၊ နည်းသည်ဖြစ်စေ၊ အင်အားကြီးသည်၊ အင်အားနည်းသည်၊ လူမျိုးကြီးသည်၊ လူမျိုးငယ်သည်ဖြစ်စေ ခွဲခြားမမှတ်ယူသင့်ချေ။ နည်းသည်များသည်မဟူ၊ ကြီးသည်ငယ်သည်မဟူ တစ်စိတ်တစ်ဝမ်းတည်းရှိပါမူ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့ပင်ဖြစ်ပါစေ တစ်ဦးနှင့်တစ်ဦး ယုံယုံကြည်ကြည်ဖြင့် ချစ်ချစ်ခင်ခင်စည်းစည်းလုံးလုံး နေထိုင်နိုင်ကြမည် ဖြစ်သည်။

ယခုအခါ သူကလူမျိုးကြီး၊ ငါက လူမျိုးငယ်၊ သူကအင်အားကြီး၊ ငါကအင်အားငယ်ဟူ၍ ခွဲခြားသိမှတ်မှုမျိုး ရှိနေသေးသည်။ အမှန်တကယ်တွင် ပြည်ထောင်စုကြီး၏ မည်သည့်နေရာဒေသတွင်မဆို ပြည်ထောင်စုသားများ အနည်းအများ စုပေါင်းနေထိုင်လျက်ရှိကြသည်။ ဘာသာမတူ၊ လူမျိုးမတူ၊ ယဉ်ကျေးမှုမတူ ရောထွေးယှက်တင် အတူနေထိုင်ကြသည်။ တစ်ဦးနှင့်တစ်ဦး မတူကွဲပြားမှုပညတ်ချက်ကို ဖယ်ရှားထားကြ၍ အေးချမ်းပျော်ရွှင်စွာ ရပ်တည်နေထိုင်နိုင်ကြခြင်းဖြစ်သည်။

ဒေသတစ်ခုအတွင်း အတူနေထိုင်ကြသူအချင်းချင်း အဆိုပါမတူကွဲပြားမှုပညတ်ချက်ကိုအခြေခံ၍ အတ္တမာန၊ ယုံကြည်ချက်နှင့် အယူဝါဒတို့ကို ရှေ့တန်းတင်မှုအားကြီးသောအခါ ပဋိပက္ခဟူ၍ ဖြစ်ပေါ်လာတတ်သည်။ ငါဟူသော အတ္တအစွဲများမကင်းသရွေ့ ငါကိုယ်တိုင် အမှားလုပ်မိမည်ဖြစ်သည်။ အမည်သညာ၊ အယူအဆအစွဲအလမ်းများမှာ မိမိတို့အတွက်သာဖြစ်၍ အများနှင့်ဆက်ဆံပေါင်းသင်းနေထိုင်သောအခါ ပညတ်ချက်များကို ဖယ်ရှားထားနိုင်မည်ဆိုပါက အေးချမ်းသာယာသော လူမှုဘဝကို တည်ဆောက်နိုင်မည်ဖြစ်သည်။

အလားတူပင် ယုံကြည်မှုကို တည်ဆောက်ရာ၌ တစ်ဦးအပေါ်တစ်ဦး လေးစားခြင်း၊ တန်ဖိုးထားခြင်းမှာ အထူးအရေးကြီးပေသည်။ အသွင်မတူကွဲပြားခြားနားကြသော်လည်း ရောနှောယှက်တင် နေထိုင်တတ်ခြင်းသည် အကောင်းဆုံးသော အနေအထားဖြစ်သည်။ ထိုသို့နေထိုင်တတ်အောင် နားလည်မှု၊ စာနာထောက်ထားမှု၊ ခွင့်လွှတ်သည်းခံမှုဟူသည့် စိတ်ထားများမွေးမြူထားကြရမည်ဖြစ်သလို စိတ်ဝမ်းကွဲပြားအောင် သွေးထိုးလှုံ့ဆော်မှုများကိုလည်း သတိထားကြရမည်ဖြစ်သည်။

မည်သူမဆို ကြိုးစားလျှင်အရာရောက်နိုင်သည်ဟူသည့် ခံယူချက်ဖြင့် မှန်မှန်ကန်ကန်ကြိုးစားအားထုတ်ကြမည်ဆိုလျှင် အရာရောက်အရေးပါသူများဖြစ်နိုင်သည်။ မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်၍ မိမိတို့၏ ကြိုးစားအားထုတ်မှုကြောင့် ဖြစ်ပေါ်လာသောအောင်မြင်မှုသည် တိုင်းရင်းသားပြည်သူအားလုံးအကျိုးအတွက်ဖြစ်သည်ကို သတိမူရမည်ဖြစ်သည်။

ယခုအခါ ပြည်ထောင်စုငြိမ်းချမ်းရေးကို ရှေးရှုဆောင်ရွက်နေသော အချိန်အခါဖြစ်သည်။ ပြည်ထောင်စုကြီး ငြိမ်းချမ်းမှသာ တစ်တိုင်းပြည်လုံး သာယာဝပြောမည်ဖြစ်သည်။ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးအတွက် ငါ့လူမျိုး၊ ငါ့အယူအဆ၊ ငါ့ဝါဒတို့ကို အစွဲအလမ်းမထားဘဲ ပြည်ထောင်စုကြီးတစ်ခုလုံးအတွက်၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက်ဖြစ်သည်ဟူသော ခံယူချက်ဖြင့် အတူလက်တွဲပူးပေါင်းဆောင်ရွက်သင့်သည်။

မြန်မာဆိုသည်မှာ အချုပ်အခြာအာဏာပိုင် နိုင်ငံကြီးတစ်ခုလုံးနှင့် ၎င်းနိုင်ငံအတွင်း စုပေါင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံးကို ရည်ညွှန်းသည်။ မြန်မာဆိုသည်မှာ ဗမာလည်းမဟုတ်၊ အခြားတိုင်းရင်းသားတစ်စုတစ်ဖွဲ့လည်းမဟုတ်ချေ။ မြန်မာဆိုသည်မှာ အမည်နာမယဉ်ကျေးမှုဓလေ့စရိုက်ကွဲပြားခြားနားသော နိုင်ငံအတွင်းရှိ လူတိုင်း၊ လူတိုင်းနှင့်သက်ဆိုင်သဖြင့် မြန်မာပြည်ကြီး အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်အောင် အားလုံးအတူလက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းကြံဆောင် အားထုတ်ကြရမည်ဖြစ်သည်။ ။

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်(ရွှေဈေး) ၈၈၉၅၀၀ - ၈၈၉၅၀၀၊ မန္တလေး(ရွှေဈေး) ၈၈၉၅၀၀ - ၈၈၉၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၁၀ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၅၀/၇၆၀ ကျပ်၊ | ၈၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၂၀/၇၃၀ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၃၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၆ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၇၅ ကျပ်

**၆-၂-၂၀၁၇ ရက်နေ့မှ ၁၀-၂-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၀၅ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၆၈၈ ကျပ် ဖြစ်ပါသည်** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၄၁. ၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇. ၆၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၈. ၇၈၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅. ၆၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၃၀၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၉၇. ၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈. ၃၅ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၉. ၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၅. ၉၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ်မှ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရန်ကုန်တက္ကသိုလ် ပင်လုံဆောင်ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**
ရန်ကုန်တက္ကသိုလ် ပင်လုံဆောင်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ် ပင်လုံဆောင်၌ ကျင်းပသည်။

အခမ်းအနားကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၊ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခဌာနမှူး ဒေါက်တာနော်ဂျူးဖောနှင့် အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာန ညွှန်ကြားရေးမှူး ဒေါက်တာပိုးပိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး သုံးခွမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်က ပင်လုံဆောင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်တို့က အဖွင့်အမှာစကားပြောကြားကြပြီး ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခ ဌာနမှူးနှင့် အင်္ဂလိပ်ဘာသာစကားအမျိုးသား ဗဟိုဌာန ညွှန်ကြားရေးမှူးတို့က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အလှူရှင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး အင်္ဂလိပ်စာ ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

အဆိုပါ ပင်လုံဆောင်တွင် ဘွဲ့ကြို၊ ဘွဲ့လွန် အင်္ဂလိပ်စာ အထူးပြု ကျောင်းသားများအတွက် ဘာသာရပ်များ သင်ကြားပို့ချလျက်ရှိပြီး ခေတ်နှင့်အညီ တိုးတက်လာသည့် မြန်မာနိုင်ငံ၏လိုအပ်ချက်နှင့်ကိုက်ညီသည့် English for Occupational Purposes(EOP)၊ English for Professional Purposes(EPP) အထူးပြုဘာသာရပ်များ၊ Intercultural Communication၊ Academic Writing အစရှိသည့် ဘာသာရပ်သစ်များကို တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ပါရဂူသင်တန်းသားများအတွက် English for Prelim ပို့ချပေးခြင်း၊ ဘွဲ့ကြိုသင်တန်းသားများအတွက် Foundation English ကိုလည်း နိုင်ငံတကာအဆင့်မီဖြစ်စေရန် ပြောင်းလဲသင်ကြားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ငြိမ်းချမ်းရေးအထိမ်းအမှတ် ပင်လုံဆောင်ကြီးကို အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်ခြင်းသည် ပညာရေးကဏ္ဍ ဆောင်ရွက်ချက်များအနက် အောင်မြင်မှုတစ်ရပ်ဖြစ်သည့်အပြင် အင်္ဂလိပ်စာဘာသာရပ် လိုအပ်ချက်များကို ပြည့်ပြည့်ဝဝဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


သုံးခွမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင် ပင်လုံဆောင်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)


ပင်လုံဆောင်ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

## မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဦးအား မလေးရှားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

### ❐ ရှေ့ဖုံးမှ

ထို့ပြင် အဆိုပါအစီရင်ခံစာတွင် ဆက်လက်ဖြစ်ပေါ်နေမည်ဟု ယူဆရသည့် တစ်ဟုန်ထိုးတိုးတက်ပြောင်းလဲမှုများအပြီးတွင် ကြုံတွေ့နေရသည့် အခြေခံအဆောက်အအုံရှားပါးမှုများကြောင့်ဖြစ်ပေါ်လာသော မြန်မာနိုင်ငံ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့်ပတ်သက်သည့် အသေးစိတ်ဆန်းစစ်လေ့လာချက်များလည်း ပါဝင်သည်။ အခြားပါဝင်သော အကြောင်းအရာများတွင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြင့်တင်ရာတွင် အဓိကကျသော အချက်အချာကိစ္စတစ်ခုဖြစ်သည့်ဘာသာရေးနှင့် လူမှုရေးဆိုင်ရာ သဘောထားကွဲလွဲမှုများအား လျော့နည်းပပျောက်စေရန် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများလည်း ပါဝင်သည်။

အစီရင်ခံစာတွင် ပေါ်လစီပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများ ထပ်မံဖြစ်ပေါ်လာစေရန် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့်နည်းဥပဒေနှင့် စည်းမျဉ်းဆိုင်ရာဖွဲ့စည်းမှုများကို ဆက်လက်ပြုလုပ်သွားရန်ရှိကြောင်းနှင့် နိုင်ငံအတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် အားထုတ်ကြိုးပမ်းမှုများ ဆက်လက်ဖြစ်ပေါ်လာမှုနှင့်အတူ မြန်မာ့စီးပွားရေးတိုးတက်ကျယ်ပြန့်လာမှုများ၏ နောက်တစ်ဆင့်ကို မျက်မြင်ကိုယ်တွေ့တွေ့ကြုံရရန်မျှော်လင့်ပါကြောင်း အိုဘီဂျီမှ Managing Editor for Asia ဖြစ်သူ Paulius Kuncinas က ပြောကြားခဲ့သည်။

စီးပွားရေးဆိုင်ရာဖြေလျှော့မှုများအရှိန်ရလာမှုနှင့်အတူ ရင်းနှီးမြှုပ်နှံမှုများလည်း မြင့်တက်လာပြီး မိမိတို့ အစီရင်ခံစာအနေဖြင့် မြန်မာနိုင်ငံသည် ဆယ်စုနှစ်များစွာ သီးသန့်ရပ်တည်လာပြီးတဲ့နောက် ရင်းနှီးမြှုပ်နှံရန် အကောင်းမွန်ဆုံး ခေတ်ကာလတစ်ခုကို ရောက်ရှိလာပြီဖြစ်ကြောင်း ပြောကြားသည်။

အိုဘီဂျီမှ သုတေသနအဖွဲ့၏ တစ်နှစ်နီးပါးပြုလုပ်ထားသည့် ဆန်းစစ်လေ့လာချက်များပါဝင်ပြီး ထုတ်ပြန်ချက်တွင် မက်ခရိုစီးပွားရေး၊ အခြေခံအဆောက်အအုံ၊ ဘဏ်လုပ်ငန်းနှင့် အခြားသောကဏ္ဍအလိုက်တိုးတက်မှုများ အပါအဝင် စီးပွားရေးကဏ္ဍတစ်ခုလုံး၏ ဦးတည်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်မှုများအပေါ် ခန့်မှန်းချက်များလည်း ပါဝင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ဝိုင်းမော်မြို့နယ်အတွင်းရှိ စစ်ရှောင်စခန်းများသို့ ဆန်အိတ်များ ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၄**
ဝိုင်းမော်မြို့နယ်အတွင်းရှိ ခတ်ချိုကျေးရွာ စစ်ရှောင်စခန်းနှင့် မိုင်းနားကျေးရွာ စိန့်ဂျိုးဇက်စစ်ရှောင်စခန်းတို့ရှိ စစ်ရှောင်မိသားစုများအတွက် ဆန်အိတ်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၃ ရက်တွင် သွားရောက်ထောက်ပံ့ပေးအပ်ကြသည်။

ရှေးဦးစွာ ခတ်ချိုကျေးရွာ စစ်ရှောင်စခန်း၌ စစ်ရှောင်မိသားစုများအား ဆန်အိတ်များထောက်ပံ့ပေးအပ်ခြင်း၊ မိသားစုများ ရေရှည်ရပ်တည်နေထိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်ပေးနေမှုအခြေအနေများကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အိမ်ထောင်စု ၁၀၂ စုအတွက် တစ်အိမ်ထောင်လျှင် ဆန်ခြောက်ပြည်နှုန်းဖြင့် ဆန် ၂၆ အိတ်ကို ထောက်ပံ့ပေးအပ်ရာ စခန်းတာဝန်ခံက လက်ခံရယူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်ရှောင်မိသားစုများ စီမံဆောင်ရွက်ပေးထားသော တစ်နိုင်တစ်ပိုင်လုပ်ငန်းဖြစ်သည့် ပယင်းသွေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မိုင်းနားကျေးရွာ စိန့်ဂျိုးဇက်စစ်ရှောင်စခန်း၌ မိသားစုဝင်များနှင့် တွေ့ဆုံကာ ပြည်နယ်ဝန်ကြီးချုပ်က အိမ်ထောင်စု ၂၆၂ စုအတွက် တစ်အိမ်ထောင်လျှင် ဆန်ခြောက်ပြည်နှုန်းဖြင့် ဆန် ၆၆ အိတ်ကို ထောက်ပံ့ပေးအပ်ပြီး စခန်းအတွင်းရှိ ယာယီမိုးကာတဲများဖြင့် နေရာချထားပေးသည့် မိသားစုဝင်များအား လိုက်လံတွေ့ဆုံ အားပေးစကားပြောကြားသည်။



အဆိုပါစစ်ရှောင်စခန်းများရှိ မိသားစုဝင်များသည် ၂၀၁၁ ခုနှစ် ဇွန်လအတွင်း စစ်ရေးပဋိပက္ခဖြစ်ပွားမှုကြောင့် ၎င်းတို့၏ နေရပ်ဖြစ်သည့် စံပိုင်၊ ဂါးရာယန်၊ ဒဘတ်ယန်၊ ရွှေညောင်ပင်၊ မလိ၊ ကန်တော်ယန်၊ နန်ဆန်ယန်၊ မလန်းယန်၊ ရှဒန်ပါ၊ နားလုံ၊ သင်းမဂျိုင်း၊ တာဆိုင်နှင့် တာလောကြီးကျေးရွာတို့မှ နေရပ်စွန့်ခွာခဲ့ကြပြီး ယခုအခါတွင် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ UN, NGOs, INGOs အဖွဲ့များမှ ထောက်ပံ့မှုတို့ဖြင့် ရေရှည်ရပ်တည်နေထိုင်ရေးအတွက် ဝက်မွေးမြူရေးလုပ်ငန်း၊ ပယင်းသွေးခြင်းလုပ်ငန်းနှင့် အရင်းမပျောက်မတည်ငွေများ ထောက်ပံ့မှုဖြင့် မိသားစုများဝင်ငွေတိုးပွားရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က စီမံဆောင်ရွက်ပေးလျက်ရှိသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းမှ ကဗျာ၊ သီချင်း၊ ပုံပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ကဝ ဖေဖော်ဝါရီ ၁၄**
ကဝမြို့နယ် လူမှုဝန်ထမ်းအသိအမှတ်ပြု မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းမှ သားငယ် သမီးငယ်လေးများ၏ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေးကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကဗျာ၊ သီချင်း၊ ပုံပြောပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကြိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းမြလူ၊ မူကြိုကျောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုံးကျော်တို့က အဖွင့်အမှာစကားပြောကြားကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများအသီးသီး ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ ဖေဖော်ဝါရီ ၁၄**
ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသော ဒေါင်းရပ်အနောက်ကျေးရွာသို့ မြို့နယ်စီမံကိန်းဝန်ထမ်းများက ဖေဖော်ဝါရီ ၈ ရက်တွင် သွားရောက်၍ ကျေးရွာမြစိမ်းရောင်ကော်မတီဝင်များနှင့်တွေ့ဆုံပြီး ငွေစာရင်းဇယားထားရှိမှုများကိုစစ်ဆေးပြီး ချေးငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာသူ ကျေးရွာသားများ၏ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မောင်သိန်း)**

# အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေးအရာရှိ ရာထူးမှနုတ်ထွက်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၄**
အမျိုးသားလုံခြုံရေးအကြံပေးအရာရှိ မိုက်ကယ်ဖလင်းသည် တနင်္လာနေ့တွင် ရာထူးမှနုတ်ထွက်သွားပြီဖြစ်ကြောင်း အိမ်ဖြူတော်က ထုတ်ပြန်ကြေညာသည်။

သမ္မတဒေါ်နယ်လ်ထရန့်က အငြိမ်းစားဗိုလ်ချုပ်ကြီး ကိတ်သ် ကယ်လော့ဂ်ကို ယာယီအမျိုးသားလုံခြုံရေးအကြံပေးအဖြစ် ခန့်အပ်လိုက်သည်။

ဖလင်းသည် အမေရိကန်က ရုရှားနိုင်ငံကို စီးပွားရေးပိတ်ဆို့အရေးယူမှုများနှင့်ပတ်သက်၍ ၎င်းနှင့် ရုရှားသံအမတ်ကြီးတို့ ဆွေးနွေးမှုများကို ဖုံးကွယ်ထားသည်ဟု စွပ်စွဲခံခဲ့ရသည်။

ဖလင်းက အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့် ဖုန်းဆက်သွယ်ပြောဆိုသည့် သတင်းအချက်အလက်များကို ဒုတိယသမ္မတနှင့် အခြားအရာရှိများကို အမှုမဲ့အမှတ်မဲ့ဖြင့် ပြည့်ပြည့်စုံစုံ မတင်ပြမိခဲ့ကြောင်း ၎င်း၏ နုတ်ထွက်စာတွင် ဖော်ပြထားသည်။ ဖလင်းသည် ကနဦးက ပိတ်ဆို့အရေးယူမှုနှင့်ပတ်သက်ပြီး ရုရှားသံအမတ်ကြီးနှင့် ဖုန်းပြောဆိုရန် ဒီဇင်ဘာလတွင် ငြင်းဆိုခဲ့သည်။

ယင်းပြဿနာသည် အခြေအနေရှုပ်ထွေးမှုကို ဖြစ်ပေါ်စေပြီး ဖလင်းအကြောင်းနှင့်ပတ်သက်ပြီး ထရန့်လည်း စိတ်ကသိကအောက်ဖြစ်ရသည်ဟု အမေရိကန်သတင်းမီဒီယာများက ဖော်ပြသည်။

ဖလင်းသည် အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်ပြီး ကာကွယ်ရေးထောက်လှမ်းရေးအေဂျင်စီ ညွှန်ကြားရေးမှူးချုပ်ဟောင်းတစ်ဦးလည်းဖြစ်သည်။ ၎င်းသည် လွန်ခဲ့သည့်နှစ်ရွေးကောက်ပွဲကာလအစောပိုင်းကတည်းက ထရန့်ကို တက်တက်ကြွကြွထောက်ခံခဲ့သူတစ်ဦးဖြစ်ပြီး အစိုးရအဖွဲ့ကို အနီးကပ်အကြံပေးခဲ့သူဖြစ်သည်။ ဖလင်းနုတ်ထွက်သွားခြင်းကြောင့်ထရန့်အစိုးရအဖွဲ့အပေါ် ဆိုးကျိုးကြီးကြီးမားမား သက်ရောက်လာနိုင်သည်ဟု ယူဆရသည်။ **အင်န်အိတ်ချ်ကေ။**






# ဗင်နီဇွဲလား ဒုတိယသမ္မတအား အမေရိကန်က နာမည်ပျက်စာရင်းသွင်း

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၄**
ဗင်နီဇွဲလားဒုတိယသမ္မတ တာရတ်အယ်လ်အိုင်ဆာမီအား မူးယစ်ဆေးဝါးမှောင်ခိုသူအဖြစ် နာမည်ပျက်စာရင်းသွင်းရန် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်၏ အစိုးရအဖွဲ့ကဆုံးဖြတ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗင်နီဇွဲလား သမ္မတ နီကိုလပ်စ်မာရူဒို၏ အစိုးရအဖွဲ့မှ ထိပ်တန်းတာဝန်ရှိသူ တစ်ဦးကို မူးယစ်ဆေးဝါးကုန်သွယ်မှုနှင့် ငွေကြေးခဝါချမှုစွဲချက်များအရ နာမည်ပျက်စာရင်းတွင် ထည့်သွင်းလိုက်ခြင်းဖြစ်သည်ဆို၏။

ပြည်ပ မူးယစ်ဆေးဝါးလုပ်ကိုင်သူများ အက်ဥပဒေအရ ဗင်နီဇွဲလား ဒုတိယသမ္မတ အိုင်ဆာမီအား အရေးယူပိတ်ဆို့မည်ဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဌာနက ပြောကြားသည်။ အိုင်ဆာမီ၏ လှုပ်ရှားမှုများအတွက် ရုပ်ဝတ္ထုပိုင်းနှင့် ဘဏ္ဍာရေးတို့အရ ထောက်ပံ့ပေးသူ ဆာမက်ဟိုဆေးလိုပက်ဇ်ဘယ်လိုဆိုသူကိုလည်း ဒုတိယသမ္မတ၏ အပေါင်းပါအဖြစ် အမည်ပျက်စာရင်းတွင် ထည့်သွင်းကြောင်း ဘဏ္ဍာရေးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

လိုပက်ဇ်ဘယ်လို ပိုင်ဆိုင်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းအောက်ရှိ ကုမ္ပဏီ ၁၃ ခုကို အရေးယူဒဏ်ခတ်ရန်လည်း အမေရိကန်က စီစဉ်ထားသည်။

အဆိုပါ ကုမ္ပဏီများသည် ဗြိတိသျှဗာဂျင်ကျွန်းစု၊ ပနားမား၊ ဗြိတိန်၊ အမေရိကန်နှင့် ဗင်နီဇွဲလားတို့ အကျုံးဝင်ပါရှိသော နိုင်ငံတကာ ကွန်ရက်တွင် ပါဝင်လှုပ်ရှားနေကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ဗင်နီဇွဲလား လေတပ်စခန်းတစ်ခုမှ ထွက်ခွာသော လေယာဉ်များနှင့်အတူ မူးယစ်ဆေးဝါးများကို ပြည်ပသို့ ပို့ဆောင်ရာတွင်လည်းကောင်း၊ ဗင်နီဇွဲလားရှိ ပင်လယ်ဆိပ်ကမ်းများမှတစ်ဆင့် မူးယစ်ဆေးဝါးမှောင်ခိုထုတ်သည့်လမ်းကြောင်းများကို ထိန်းချုပ်ရာတွင်လည်းကောင်း ဒုတိယသမ္မတ အိုင်ဆာမီက အထောက်အကူပေးခဲ့ကြောင်း အမေရိကန်အစိုးရ အထက်တန်းတာဝန်ရှိသူတစ်ဦးက သတင်းထောက်များအား ပြောကြားသည်။

ဗင်နီဇွဲလားမှ ပြည်ပသို့ မူးယစ်ဆေးဝါး ကီလိုဂရမ် ၁၀၀၀ ကျော် တင်ပို့ခဲ့သည့် ဖြစ်စဉ်များတွင် အိုင်ဆာမီက ကြီးကြပ်ခြင်း သို့မဟုတ် တစ်စိတ်တစ်ဒေသပိုင်ဆိုင်ခြင်းရှိကြောင်း၊ မက္ကဆီကိုနှင့် အမေရိကန်ပြည်ထောင်စုတို့သည် မူးယစ်ဆေးဝါးမှောင်ခိုမှု၏ပစ်မှတ်များဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဌာနက ပြောကြားသည်။ **ရိုက်တာ။**

# ထိုင်း၌ ဒီမိုကရေစီစနစ်ပြန်လည်ကျင့်သုံးရေး အမေရိကန်ရေတပ်ဗိုလ်ချုပ် ဟာရီဟဲရစ် တိုက်တွန်း

**ဗန်ကောက် ဖေဖော်ဝါရီ ၁၄**
ထိုင်းနိုင်ငံ၌ ဒီမိုကရေစီစနစ်ပြန်လည်ကျင့်သုံးရန် အရေးကြီးပုံကို အမေရိကန်ရေတပ်ဗိုလ်ချုပ် ဟာရီဟဲရစ်က တိုက်တွန်းပြောကြားကြောင်း၊ ထိုင်းနှင့် အမေရိကန်တို့၏ နှစ်ပတ်လည် ပူးတွဲစစ်ရေးလေ့ကျင့်မှု ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်သူ ပစိဖိတ်ဒေသစစ်ဌာနချုပ်၏ တပ်မှူးဖြစ်သူ ဗိုလ်ချုပ်ဟဲရစ်က ယင်းသို့ တိုက်တွန်းခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖေဖော်ဝါရီ ၁၄ ရက်တွင် ရေးသားဖော်ပြသည်။

'ရွှေမြွေဟောက်'ဟု အမည်ပေးထားသော ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် အာရှ-ပစိဖိတ်ဒေသ၌ ပြုလုပ်ခဲ့ဖူးသမျှ စစ်ရေးလေ့ကျင့်မှုများအနက် အကြီးကျယ်ဆုံးဖြစ်ပြီး တရုတ်၊ အိန္ဒိယနှင့် မလေးရှားနိုင်ငံတို့ အပါအဝင် ကမ္ဘာ့နိုင်ငံ ၂၉ နိုင်ငံတို့က ပါဝင်ခြင်း သို့မဟုတ် လေ့လာစောင့်ကြည့်ခြင်း ပြုလုပ်သည်။

အာရှတိုက်၏ အကြီးဆုံး နိုင်ငံတကာစစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်၏ပါဝင်မှုကို အဆင့်လျှော့ချထားသည်။ ယင်းမှာ ထိုင်းနိုင်ငံအပေါ် ဖိအားပေးလိုခြင်းကြောင့်ဖြစ်သည်ဆို၏။



ဒီမိုကရေစီစနစ် ပြန်လည်သက်ဝင်လာသည့် ထိုင်းနိုင်ငံကို မိမိတို့ ပြန်လည်တွေ့မြင်လိုကြောင်း၊ အင်အားခိုင်မာတောင့်တင်းပြီး တည်ငြိမ်မှုရှိသည့် နိုင်ငံအဖြစ်ရပ်တည်ရေးတွင် ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရန် လိုအပ်ကြောင်း အမေရိကန် ရေတပ်ဗိုလ်ချုပ်က ပြောကြားသည်။

ဗိုလ်ချုပ်ဟဲရစ်သည် ထိုင်းတပ်မတော်အစိုးရအဖွဲ့ခေါင်းဆောင် ပရာယွတ်ချန်အိုချာအား မြို့တော်ဗန်ကောက်၌ တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

ဖေဖော်ဝါရီ ၁၄ ရက်တွင် စတင်သည့် ရွှေမြွေဟောက် စစ်ရေးလေ့ကျင့်မှု ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် အမေရိကန်အစိုးရက ရေတပ်ဗိုလ်ချုပ်ဟဲရစ်အား စေလွှတ်ခဲ့သည်။ ဗိုလ်ချုပ်ဟဲရစ်သည် ထိုင်းနိုင်ငံ၌ ၂၀၁၄ခုနှစ်တွင် အာဏာသိမ်းပွဲပေါ်ပေါက်ခဲ့ပြီးချိန် နောက်ပိုင်း ယင်းနိုင်ငံသို့ လာရောက်သည့် အမေရိကန်အထက်တန်း တာဝန်ရှိသူတစ်ဦးဖြစ်သည်။

**ရိုက်တာ။**

# နျူကလီးယားသဘောတူညီချက်အပေါ် အီရန်ဒုသမ္မတ မှတ်ချက်ပေး

**တီဟီရန် ဖေဖော်ဝါရီ ၁၄**
အီရန်နိုင်ငံနှင့် ရရှိထားသည့် နိုင်ငံတကာ နျူကလီးယား သဘောတူညီချက်ကို နိုင်ငံတစ်နိုင်ငံ၏ ဆုံးဖြတ်ချက်ဖြင့် ပယ်ဖျက်မရနိုင်ကြောင်း အီရန် ဒုတိယသမ္မတက ပြောကြားသည်။

အထက်ပါမှတ်ချက်ကို အီရန် ဒုတိယသမ္မတ ရှုဟင်ဒတ် မိုလာဘဒီက အင်္ဂါနေ့တွင် အင်န်အိတ်ချ်ကေ သတင်းဌာနနှင့်ပြုလုပ်သည့် အင်တာဗျူးတွင် ပြောကြားသည်။ အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်က သမ္မတဟောင်း အိုဘားမားနှင့် ရရှိထားသည့် အီရန်နျူကလီးယားသဘောတူညီချက်ကို ပယ်ဖျက်သွားဖွယ်ရှိကြောင်း ပြောကြားထားသည်။

လက်ရှိအခြေအနေအပေါ် အပြောင်းအလဲဖြစ်ပေါ်လာလျှင် အီရန်နိုင်ငံက လိုအပ်သလို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုလာဘဒီက ပြောကြားသည်။

အမျိုးသမီးများနှင့် မိသားစုရေးရာကိစ္စရပ်များ တာဝန်ယူဆောင်ရွက်ရသည့် အီရန်ဒုတိယသမ္မတ မိုလာဘဒီသည် လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု မြှင့်တင်ရေး နိုင်ငံတကာ အစည်းအဝေးတက်ရောက်ရန် ဂျပန်နိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# အငြင်းပွားကျွန်းများကို ရုရှားက နာမည်ပေးမှု ဂျပန်အစိုးရ တရားဝင်ကန့်ကွက်

**တိုကျို ဖေဖော်ဝါရီ ၁၄**
ဂျပန်နိုင်ငံက ၎င်းပိုင်ဆိုင်သည်ဟုဆိုပြီး ရုရှားက ထိန်းချုပ်ထားသော လူသူနေထိုင်ခြင်းမရှိသည့် ကျွန်းစုများအနက်မှ ကျွန်းငါးကျွန်းကို ရုရှားအစိုးရက အမည်ပေးရန် ဆုံးဖြတ်လိုက်ခြင်းနှင့်ပတ်သက်၍ ဂျပန်အစိုးရက တရားဝင်ကန့်ကွက်လိုက်ကြောင်း အစိုးရအထက်တန်းပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

ဂျပန်နိုင်ငံမြောက်ပိုင်းပင်လယ်ကမ်းလွန်ရှိ ကျွန်းငါးကျွန်းကို ရုရှားနိုင်ငံက အမည်နာမပေးရန်ဆုံးဖြတ်ခြင်းသည် ယင်းကျွန်းများအပေါ် ဂျပန်၏ရပ်တည်ချက်ကို ဆန့်ကျင်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ မိမိတို့က သံတမန်နည်းလမ်းများအရ တရားဝင်ကန့်ကွက်ကြောင်း ဂျပန်အစိုးရအဖွဲ့ အတွင်းဝန်ချုပ်ယိုရှီဟီဒဆုဂက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုးကျွန်း၏ ကမ်းလွန်ဒေသတွင် တည်ရှိသည့် ကျွန်းစုများပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဂျပန်နှင့်ရုရှားနိုင်ငံတို့က အငြင်းပွားလျက်ရှိကြသည်။ ယင်းဒေသကို ဂျပန်နိုင်ငံက မြောက်ပိုင်းနယ်မြေများဟု ခေါ်တွင်ပြီး ရုရှားနိုင်ငံက တောင်ပိုင်းကူရိုင်းကျွန်းစုဟု ခေါ်ဝေါ်သည်။

ယင်းကျွန်းစုများပိုင်ဆိုင်မှု အငြင်းပွားမှုသည် ဂျပန်နှင့်ရုရှားနိုင်ငံအကြား ဒုတိယကမ္ဘာစစ်အလွန် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် အဟန့်အတားတစ်ရပ်ဖြစ်ခဲ့သည်။ **ရိုက်တာ။**

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေး



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မိမိတို့တိုင်းပြည်ဝင်ငွေတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ တိုးပွားစေပြီး ဒေသခံအခြေခံလူတန်းစားများအပေါ် အလျင်အမြန် အကျိုးပြုမည့် သဘာဝခရီးသွားလာရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် အကောင်အထည်ဖော် ပေးသင့်ပါကြောင်း မိုးကုတ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်က ယနေ့ကျင်းပသည့်ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဌမမြောက်နေ့တွင် ဆွေးနွေးပြောကြားသည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်တင်သွင်းသည့် **မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ပုံတောင်ပုံညာဒေသအား Eco-Tourism ( ဂေဟ အကျိုးပြုခရီးသွားလုပ်ငန်း) ဒေသအဖြစ်သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးကြစဉ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်က ယင်းသို့ ဆွေးနွေးပြောကြားလိုက်ခြင်း ဖြစ်သည်။

ပုံတောင်ပုံညာဒေသသည် တောင်တန်းဒေသ သဘာဝပတ်ဝန်းကျင်သာယာလှပခြင်း၊ အဖိုးတန်သစ်ထွက်ရှိခြင်း၊ ပရိုင်းမိတ်များရှိခြင်း ၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ တိုင်းရင်းသားပေါင်းစုံရှိခြင်းစသည့် ခရီးသွားလာရေးအတွက် အခြေခံကောင်းများရှိသောဒေသဖြစ်သည်ကို တွေ့ရပါကြောင်း၊ ဤနေရာတွင် ပြည်တွင်း ပြည်ပခရီးသွားလာမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအတွင်းမှာရှိသည့် အခြားဒေသများသည်လည်း သဘာဝခရီးသွားလာရေးဒေသအပြင် ဒေသအကျိုးပြု ခရီးသွားလာရေးအတွက် အခြေခံကောင်းများရှိသည့် ဒေသများကိုလည်း တွေ့ရှိရပါကြောင်း၊ ထို့အတွက် သဘာဝအခြေခံခရီးသွားလာရေးလုပ်ငန်းကို အကောင်အထည်ဖော်ပေးမည်ဆိုပါက ပြည်သူများကို အလျင်အမြန် တိုက်ရိုက်အကျိုးပြုမည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ယင်းဒေသတွင် သွားလာမည်ဆိုပါက အငှားယာဉ်လုပ်ငန်းများ၊ အိမ်တွင်းလက်မှုလုပ်ငန်းမှ ထုတ်လုပ်သည့် ဒေသအမှတ်တရပစ္စည်းလုပ်ငန်းများ၊ ဒေသထွက်အစားအစာများ၊ စားသောက်ဆိုင်နှင့် တည်းခိုဆောင်များစသည်အားဖြင့် လုပ်ငန်းငယ်များကို တိုက်ရိုက်အကျိုးပြုသည့်အပြင် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများကိုပါ အကျိုးပြုသည့်ကိစ္စလည်းဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ဦးအောင်နိုင်က ထည့်သွင်းဆွေးနွေးသည်။

တွံတေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်က ယနေ့ကာလတွင် ကမ္ဘာတစ်ဝန်း၌ နိုင်ငံအတော်များများသည် ကမ္ဘာလှည့်ခရီးသည်များကို အပြိုင်အဆိုင်စည်းရုံးနေရပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းလုပ်ငန်းသည် အရင်းအနည်းဆုံးထည့်ပြီး အမြတ်အများဆုံးရနိုင်သည့် လုပ်ငန်းဖြစ်သောကြောင့် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးစနိုင်ငံများတွင် ယခုကဲ့သို့ ကမ္ဘာလှည့်ခရီးသွားများ များနိုင်သမျှ များများဝင်လာစေရန် စည်းရုံးကြရမည်ဖြစ်ပါကြောင်း၊ ၁၉၉၆ ခုနှစ်ကတည်းက နိုင်ငံတကာခရီးသွားနှစ်ဟူ၍ ကြိုးစားခဲ့ဖူးပါကြောင်း၊ သို့သော် မျှော်မှန်းခဲ့သလောက် ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်ခဲ့ခြင်း မရှိပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ဝင်ငွေများကို နှိုင်းယှဉ်ကြည့်ရမည်ဆိုပါက အမေရိကန်ပြည်ထောင်စုသို့ ကမ္ဘာလှည့်ခရီးသွား ၇၇ သန်း ဝင်ရောက်ခဲ့ပါကြောင်း၊ ထိုင်းနိုင်ငံသို့ ၂၉ သန်း ဝင်ရောက်ခဲ့ပါကြောင်း ၊ မိမိတို့နိုင်ငံသို့ ၄ သန်းကျော်သာ ဝင်ရောက်ခဲ့ပါကြောင်း၊ ထိုမှရသည့်ဝင်ငွေသည် အမေရိကန်ပြည်ထောင်စုက ၉၁ ဘီလီယံဒေါ်လာ ကျော်ရရှိပြီး ထိုင်းနိုင်ငံက ၄၄ ဘီလီယံဒေါ်လာ ရရှိကာ မိမိတို့နိုင်ငံက ၂ ဘီလီယံဒေါ်လာသာ ရရှိခဲ့ပါကြောင်း၊ ယင်းအချက်မှာ မိမိတို့အနေဖြင့် အများကြီး ကြိုးစားရန်လိုအပ်နေသေးသည်ကို ပြသနေခြင်းပင်ဖြစ်ပါကြောင်း၊ အဆိုရှင်၏ အဆိုကို မူအားဖြင့် သဘောတူပါကြောင်းနှင့် ဂေဟအကျိုးပြုခရီးသွားလုပ်ငန်းကို လုပ်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု၊ အခြေခံအားလုံးကို မထိခိုက်စေရန်အတွက် နိုင်ငံတော်အစိုးရက သတိထားပြီး ဆောင်ရွက်ရန်တိုက်တွန်းလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းအဆိုအပေါ် လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင်၊ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးနှင့် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးတို့က ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အဆိုရှင်၏ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းသည့် အဆိုနှင့်ပတ်သက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ကျွမ်းကျင်သူများဖြင့် ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ပြီးမှသာ သတ်မှတ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အနာဂတ်ကာလတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ အခြားသက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းနှင့် လတ်တလောကာလတွင် အဆိုကို မှတ်တမ်းတင်ထားရှိပေးပါရန် တင်ပြရာ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောတူညီမှုကိုရယူပြီး အဆိုကိုမှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုနှင့် မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်းတို့၏ ခရီးသွားလုပ်ငန်း၊ သစ်တောမြေများ နှစ်ရှည်ငှားရမ်းမှုနှင့် ကြေးနီစီမံကိန်း အကျိုးအမြတ်ဆိုင်ရာမေးခွန်းများကို ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

# အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဌမနေ့ကျင်းပ



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း။

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဂုတ်တွင်းလမ်းပိုင်းရှိ ယာဉ်ကြောပိတ်ဆို့မှု ဖြေရှင်းနိုင်ရန်အတွက် နောင်ချိုမြို့ ရှောင်ကွင်းလမ်း ၁၃ မိုင်အရှည်ရှိသည့် ဂုတ်တွင်းတံတားအသစ် (ပေ ၂၈၅၅) အား အသေးစိတ်တိုင်းတာတွက်ချက်လျက်ရှိပြီး လုပ်ငန်းများပြီးစီးပါက ပြင်ဦးလွင် - လားရှိုးလမ်းပိုင်းတွင် ယာဉ်ကြောပိတ်ဆို့မှုမရှိဘဲ အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ပါကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြောကြားသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၏ **မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး အဓိကလမ်းကြောင်းဖြစ်သော မန္တလေး-မူဆယ်ကားလမ်းမကြီးသည် လမ်းကြောင်းကျဉ်းခြင်း၊ ဆိုးဆိုးရွားရွား လမ်းပိတ်ဆို့ခြင်းများ မကြာခဏဖြစ်ပွားနေခြင်းကြောင့် ယခုလမ်းထက် ခရီးမိုင်ပို၍ သက်သာတိုတောင်းပြီး စိတ်ချလုံခြုံအန္တရာယ်ကင်းစွာ သွားလာအသုံးပြုနိုင်သော လမ်းကြောင်းအသစ်တစ်ခု ဖောက်လုပ်ပေးရန် အစီအစဉ် ရှိမရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အထက်ပါအတိုင်း ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ယာဉ်ကြောပိတ်ဆို့မှု မကြာခဏ ဖြစ်ပွားလျက်ရှိသော ပြင်ဦးလွင်-လားရှိုးလမ်းပိုင်းရှိ ဂုတ်တွင်းလမ်းပိုင်းသည် ယာဉ်သွားလာမှုအရေအတွက် များပြားခြင်း၊ ဖြတ်သန်းသွားလာသော မော်တော်ယာဉ်များ၏ ကြံ့ခိုင်မှုအားနည်းခြင်းနှင့် ကုန်တင်ယာဉ်မောင်းအချို့၏ ကျွမ်းကျင်မှု အားနည်းခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိပါကြောင်း။

ယခုအခါ ကုန်တင်ယာဉ်ကြီးများ ကြံ့ခိုင်မှုအားနည်း၍ တိမ်းမှောက်ခြင်း၊ စက်ချွတ်ယွင်းခြင်းများ ဖြစ်ပေါ်ပါက တန် ၅၀ ကရိန်းယာဉ် တစ်စီးအား ၂၄ နာရီ အသင့်ထားရှိ၍ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် လမ်းပြင်ဆင်ထိန်းသိမ်းခြင်းအဖွဲ့များ ပူးပေါင်းကာ အလျင်အမြန် ရှင်းလင်းဖယ်ရှားပေးလျက်ရှိသည့်အပြင် အတက်၊အဆင်း လမ်းပိုင်းများတွင် ပြေပြစ်စွာ သွားလာနိုင်ရန်အတွက်လည်း လမ်းကွေ့များတွင် နိုင်လွန်ကတ္တရာခင်းခြင်း ဆောင်ရွက်ထားပါကြောင်း။

ထို့ပြင် လားရှိုး - မူဆယ်လမ်းပိုင်းတွင် ယာဉ်ကြောပိတ်ဆို့မှု အများဆုံးဖြစ်ပွားလျက်ရှိသည့် ကွတ်ခိုင် - နမ့်ဖက်ကာလမ်းပိုင်းတွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သော်လည်း နယ်မြေလုံခြုံရေး အခြေအနေအရ ၄၈ ပေ အကျယ် လေးလမ်းသွား နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းအစား ပထမအဆင့်အနေဖြင့် လမ်းကျဉ်းသော အတက်၊အဆင်းနှင့် ကွေ့နေရာများကို မြေသားလမ်းချဲ့ခြင်း၊ ကတ္တရာလမ်း ပျက်စီးသော လမ်းပိုင်းများအား ၃၆ ပေအကျယ် ကတ္တရာလမ်း ပြန်လည်ခင်းခြင်းလုပ်ငန်းများကို ၂၀၁၇ ခုနှစ် မိုးရာသီမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၄၈ ပေအကျယ် ၄ လမ်းသွားနိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများပြီးစီးပါက ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်ကုန်တွင် ယာဉ်ကြောပိတ်ဆို့မှုများ လျော့ပါးသွားပြီး နယ်စပ်ကုန်သွယ်ရေးအတွက် ကုန်စည်စီးဆင်းမှုလည်း ပိုမိုအဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ပါကြောင်း။

မန္တလေး-လားရှိုး-မူဆယ်လမ်းမကြီးသည် မဟာဗျူဟာကျသည့် စီးပွားရေးစင်္ကြံလမ်းမကြီးဖြစ်သည့်အတွက် ရေရှည်လုပ်ငန်းတစ်ရပ်အနေဖြင့် နောက်ထပ်လမ်းကြောင်းသစ်တစ်ခု ပဏာမစူးစမ်းရှာဖွေ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖြစ်နိုင်ခြေရှိသော လမ်းကြောင်းများကို လေးလမ်းသွား အမြန်လမ်းမကြီး အဆင့်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်း၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တို့ကြားတွင် ဆက်သွယ်ဖောက်လုပ်ထားသော ကားလမ်းအား ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိမရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ကျောက်တော် - ပလက်ဝလမ်းသည် ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ လမ်းပိုင်း မိုင် ၂၀ ကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေကျပ် ၃၀၇ ဒသမ ၈၂၆ သန်းဖြင့် မိုးရာသီအတွင်း ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော ကျောက်လမ်းများအား ခွဲကျောက်ဖြည့်ခင်းခြင်း၊ လမ်းပေါက်များအား ခွဲကျောက်ဖြင့် ဖာထေးခြင်း၊ မြေထိန်းနံရံပြုလုပ်ခြင်း၊ တောင်ပြိုမြေဖယ်ရှားခြင်း၊ လမ်းတာဖို့ခြင်းနှင့် ကျောက်ခင်းခြင်း၊ တံတားဘေးကာ ပျက်စီးမှုပြုပြင်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ရန်ကျန်ရှိသောအပိုင်းများကို ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်း၊ အမာခံလမ်းနှင့် ရေထုတ်ပြွန်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ချင်းပြည်နယ်ရှိ လမ်းပိုင်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေကျပ် ၆၁၁ ဒသမ ၃၇၇ သန်းဖြင့် ကတ္တရာလမ်းခင်းခြင်း၊ အမာခံလမ်းကျောက်ခင်းခြင်း၊ အုတ်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောက်ရွက်လျက်ရှိပြီး လမ်းပိုင်း ၁၃ မိုင် ၅ ဖာလုံကို ရာသီမရွေး သွားလာနိုင်ပြီဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းခင်းခြင်း တစ်မိုင် ၅ ဖာလုံ ဆောင်ရွက်ရန် ပြည်နယ်ရန်ပုံငွေကျပ် ၂၉၂ ဒသမ ၅ သန်း လျာထားတင်ပြထားပါကြောင်း၊ ကျန်ရှိသည့်လမ်း ၉ မိုင်အား လာမည့်ဘဏ္ဍာနှစ်များတွင် ရရှိရန်ပုံငွေအပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နီနိုင်နှင့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်တို့၏ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးနှင့် တံတားများ အဆင့်မြှင့်တင်ရေးစသည့် ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ဆက်လက်၍ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဦးတင်အောင်ထွန်း၏ ဆွေးနွေးတင်ပြချက်အပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က လွှတ်တော်သို့ ဖတ်ကြားတင်ပြရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ၌ ခေတ်ကာလနှင့် လျော်ညီမှုရှိစေရန် ဥပဒေကြမ်းအမည် ပြင်ဆင်ခြင်းအတွက် ဥပဒေကြမ်းတစ်ရပ်လုံးတွင် ပါဝင်သော **ရေနံလက်ယက်တွင်း**နှင့် **လက်ယက်တွင်း**ဆိုသည့် စကားရပ်တိုင်းကို **ရေနံတွင်းတိမ်**ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်အရ စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်သည် တရားရုံးများမှ ချမှတ်သည့် ပြစ်ဒဏ်များနှင့် တူညီခြင်းမရှိသဖြင့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်နှင့် သက်ဆိုင်သော နေရာများတွင် **ပြစ်ဒဏ်**ဟု ဖော်ပြထားသည့် စကားရပ်များအစား **စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်**ဟု အသီးသီးပြောင်းလဲပြင်ဆင်ပြီးဖြစ်ပါကြောင်း စသဖြင့် လေ့လာတွေ့ရှိချက် ၄ ချက်ကို ဖတ်ကြားတင်ပြခဲ့သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

# ဥပဒေတစ်ရပ်၏ စတင်အသက်ဝင်အာဏာတည်ခြင်းဆိုင်ရာ သိကောင်းစရာ

## မောင်ဌေးဦး(စိန်ဂျွန်း)

ဥပဒေတစ်ရပ်ကို ထုတ်ပြန်ကြေညာအတည်ပြုပြဋ္ဌာန်းလိုက်၍ စတင်အကျိုးသက်ရောက်အာဏာတည်အသက်ဝင်သွားပြီးသည်နှင့် အဆိုပါ ဥပဒေမှာ ပြန်လည်မရုပ်သိမ်းသရွေ့ တည်ဆဲဥပဒေအဖြစ်သာ အချိန်ပြည့်တည်ရှိနေမည်ဖြစ်ပါသည်။ အဆိုပါ ဥပဒေကို ချိုးဖောက်ကျူးလွန်သူများနှင့် လိုက်နာရန် ပေါ့လျော့ပျက်ကွက်သူတို့သည် မည်သို့မျှအကြောင်းပြချက်ပေးခွင့်ရှိမည်မဟုတ်ဘဲ ပြစ်မှုကျူးလွန်သူများနှင့် တာဝန်ပျက်ကွက်သူများသာ ဖြစ်ပါသည်။

ထို့အတူ နည်းဥပဒေရှိမှ လိုက်နာရမည်ဟု ကန့်သတ်ပြဋ္ဌာန်းချက်မပါရှိလျှင် နည်းဥပဒေမရှိခြင်းအပေါ် ဆင်ခြေပေးခွင့်မရှိဘဲ ဥပဒေပါအတိုင်း မပျက်မကွက်လိုက်နာဆောင်ရွက်ကြရမည်သာ ဖြစ်ပါသည်။

သို့ဆိုလျှင် ဥပဒေတစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းကြသောအခါ မည်သည့် နေ့ရက်အချိန်တွင် အဆိုပါ ဥပဒေသည် စတင်အသက်ဝင်အာဏာတည်ကြောင်းသိရှိမှသာ နိုင်ငံတစ်ဝန်း လေးစားလိုက်နာနိုင်ကြမည်ဖြစ်ပါသောကြောင့် တင်ပြလိုက်ရပါသည်။

**ဥပဒေတစ်ရပ်ထုတ်ပြန်ကြေညာခြင်း**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ- ၁၀၅ တွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြု၍ ပေးပို့လာသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့မှ ၁၄ရက်အတွင်း နိုင်ငံတော်သမ္မတသည် လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်ဟု ပြဋ္ဌာန်းထားသည်။

နိုင်ငံတော်သမ္မတအနေဖြင့် ဥပဒေကြမ်းအပေါ် မိမိ၏ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့နိုင်ပါလျက် မပေးပို့ဘဲ ဥပဒေကြမ်းကိုလည်း လက်မှတ်မထိုးခြင်း၊ ထုတ်ပြန်ကြေညာခြင်းများမပြုလုပ်ခဲ့လျှင် ဥပဒေကြမ်းကို လက်ခံရရှိသည့်နေ့၏ နောက်နေ့မှ ၁၄ ရက်ပြည့်မြောက်သည့်နေ့တွင် ဥပဒေကြမ်းသည် (နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးထုတ်ပြန်ကြေညာဘိသကဲ့သို့) ဥပဒေတစ်ရပ်ဖြစ်လာမည်ဟု ပြဋ္ဌာန်းထားသည်။

ပုဒ်မ- ၁၀၆ တွင် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ရောက်ရှိလာသော ဥပဒေကြမ်းအပေါ် ပြည်ထောင်စုလွှတ်တော်မှ သမ္မတ၏ သဘောထားကို လက်ခံကာ ပြင်ဆင်ခြင်း (သို့မဟုတ်) သမ္မတ၏ သဘောထားကို လက်မခံဘဲ မူလအတိုင်း အတည်ပြုခြင်းတို့ ပြုလုပ်ရမည်။ ထို့နောက် ထိုဥပဒေကြမ်းကို နိုင်ငံတော်သမ္မတထံ ပြန်လည်ပေးပို့ရာတွင် နိုင်ငံတော်သမ္မတသည် ပြန်လည်လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာရမည်။ ထိုသို့ လက်မှတ်ရေးထိုးကြေညာခြင်း မပြုလျှင်လည်း ခုနစ်ရက်ပြည့်မြောက်သောနေ့တွင် လက်မှတ်ရေးထိုးထုတ်ပြန်ကြေညာဘိသကဲ့သို့ ဥပဒေဖြစ်လာရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

ပုဒ်မ-၁၀၇ တွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ဥပဒေများ(သို့မဟုတ်) လက်မှတ်ရေးထိုးဘိသကဲ့သို့ မှတ်ယူရမည့် ဥပဒေများသည် သီးခြားကန့်သတ်ချက် ခြွင်းချက်များ မပါရှိလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

ထို့ကြောင့် ယနေ့နိုင်ငံတော်တွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၀၇ အရ ပြဋ္ဌာန်းလိုက်သည့် ဥပဒေတစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်သည်နှင့် (အဆိုပါ ဥပဒေတွင် မည်သည့်အချိန်ကာလရောက်မှ အတည်ဖြစ်သည်ဟု သီးခြားဖော်ပြထားခြင်းမရှိလျှင်) ကြေညာသည့်နေ့၌ပင် စတင်အသက်ဝင်အာဏာတည်ကြောင်း ထင်ရှားနေပြီဖြစ်ပါသည်။

**၁၉၇၃ ခုနှစ်ကတည်းက တည်ဆဲပြဋ္ဌာန်းချက်များ**

"၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေ" ပုဒ်မ-၁၂ တွင် ဥပဒေတစ်ရပ်ရပ်၌ အခြားနည်းပြဋ္ဌာန်းထားခြင်း (ခြွင်းချက်များ သတ်မှတ်ထားခြင်းမျိုး) မရှိလျှင် အဆိုပါ ဥပဒေသည် နိုင်ငံတော်တစ်ဝန်းလုံးတွင် အာဏာတည်ကြောင်းပြဋ္ဌာန်းထားပါသည်။

ပုဒ်မ-၁၃(ဂ) တွင်လည်း ဥပဒေတစ်ရပ်ရပ်တွင် မည်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်ဟု ဖော်ပြထားလျှင် ယင်းဥပဒေသည် စတင်အာဏာတည်ရမည့်နေ့သို့ ကူးပြောင်းသည်နှင့် တစ်ပြိုင်နက် အာဏာတည်စေရမည်ဟု အတိအကျပြဋ္ဌာန်းထားပါသည်။

ပုဒ်မ-၅(က)တွင်လည်း ဥပဒေတစ်ရပ်၏ စတင်အာဏာတည်ခြင်းဆိုသည့် စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုထားရာတွင် စတင်အာဏာတည်ခြင်းဆိုသည်မှာ ဥပဒေစတင်အာဏာတည်သည့် (သို့မဟုတ်) စတင်အကျိုးသက်ရောက်သည့်နေ့ရက်ကို ဆိုလိုကြောင်း ဖွင့်ဆိုပြဋ္ဌာန်းထားပါသည်။

ထို့ကြောင့် ဥပဒေတစ်ရပ်သည် ထုတ်ပြန်ကြေညာလိုက်သည်နှင့်တစ်ပြိုင်နက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စတင်အကျိုးသက်ရောက်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ထားပါကြောင်း ထင်ရှားနေပါသည်။

**နည်းဥပဒေရှိမှ အတည်ဖြစ်သလား**

နည်းဥပဒေဆိုသည်မှာ ဥပဒေတစ်ရပ်ကို မည်သို့ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရေးဆွဲပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများဖြစ်ပါသည်။

မြန်မာနိုင်ငံသို့ ဥပဒေများစတင်ယူဆောင်ကျင့်သုံးခဲ့သော ကိုလိုနီနယ်ချဲ့တို့သည်ပင်လျှင် နည်းဥပဒေမရှိဘဲ ကျင့်သုံးခဲ့သော ဥပဒေပေါင်းများစွာ ရှိပါသည်။

ဥပဒေများတွင် နည်းဥပဒေရှိမှ ကျင့်သုံးရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိသဖြင့် နည်းဥပဒေမရှိလျှင်လည်း ဥပဒေများကို ကျင့်သုံးလိုက်နာခဲ့ကြရပါသည်။ ယခုအခါ အများအပြားအရေးယူလျက်ရှိသည့် ဆက်သွယ်ရေးဥပဒေပုဒ်မ-၆၆(ဃ)မှာ နည်းဥပဒေသီးခြားပြဋ္ဌာန်းထားခြင်းမရှိပါဘဲ ကျင့်သုံးနေကြောင်း သာဓကတင်ပြပါသည်။

သို့သော် မြန်မာ့ဥပဒေသမိုင်းတွင် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေမှာ (၂-၁၂-၂၀၁၁) ရက်နေ့တွင် နိုင်ငံအဝှမ်း စတင်အကျိုးသက်ရောက်အာဏာတည်အသက်ဝင်ခဲ့ပါလျက် နည်းဥပဒေမရှိသောကြောင့်ဟု အကြောင်းပြကာ ကျင့်သုံးခွင့်မရနိုင်ခဲ့ခြင်းမှာ အံ့ဩဖွယ်ကောင်းသော မှတ်တမ်းဖြစ်ခဲ့ရပါသည်။ (၅-၇-၂၀၁၂) ရက်နေ့တွင် နည်းဥပဒေပြဋ္ဌာန်းပြီးနောက်မှသာ ပြည်သူများမှာ ဥပဒေပါအခွင့်အရေးကို ခံစားခွင့်ရခဲ့ကြပါသည်။

မသိနားမလည်သူများခမျာ နည်းဥပဒေမရှိလျှင် ဥပဒေများသည် အသက်မဝင်၊ အာဏာမတည်ဟုပင် ထင်ယောင်ထင်မှားဖြစ်ခဲ့ရသည်အထိ မမှန်မကန်သက်ရောက်ခဲ့ရပါသည်။

နည်းဥပဒေမရှိလျှင်လည်း ဥပဒေများမှာ တည်မြဲသက်ရောက်ပါသော်လည်း နည်းဥပဒေလိုအပ်သည့် ဥပဒေများကို ကျင့်သုံးသည့်အခါ နည်းဥပဒေရှိလျှင် ပိုမိုအဆင်ပြေနိုင်သကဲ့သို့ ပိုမိုလည်း မျှတမှန်ကန်မှုကို ရရှိစေနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ဥပဒေများကို စတင်ရေးဆွဲပြဋ္ဌာန်းစဉ်ကတည်းက နည်းဥပဒေမရှိလျှင်လည်း အဆင်ပြေချောမွေ့မျှတမှန်ကန်စွာ ကျင့်သုံးနိုင်စေရန် ရေးဆွဲကြရန် လိုအပ်ပါသည်။ နည်းဥပဒေ မဖြစ်မနေလိုအပ်မည့် ဥပဒေများအတွက် (သို့မဟုတ်) နည်းဥပဒေအရေးပေါ် ရေးဆွဲရန်၊ ဖြည့်စွက်ပြင်ဆင်ပေးရန် လိုအပ်သည့် အခြေအနေများအတွက် အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးရန် တာဝန်ယူတာဝန်ခံဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**နိဂုံး**

နည်းဥပဒေမဆိုထားနှင့် ဥပဒေပြဋ္ဌာန်းထားခြင်းမရှိသည့် အကြောင်းအရာများ၊ ကိစ္စရပ်များ ပေါ်ပေါက်ခဲ့လျှင်ပင် တာဝန်ရှိသူများအနေဖြင့် တာဝန်ရှောင်လွှဲကြရန် အကြောင်းမရှိဘဲ တရားမျှတခြင်း (Justice)၊ သာတူညီမျှခြင်း (Equity) နှင့် မွန်မြတ်သောရည်ရွယ်ချက် (Good Conscience) တို့ကို အခြေပြု၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးငှာ ရိုးသားဖြောင့်မတ်စွာ ထမ်းရွက်ကြရန်မှတစ်ပါး အခြားမရှိပါ။

သို့ဖြစ်ပါ၍ နည်းဥပဒေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အတည်ပြုထုတ်ဖော်ကြေညာလိုက်သော ဥပဒေတစ်ရပ်သည် အသက်ဝင်အာဏာတည်သွားပြီးဖြစ်သောကြောင့် မည်သူမျှဥပဒေ၏ အထက်မှ ဆင်ခြေပေးရှောင်ရှား၍ မရနိုင်ဘဲ နိုင်ငံသားအားလုံး ကျောသားရင်သား မခွဲခြားဘဲ တရားမျှတစွာ ခံစားခွင့်ရရှိကြရန်နှင့် လေးစားလိုက်နာကြရန်သာ ရှိပါကြောင်း။ ။

**ဥပဒေတစ်ရပ်ကို ထုတ်ပြန်ကြေညာအတည်ပြုပြဋ္ဌာန်းလိုက်၍ စတင်အကျိုးသက်ရောက် အာဏာတည်အသက်ဝင်သွားပြီးသည်နှင့် အဆိုပါဥပဒေမှာ ပြန်လည်မရုပ်သိမ်းသရွေ့ တည်ဆဲဥပဒေအဖြစ်သာ အချိန်ပြည့်တည်ရှိနေမည်ဖြစ်ပါသည်။ အဆိုပါဥပဒေကို ချိုးဖောက်ကျူးလွန်သူများနှင့်လိုက်နာရန် ပေါ့လျော့ပျက်ကွက်သူတို့သည် မည်သို့မျှ အကြောင်းပြချက်ပေးခွင့်ရှိမည်မဟုတ်ဘဲ ပြစ်မှုကျူးလွန်သူများနှင့် တာဝန်ပျက်ကွက်သူများသာဖြစ်။**



## မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် ရန်ကုန်ကလေးဆေးရုံကြီး ခုတင်(၅၀၀)တွင် ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ်အခမ်းအနားကိုယမန်နေ့ ညနေ ၃ နာရီက ရန်ကုန်ကလေးဆေးရုံကြီးခုတင်(၅၀၀)တွင် ကျင်းပရာဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စုစုဒွေးနှင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုကလေးငယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆေးရုံအုပ်ကြီးဒေါက်တာဒေါ်စုစုဒွေးက ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ဖြစ်ပေါ်လာပုံကိုရှင်းလင်းပြောကြားပြီး ဝန်ထမ်းမိသားစုကလေးငယ် ၁၀၀ ကို အမှတ်တရအရုပ်များနှင့် စားသောက်ဖွယ်ရာများပေးအပ်သည်။

**ကိုလတ်(သတင်းစဉ်)**

❑

## ကြံစိုက်ပျိုးနည်းစနစ် တောင်သူပညာပေးကွင်းသရုပ်ပြ

**ထီးချိုင့် ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၆ -၂၀၁၇ ခုနှစ် ကြံရာသီ ကြံတစ်ဆစ်ချင်း တန် ၈၀ ထွက် စိုက်ပျိုးနည်းစနစ်နှင့် GAP မျိုးယှဉ်ပြိုင်စမ်းသပ် စံပြကွက်တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ထီးချိုင့်မြို့နယ် ပေါက်နက်ကျေးရွာအုပ်စု OSS ကွင်းရှိ တောင်သူဦးဌေးဝင်း၏ယာမြေပေါ်၌ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါကွင်းသရုပ်ပြပွဲ၌ ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်အေးညိုကကြံတစ်ဆစ်ချင်းနှင့် BMP နှိုင်းယှဉ်စံပြကွက်များ စိုက်ပျိုးမှုကို ရှင်းလင်းပြောကြားပြီး လက်ထောက်ဦးစီးမှူး ဦးမျိုးဝင်းထိုက်က လက်တွေ့စိုက်ပျိုးပြသခဲ့သည်။

အခမ်းအနားသို့ ကသာခရိုင်ဦးစီးမှူး ဦးမောင်မောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇင်လင်းနိုင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် စိုက်ပျိုး ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြံစိုက်တောင်သူများ တက်ရောက်ခဲ့ ကြောင်းသိရသည် ။

**(မြို့နယ်ပြန်/ဆက်)**

## ပြည်တွင်းရေးရာ

# ရင်သွေးဟူသမျှ မေတ္တာခြံမှ လုံခြုံရ

ဆောင်းပါး - နန္ဒာဝင်း၊ ဝင်းဝင်းမော်

ဓာတ်ပုံ - လူမှုဝန်ထမ်းဦးစီးဌာန



အိမ်တွင်ထားခဲ့ရသည့် တစ်နှစ်သားအရွယ် သားငယ်လေး နို့ဆာနေရှာမည်။ သို့သော် ရုံးချိန်ကြီးမို့ သားလေးအနား ကို အပြေးပြန်ချင်သောစိတ်ကို ချိုးနှိမ်ကာ လုပ်လက်စ အလုပ်များအပေါ် ပြန်အာရုံစိုက်သော်လည်း နံနက်က လူမှုကွန်ရက်စာမျက်နှာတွင် ဖတ်လိုက်ရသော သတင်း တစ်ပုဒ်ထံ စိတ်ရောက်သွားပြန်ပါသည်။

ရန်ကုန်မြို့ တာမွေမြို့နယ် မလွှကုန်းဌေးကြွယ် (က) ရပ်ကွက်ဇဋ္ဌီလလမ်းနှင့် ဇောတိကလမ်းကြား တိုက်နောက် ဖေးဘက်အမှိုက်များကြားတွင် မွေးကင်းစအရွယ် ချက်ကြိုး တန်းလန်းနှင့် ကလေးငယ်လေးတစ်ယောက်ကို စွန့်ပစ်ထား သည်ကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၃ နာရီက တွေ့ရှိ ခဲ့ရကြောင်း ဖတ်လိုက်ရသည့်သတင်းကြောင့် မိခင်တစ်ဦး ပီပီ အလွန်အမင်းအံ့အားသင့်ခဲ့ရသည်။ ရန်ကင်းကလေး ဆေးရုံကြီးသို့ ပို့ပြီး ဆေးကုသမှုပေးခဲ့သော်လည်း နာရီ အနည်းငယ်အကြာတွင် ကလေးမှာသေဆုံးသွားခဲ့သည်ကို နောက်ဆက်တွဲသိခဲ့၍ လွန်စွာစိတ်မကောင်းဖြစ်ရပြန် သည်။

အဆိုပါ ကလေးနှင့်ပတ်သက်၍ ရန်ကင်းကလေး ဆေးရုံကြီး ဆေးရုံအုပ် ဒေါက်တာမြင့်မြင့်ခိုင်က "ကလေး ကို တွေ့တဲ့သူက ရန်ကင်းကလေးဆေးရုံကြီး ပြင်ပလူနာ ဌာနကို လာပို့ပေးပါတယ်။ ကလေးက မိန်းကလေးပါ။ ဦးခေါင်း၊ နဖူးနဲ့ နောက်စေ့တွေမှာ သွေးခဲတဲ့ ဒဏ်ရာတွေ့ တာကြောင့် ရဲကိုအကြောင်းကြားပြီး မွေးကင်းစကလေး ကုသဆောင်မှာတင်လိုက်တယ်။ ဦးနှောက်နဲ့ အာရုံကြော အပါအဝင် လိုအပ်တဲ့ စောင့်ရှောက်မှုဆေးဝါးကုသမှုတွေ ပေးတယ်။ ဒါပေမဲ့ ကလေးကရရှိထားတဲ့ ဒဏ်ရာတွေနဲ့ ည ၈ နာရီ ၁၅ မိနစ်မှာသေဆုံးသွားခဲ့ပါတယ်"ဟု ပြော သည်။

နည်းပညာကြောင့် ကမ္ဘာကြီးမှာ ရွာကြီးတစ်ရွာ အလားဆိုသလို အိုင်တီခေတ်၏ သတင်းအချက်အလက် လျင်မြန်လာမှုနှင့်အတူ ဒီဘက်ခေတ်တွင် မွေးကင်းစ ကလေးငယ်စွန့်ပစ်မှုများကို မကြာခဏဆိုသလို ကြားသိ တွေ့မြင်လာရသည်။

ကလေးစွန့်ပစ်မှုများနှင့် ပတ်သက်၍ "လူမှုရေး ပြဿနာ၊ စီးပွားရေးပြဿနာတွေရှိလို့ ထင်ပါတယ်။ ကလေးငယ်တွေက အပြစ်မရှိပါဘူး။ အပြစ်ကင်းစင်ပါ တယ်။ ဒီလိုမျိုးစွန့်ပစ်တာတွေ မြင်ရ၊ ကြားရတာ စိတ်မကောင်းဖြစ်မိပါတယ်။ မိဘပဲဖြစ်ဖြစ်၊ ဆွေမျိုးပဲ ဖြစ်ဖြစ် ဒီလိုမျိုးမလုပ်သင့်ပါဘူး"ဟု ဆေးရုံအုပ် ဒေါက်တာ မြင့်မြင့်ခိုင်က ဆိုသည်။

ပြီးခဲ့နှစ် အောက်တိုဘာလကလည်း တနင်္သာရီတိုင်း ဒေသကြီး မြိတ်မြို့နယ် သမုတ်ကျေးရွာအုပ်စု ရေတကူ ကျေးရွာအပြင်ဘက်ရှိ မီးရထားလမ်းဟောင်း ကျူတောထဲ တွင် ဦးခေါင်းကုတ်ခြစ်ဒဏ်ရာများဖြင့် ပါးစပ်အတွင်း အမှိုက်များဆို့နေသော မွေးကင်းစအရွယ် ကလေးငယ် တစ်ဦးကို ဆာလာအိတ်အတွင်းထည့်ကာ စွန့်ပစ်ထား ကြောင်း လူမှုကွန်ရက်စာမျက်နှာတွင် ဖတ်လိုက်ရသည်။ ထိုကဲ့သို့ ကလေးစွန့်ပစ်သည့် သတင်းများကို ခပ်စိတ်စိတ် ကြားသိလာရသည်။

"ကလေးသူငယ်ကို ဒီလိုလက်လွတ်စပယ်စွန့်ပစ်လို့ မရပါဘူး။ ကလေးသူငယ် ဥပဒေအရ မိဘကို အရေးယူလို့ ရပါတယ်။ ပစ်လည်းမပစ်သင့်ပါဘူး။ လူမှုရေးအခက်အခဲ တွေရှိလို့ သူက တာဝန်မယူနိုင်ဘူး၊ မမွေးနိုင်ဘူးဆိုရင် ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနဲ့ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရွှေဂုံတိုင် ကလေးပြုစုရေးဌာနမှာ လျှောက်လွှာတင်ပြီး ကလေးကို အပ်လို့ရပါတယ်။ နောင်တစ်ချိန် အဆင်ပြေလို့ အုပ်ထိန်း မှုကို ပြန်လိုချင်တယ်ဆိုရင်လည်း လျှောက်လို့ရပါတယ်" ဟု အဆိုပါဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

ကလေးစွန့်ပစ်သူများကို မွေးကင်းစကလေးစွန့်ပစ်မှု ရာဇသတ်ကြီးပုဒ်မ ၃၁၇ နှင့် အရေးယူနိုင်သည်ဟုလည်း တာမွေရဲစခန်းမှ ဒုရဲအုပ် သန်းမော်က ဆိုသည်။

"ခွေးကလေး၊ ငှက်ကလေး၊ ကြက်ကလေးတွေကို တောင်မှ ကယ်ကောင်းတာ။ ဘာသာရေးရှုထောင့်ကကြည့် မယ်ဆိုရင်လည်း ဘယ်ဘာသာမှာပဲဖြစ်ဖြစ် ဒီအလုပ်ကမလုပ် သင့်ပါဘူး။ အဲဒီလိုစွန့်ပစ်လိုက်တဲ့အတွက် ကလေးအတွက် သေလောက်သည်အထိ ဝေဒနာဆိုးတွေ ခံစားရနိုင်သလို မိခင်အတွက်လည်း မလိုလားအပ်တဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေကို ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု မန္တလေးမြို့ YGW ပရဟိတမိဘမဲ့ကျောင်းမှ ဦးဣဿရိယက ပြောသည်။

မွေးကင်းစအရွယ်မဟုတ်သော်လည်း မိဘနှစ်ပါး၏ စွန့်ပစ်ခြင်းခံခဲ့ရသူများတွင် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်ရှိ ရုပ်ဆိုးမအမည်ရသော ကလေးငယ်တစ်ဦးလည်း အပါ အဝင်ဖြစ်သည်။ ရုပ်ဆိုးမလေး၏ မိဘများမှာ ဆယ်ကျော် သက်အရွယ်မတိုင်ခင် ချစ်ကြ၊ ကြိုက်ကြ၊ အိမ်ထောင်ပြုကြ ပြီး သိပ်မကြာခင်မှာပင် ကွဲကြပါတော့သည်။ ကွဲပြီးပြန် တော့လည်း အိမ်ထောင်သစ်တွေ ထူထောင်ကာ တစ်ပြည် တစ်ရွာပြောင်းရွှေ့သွားကြပြန်သည်။ အဘိုး၊ အဘွားအိမ် တွင် သူ့ကိုထားခဲ့သည်။ မိဘများမှာ အသက်ထင်ရှားရှိလျက် အိမ်ထောင်ရေးပြိုကွဲမှုကြောင့် ဆွေမျိုးနီးစပ်များထံတွင် နေထိုင်ရင်း အပယ်ခံဖြစ်၊ မေတ္တာငတ်နေခဲ့ရသည်။ ထိုဇာတ်လမ်းတွင် ကျန်ခဲ့သူ မြေစာပင်မှာရုပ်ဆိုးမပင်။

"အချိန်မတန်ခင် စိတ်မဝင်စားသင့်တဲ့အရာတွေကို စိတ်ဝင်စားတော့ အမှားတွေဖြစ်ကြရပြီး ဘဝအတွက် ရည်မှန်းချက်တွေ နှောင့်နှေး၊ ပျက်ပြားသွားတယ်။ လမ်းမှား သွားတာကြောင့် နောက်ထပ်အကျိုးဆက်က မွေးလာတဲ့ သားသမီးလေးတွေမှာ အနာဂတ်တွေ ဝေဝါးသွားကြရ တယ်။ ကလေးတွေမှာ ဖြူစင်တယ်၊ ဘာအရောင်မှ မရှိဘူး။ ဒါပေမဲ့ ဒီလိုအခြေအနေမှာ ရှင်သန်ကြီးပြင်းရင်း အရောင် ဆိုးခံရရင် ကိုယ့်ရင်သွေးငယ်လေးတွေကို လမ်းမှားရောက် အောင် တွန်းပို့လိုက်သလိုပါပဲ"ဟု ရုပ်ဆိုးမ၏ အိမ်နီးချင်း သားသည်မိခင်တစ်ဦးက ဆိုသည်။

နှိမ့်ချပြုက်ရယ်ပြုခြင်းကို အမြဲတစေခံရသောကလေး သည် တွန့်ဆုတ်ကြောက်ရွံ့လေ့ရှိ၏။ ပြစ်တင်ရှုတ်ချခြင်း အမြဲတစေခံရသောကလေးသည် သူတစ်ပါးကို အပြစ်ရှာ လေ့ရှိ၏။ ထို့အတူ အမုန်းနှင့်ထိတွေ့ရသော၊ မေတ္တာဖြင့် ထွေးပွေ့ခြင်းမခံရသောကလေးသည် သူတစ်ပါးကို ရန်မူ လေ့ရှိတတ်သည်ဟု ရွှေဂုံတိုင် ကလေးပြုစုရေးဌာန၏ လက်ကမ်းစာစောင်တွင် ဖော်ပြထားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ကလေးပြုစု ရေးဌာန (ရွှေဂုံတိုင်)တွင် အကြောင်းအမျိုးမျိုးကြောင့် လူမှုရေးချို့တဲ့နေသည့် ကလေးများနှင့် စောင့်ရှောက်သူ မဲ့နေသည့် ကလေးများကို မွေးကင်းစမှ အသက်(၁၀)နှစ် အထိ ပြုစုစောင့်ရှောက်ပေးနေသည်။

မန္တလေး၊ ကျိုင်းတုံ၊ ပုသိမ်၊ စစ်တွေ၊ မကွေး၊ မော်လ မြိုင် စသည့် မြို့များတွင်လည်း ယခုကဲ့သို့ ကလေးပြုစုရေး ဌာနများ ဖွင့်လှစ်စောင့်ရှောက်ပေးနေသည်ဟုလည်း သိရ သည်။

"စွန့်ပစ်ခံရတဲ့ကလေးတွေ၊ မိဘမဲ့ကလေးတွေ၊ မိခင် (သို့မဟုတ်) ဖခင်တစ်ဦးဦး မကျန်းမာတာ၊ ဒါမှမဟုတ် သေဆုံးသွားတာ အဲလိုမိသားစုက ကလေးတွေ၊ အုပ်ထိန်း သူ မဲ့နေတဲ့ ကလေးတွေနဲ့ အကြောင်းအမျိုးမျိုးကြောင့် ကြည့်ရှုမယ့်သူမရှိတဲ့ ကလေးတွေကို ကျွန်မတို့ လက်ခံပါ တယ်"ဟု ရွှေဂုံတိုင် ကလေးပြုစုရေးဌာန ကျောင်းအုပ် ဒေါ်ခင်ယုဒါရီက ပြောသည်။

အဆိုပါ ကလေးပြုစုရေးဌာနသို့ ရောက်ရှိလာသည့် ကလေးအရေအတွက်မှာ ၂၀၁၄ ခုနှစ်တွင် အယောက် ၃၀၊ ၂၀၁၅ ခုနှစ်တွင် ၄၁ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၃၅ ဦးနှင့် ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အထိ ကလေးငယ် သုံးဦးဖြစ်ပြီး ကလေးငယ်အများစုမှာ အသက် (၆)လမှ (၈)လအရွယ်များဖြစ်ကြောင်း သိရသည်။

"ဆေးရုံမှာ မွေးပြီးထားခဲ့ကြတယ်၊ လိပ်စာအမှား၊ နာမည်အမှား၊ ဗဟိုအမျိုးသမီးဆေးရုံမှာဆို မွေးစာရင်းပါ တယ်။ ဒါပေမဲ့ ဒါတွေက အမှန်မဟုတ်ဘူးလေ။ လိပ်စာ စုံစမ်းပြီးပြီ။ လုံးဝမရှိလို့သာ ကျွန်မတို့ဆီကိုလွှဲတာပေါ့။ မိမဲ့၊ ဖမဲ့၊ မိဘမဲ့တွေကို စောင့်ရှောက်တယ်ဆိုပေမယ့် အဖေဆုံးသွားလို့ အမေက ကလေးကို ပြုစုစောင့်ရှောက် နိုင်စွမ်းမရှိဘူးဆိုရင် တိုင်းဒေသကြီးရဲ့ ခွင့်ပြုချက်နဲ့ ကျွန်မ တို့ လက်ခံပါတယ်"ဟု ကျောင်းအုပ် ဒေါ်ခင်ယုဒါရီက ဆက်လက်ပြောကြားသည်။

အဆိုပါ လူမှုဝန်ထမ်းဦးစီးဌာနရှိ ကလေးပြုစုရေး ဌာနများတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအပြင် ကျောင်းနေအရွယ်ကလေးများကို မူလတန်းပညာပြီးမြောက်သည်အထိ ပြုစုစောင့်ရှောက်ပေး နေသည်။ ထို့ပြင် အသက် (၁၀)နှစ်အရွယ် ယောကျ်ားလေး များကို ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၊ မိန်းကလေး များကို အမျိုးသမီးကလေးများ သင်တန်းကျောင်းများသို့ ပို့ကာ ဆက်လက်စောင့်ရှောက်သည်ဟုလည်း သိရသည်။

"တချို့တွေကတော့ တိုက်ရိုက်စုံစမ်းလာတယ်။ အမေဆုံးသွားတယ်၊ အဖေရှိတယ်၊ ဆွေမျိုးအသိုင်းအဝိုင်း ရှိတယ်ဆိုရင် တတ်နိုင်သမျှတော့ နှစ်သိမ့်ဆွေးနွေးကြည့် လိုက်တယ်။ ကျွန်မတို့ဆီက Last Resource လေ။ မိဘ အသိုင်းအဝိုင်းလည်း ရှိနေတယ်ဆိုရင် မိဘရဲ့မေတ္တာ၊ ဒီအသိုင်းအဝန်းတွေရဲ့မေတ္တာကတော့ ကလေးအတွက် ပိုပြီးတော့များ ကောင်းမလား၊ မိဘဆွေမျိုးအသိုင်းအဝန်း လေးထဲမှာနေရရင် ကလေးအတွက် ပိုပြီးတော့များကောင်း မလားဆိုပြီး ကျွန်မတို့ နှစ်သိမ့်လိုက်ရတဲ့ အခြေအနေမျိုး တွေလည်း ကြုံရတတ်ပါတယ်"ဟု ရွှေဂုံတိုင် ကလေးပြုစု ရေးဌာန ကျောင်းအုပ် ဒေါ်ခင်ယုဒါရီက ပြောသည်။

အသက်(၃၀)မှ (၅၀)အတွင်းရှိသော ကလေးလုံးဝမရ နိုင်သည့် ဇနီးမောင်နှံ၊ မရနိုင်ကြောင်း သားဖွားမီးယပ် ဆရာဝန်၏ ထောက်ခံချက်၊ မြန်မာနိုင်ငံသားဖြစ်ပြီး အိမ်ထောင်သက် အနည်းဆုံး (၅)နှစ်ရှိရမည် စသည်တို့နှင့် ပြည့်စုံသူများက ရပ်ကွက်တွင်နေထိုင်ကြောင်း၊ သားသမီး မရှိကြောင်း၊ သန်းခေါင်စာရင်း၊ မှတ်ပုံတင်တို့ဖြင့် ကလေးမွေး စားလိုကြောင်း လျှောက်ထားနိုင်သည်ဟုလည်း သိရသည်။

မွေးစားသည့် ကလေးငယ်၏ အနာဂတ်အတွက် မိဘအရင်းကဲ့သို့ ပညာရေး၊ ကျန်းမာရေး၊ ဘဝလုံခြုံရေး ပေးစွမ်းနိုင်သည့် အခြေအနေရှိမရှိ စိစစ်ရေးအဖွဲ့က ဆုံးဖြတ်ပြီးရှိပါက အစမ်းအနေဖြင့် ခြောက်လမွေးခွင့်ပြု ပြီးနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနနှင့် မိဘတို့ ကိတ္တိမမွေးစားရေး အက်ဥပဒေအရ စာချုပ်ဖြင့် မွေးစားခွင့်ပြုကြောင်း သိရ သည်။

ကလေးသူငယ်များအား မည်သို့ပင် ပြုစုစောင့်ရှောက် မှုများပေးသော်လည်း သွေးသားရင်းချာဖြစ်သည့် မိဘ၏ ရင်ခွင်လောက် နွေးထွေးလုံခြုံမည်မဟုတ်ပေ။

ယနေ့ခေတ် မြန်မာလူငယ်မောင်မယ်များကြားတွင် ပြည်ပယဉ်ကျေးမှုဓလေ့ထုံးစံများမှ ကူးစက်ဝင်ရောက် နေရာယူလာသည့် ဖေဖော်ဝါရီ ၁၄ ရက် Valentine Day သည် ရေပန်းစားလာသည်။ Valentine Day ကို အကြောင်းပြု၍ စီးပွားရေးလုပ်ငန်းရှင်အချို့ကလည်း အရောင်းမြှင့်တင်ရေး လုပ်ငန်းများအပါအဝင် စီးပွားရေး အလို့ငှာ အသုံးချလာကြသည်။ အဆိုပါ ယဉ်ကျေးမှု ကျယ်ပြန့်လာသည်နှင့်အမျှ အရှက်၊ အကြောက်တရားနှင့် အပျိုစင်ဘဝကို တန်ဖိုးထားသည့် မြန်မာအမျိုးသမီးများ အတွက်မူ နောက်ဆက်တွဲလူမှုပြဿနာများက စိန်ခေါ်မှု အသွင်ဖြစ်လာသည်။

"ခေတ်ရေစီးကြောင်းအရ ပြောင်းလဲလာတဲ့ ယဉ်ကျေးမှုတွေက မြန်မာ့ယဉ်ကျေးမှုနဲ့ ဖီလာဆန့်ကျင် မဖြစ်အောင် လူငယ်တွေ နားလည်သဘောပေါက်ဖို့လိုတယ်။ မလိုလားအပ်တဲ့ ကိုယ်ဝန်ဆောင်မှုတွေ မရှိရအောင်လည်း ထိန်းသိမ်းနေထိုင်သင့်တယ်။ ကိုယ်တိုင်အသိစိတ်ဓာတ်ရှိရှိ နဲ့ ထိန်းသိမ်းကာကွယ်သင့်တယ်"ဟု ဒေါက်တာ မြင့်မြင့်ခိုင် က ဆိုသည်။

မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဖျက်ခြင်းသည် ရာဇဝတ်မှု မြောက်သော်လည်း အချို့အမျိုးသမီးငယ်များသည် ကိုယ်ဝန် ဆောင်ရန် အဆင်သင့်မဖြစ်သေးချိန်တွင် ကိုယ်ဝန်ဆောင် လိုက်ရသဖြင့် တရားမဝင် အရပ်လက်သည်များနှင့် အသက်အန္တရာယ်နှင့် နီးကပ်သည့် ကိုယ်ဝန်ဖျက်ချမှုများကို လုပ်ဆောင်နေမှုများလည်းရှိကြောင်း သိရသည်။

"မလိုလားအပ်တဲ့ ကိုယ်ဝန်ဆောင်မှုတွေ မရှိရအောင် အသိပညာပေးလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ဖို့လိုပါတယ်။ လူမှုအဖွဲ့အစည်းအသီးသီးက လည်း အသိပညာပေးမှုတွေကို ပိုပြီး ဖြန့်ဝေပေးနိုင်ရင် ကောင်းမယ်ထင်ပါတယ်"ဟု သားဖွားမီးယပ်ဆရာဝန် တစ်ဦးက သုံးသပ်သည်။

ပြဟ္မစိုရ်တရားလေးပါးထွန်းကားရာ မြန်မာနိုင်ငံတွင် ထိုကဲ့သို့ ကလေးစွန့်ပစ်မှုများမရှိစေရေးအတွက် အရှက်၊ အကြောက်တရားနှင့်အတူ တန်ဖိုးထားထိန်းသိမ်းရန် လိုအပ်လှသည်။

ညနေခင်းလုပ်ငန်းခွင်မှ အိမ်ပြန်ရောက်ချိန်တွင်မူ အမေ့ထံဝမ်းသာအားရပြေးလာသည့် သားငယ်လေးကို ကြည့်ရင်း ရင်သွေးငယ်တိုင်း နွေးထွေးလုံခြုံသော မိဘ ရင်ခွင်မှာ ထာဝရနားခိုနိုင်ကြပါစေကြောင်း ဆုမွန် တောင်းရင်း။ ။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေးကို ကြိုဆို သီချင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

**ဒိုက်ဦး ဖေဖော်ဝါရီ ၁၄။** ။ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အမှတ် (၁)ဈေးပိုင်းရပ်ကွက် မူလတန်းကြိုကျောင်း၌ ဖေဖော်ဝါရီ ၁၀ရက် နံနက်ပိုင်းက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မျိုးဆက်သစ်ရင်သွေးငယ်များအား သီချင်း၊ ကဗျာ၊ ပုံပြောပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဒေါ်စုစုမွန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ဌေးစုလှိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုဥက္ကဋ္ဌ ဒေါ်နွယ်ဝင်းလှိုင်၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ရင်သွေးငယ်များ၏ မိဘများ တက်ရောက် ခဲ့ကြသည်။ ပြိုင်ပွဲအပြီး၌ ဆုရရှိသောရင်သွေးများအား ဆုချီးမြှင့်ခြင်း၊ လက်ဆောင်များပေးအပ်ကြပြီး မူလတန်းကြိုကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝေက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တပ်မတော်နှစ်ရပ် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော်လေတပ်ဦးစီးချုပ် Air Chief Marshal Johm Rungswang နှင့် အဖွဲ့အား ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ဗေဒါသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလေတပ်ဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ခြင်းဖြင့် တပ်မတော်နှစ်ရပ်လုံးအတွက် အကျိုးကျေးဇူးဖြစ်ထွန်းရေး၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ယခုထက်ပိုမိုမြှင့်တင်လုပ်ဆောင်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**✪ မောင်တောဒေသမှ**
အမြန်ဆုံးတရားစီရင်နိုင်ရေးတို့အတွက် တရားခွင်များ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ တိုက်ရိုက်ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် အဆိုပါအကျဉ်းထောင်မှ အချုပ်သားများနှင့်တွေ့ဆုံပြီး အကျဉ်းထောင်အတွင်း နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများနှင့် မိသားစုဝင်များနှင့် တွေ့ဆုံမှုအခြေအနေများကို မေးမြန်းသည်။

ဘူးသီးတောင်အကျဉ်းထောင်တွင် အကျဉ်းသားဝင်ဆံ့နိုင်မှုဦးရေသည် ၁၃၈၈ ဦးဖြစ်ပြီး လက်ရှိအကျဉ်းထောင်အတွင်းရှိ အကျဉ်းသားအရေအတွက်သည် ၁၂၉၄ ဦးရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်မှ ဘူးသီးတောင်အကျဉ်းထောင်သို့ လာရောက်စစ်ဆေးစဉ် တွေ့ရှိချက်အရ အဆိုပါအကျဉ်းထောင်တွင် အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုမရှိကြောင်း၊ သတ်မှတ်ထားသည့် စားသောက်နေထိုင်မှုကို စနစ်တကျဆောင်ရွက်ပေးကြောင်း၊ ဘာသာရေးလွတ်လပ်စွာကိုးကွယ်ခွင့်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ကော်မရှင်အဖွဲ့ဝင်များသည် တရားခံများအား ဥပဒေနှင့်အညီ အမြန်ဆုံးတရားစီရင်နိုင်ရေးတို့အတွက် ထပ်မံတိုးချဲ့ဆောင်ရွက်မည့် တရားခွင်အဆောက်အအုံနေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

# ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့် ထိုင်းဘုရင့်တပ်မတော်လေတပ်ဦးစီးချုပ်အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**
ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်သည် ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာမျက်နှာစာ၌ ထိုင်းဘုရင့်တပ်မတော် လေတပ်ဦးစီးချုပ် Air Chief Marshal Johm Rungswang အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဂုဏ်ပြုကြိုဆိုသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ထိုင်းဘုရင့်တပ်မတော် လေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့် ထိုင်းဘုရင့်တပ်မတော် လေတပ်ဦးစီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလေတပ်မတော်ချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ သင်တန်းဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

**❍ ကျောဖုံးမှ**
ကစားရမည်ဖြစ်ကာ ရတနာပုံအသင်းမှာမူ အိမ်ကွင်းကစားရမည်ဖြစ်သည်။ မကွေးအသင်းသည် ဖိလစ်ပိုင်ကလပ် ဂလိုဘယ်အသင်းနှင့် ဖေဖော်ဝါရီ ၂၁ ရက်တွင် အဝေးကွင်းကစားရမည်ဖြစ်ပြီး ရတနာပုံအသင်းသည် ဖေဖော်ဝါရီ ၂၂ ရက်တွင် အိမ်ကွင်းဖြစ်သည့် မန္တလာသီရိကွင်း၌ စင်ကာပူကလပ် ဟုမ်းယူနိုက်တက်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**



# ကသာမြို့၌ လမ်းချဲ့ရာတွင် စစ်ကျန်ပုံးသီးနှင့် ကျည်များတွေ့ရှိ

**ကသာ ဖေဖော်ဝါရီ ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ရပ်ကွက်(၄) တာရိုးလမ်းချဲ့ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်နေစဉ် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက စစ်ကျန်ပုံးသီးနှင့် ကျည်များကို တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

ယင်းပုံးသီးများကို ကသာမြို့ ရပ်ကွက်(၄)နှင့် ရွှေဖုန်းရှိန် ကန်ပတ်လမ်းဆုံအနီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ကော်မတီရုံးရှေ့၌ အများပြည်သူသွားလာရေး အဆင်ပြေချောမွေ့စေရန်အတွက် လမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေစဉ် စစ်ကျန်ပုံးသီး အရှည် တစ်ပေ၊ လုံးပတ် ကိုးလက်မရှိ ငါးလုံး၊ အရှည် ကိုးလက်မ၊ လုံးပတ် ကိုးလက်မရှိ ၁၁ လုံး၊ အရှည်လေးလက်မ၊ လုံးပတ် လေးလက်မခွဲရှိ တစ်လုံး စုစုပေါင်းပုံးသီး ၁၇ လုံးနှင့် (၁၀၃)ရိုင်ဖယ်ကျည်ဆန် ၅၆ တောင့်တို့ကိုတွေ့ရှိ၍ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူများက စစ်ဆေးသိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ကျော်စွာထွန်း(ပန်းမောက်)**

# ဇန်နဝါရီလအတွင်း ပြည်ပသို့တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၁၁၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၁၇၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**
နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေ တိုးပွားစေရေး အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း အောက်ဖော်ပြပါအတိုင်း အလုပ်အကိုင်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအခြေအနေ**

| စဉ် | နိုင်ငံ | စေလွှတ်ဦးရေ |
|---|---|---|
| ၁။ | မလေးရှားနိုင်ငံ | ၁၈၇ ဦး |
| ၂။ | စင်ကာပူနိုင်ငံ | ၉ ဦး |
| ၃။ | ကိုရီးယားနိုင်ငံ | ၂၀၈ ဦး |
| ၄။ | ထိုင်းနိုင်ငံ | ၁၀၆၁၁ ဦး |
| ၅။ | ဂျပန်နိုင်ငံ | ၂၀၉ ဦး |
| ၆။ | ယူအေအီး | ၁၆ ဦး |
| ၇။ | ကာတာနိုင်ငံ | ၁ ဦး |
| | **စုစုပေါင်း** | ၁၁၂၄၁ ဦး |

**၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှု အခြေအနေ**

| စဉ် | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် | အလုပ်ရ | | |
|---|---|---|---|---|
| | | အစိုးရ | ပုဂ္ဂလိက | စုစုပေါင်း |
| ၁။ | ပြည်ထောင်စုနယ်မြေ | ၂၈၈ | | ၂၈၈ |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၅၂ | ၁၁၃၇၀ | ၁၁၅၂၂ |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | ၈၈ | ၃၂၇ | ၄၁၅ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ၅၅ | ၁၈၁၉ | ၁၈၇၄ |
| ၅။ | မန္တလေးတိုင်းဒေသကြီး | ၈၃ | ၁၀၆၈ | ၁၁၅၁ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၇၀ | ၂၅၂ | ၃၂၂ |
| ၇။ | မကွေးတိုင်းဒေသကြီး | ၁၁၂ | ၃၈၀ | ၄၉၂ |
| ၈။ | တနင်္သာရီတိုင်းဒေသကြီး | ၃၀ | ၃၅၃ | ၃၈၃ |
| ၉။ | ကချင်ပြည်နယ် | ၄၀ | ၁၀၄ | ၁၄၄ |
| ၁၀။ | ကယားပြည်နယ် | ၈ | ၁၀၄ | ၁၁၂ |
| ၁၁။ | ကရင်ပြည်နယ် | ၂၆ | ၈၇ | ၁၁၃ |
| ၁၂။ | ချင်းပြည်နယ် | ၇ | - | ၇ |
| ၁၃။ | မွန်ပြည်နယ် | ၄၀ | ၉၈ | ၁၃၈ |
| ၁၄။ | ရခိုင်ပြည်နယ် | ၁၆ | ၄၈ | ၆၄ |
| ၁၅။ | ရှမ်းပြည်နယ် | ၁၆၃ | ၁၀၁ | ၂၆၄ |
| **စုစုပေါင်း** | | **၁၁၇၈** | **၁၆၁၁၁** | **၁၇၂၈၉** |

**(သတင်းစဉ်)**

**တိုင်းပြည်တိုးတက်သာယာဖို့ မူးယစ်ဆေးကို ရှောင်ရှားစို့**




# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ကျင်းပသည့် (၅၈)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၅၈)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိုင်းသံဃနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ စာအောင်သံဃာတော်များ၊ စာအောင်သီလရှင်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များနှင့် အလှူရှင်များတက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ဉဩပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သမ္ဗောဒနီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ဓမ္မာစရိယ၊ ပါဠိပထမပြန်၊ နိကာယ်စာမေးပွဲ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအထူးအောင်ပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်နှင့် အောင်လက်မှတ်များ ဆက်ကပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မင်္ဂလာဒုံမြို့နယ် ကံသုံးဆင့်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏိကာဘိဝံသထံမှ အနုမောဒနာ ရေစက်ချတရားနာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် စာအောင်သံဃာတော်များအား အစီအစဉ်အတိုင်း ပင့်ဆောင်ပြီး အောင်လက်မှတ်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

**(သတင်းစဉ်)**

# ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ဒေါင်းယာဉ်ပျံဖြင့် ပင့်ဆောင်၍ မန္တလေးမြို့ မြင်းပြိုင်ကွင်းတွင် အန္တိမစျာပနကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စုဒ္ဒသမရွှေကျင်သာသနာပိုင် ဇယမေဒနီဝါဆိုကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂိယသည် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁ နာရီ ၅၅ မိနစ်တွင် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးတွင် ဘဝခန္ဓာလွန်တော်မူသဖြင့် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် အောင်မြေသာစံမြို့နယ် ရွှေမန်းတောင်အားကစားကွင်း၌ အန္တိမစျာပနဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆရာတော်ကြီး၏ အန္တိမစျာပနကျင်းပမည့် အစီအစဉ်များကို ဖေဖော်ဝါရီ ၁၄ ရက်မွန်းလွဲ ၂နာရီက ရုပ်ကလာပ်တော် အပူဇော်ခံထားရှိရာ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ်တွင် ပြုလုပ်ခဲ့ပြီး အစည်းအဝေးတွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၊ သီတဂူဆရာတော်ကြီးနှင့်တကွ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တာဝန်ရှိသူများ၊ တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။



အဆိုပါအစည်းအဝေးတွင် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ငါးရက်သာ အပူဇော်ခံထားရှိရန်နှင့် ဖေဖော်ဝါရီ ၁၈ ရက်တွင် ရွှေမန်းတောင်အားကစားကွင်း၌ အန္တိမစျာပန ကျင်းပရန် ဆုံးဖြတ်ခဲ့ကြပြီး ရုပ်ကလာပ်တော်ကို ဒေါင်းယာဉ်ပျံဖြင့် ပင့်ဆောင်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

"နောက်ဆုံး အန္တိမစျာပနပွဲမှာ ဆရာတော်ကြီးရဲ့ ဂုဏ်ကျေးဇူးတော်နဲ့ လိုက်ဖက်အောင် ဆောင်ရွက်သင့်တယ်။ ထူးထူးခြားခြားဖြစ်အောင် ခေတ်ကလည်း ဒေါင်းခေတ်ဆိုတော့ ဒေါင်းယာဉ်ပျံနဲ့ပင့်ဆောင်မယ်။ ဒီအတွက် တာဝန်ယူပေးမယ်။ ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်တော်ကိုဆရာတော်ကြီးသက်တော် ၁၀၀ ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် သူ့ဇာတိရွာမှာ တည်ထားကိုးကွယ်တဲ့ ထူပါစေတီပုံစံထဲမှာ ရုပ်ကလာပ်တော်ကို ထည့်ပြီး ဒေါင်းယာဉ်ပျံနှစ်စင်းက ပျံသန်းပင့်ဆောင်တဲ့ပုံစံနဲ့ ၁၀ ဘီးယာဉ်ပေါ်မှာတင်ပြီး အန္တိမစျာပနနေ့မှာ ပင့်ဆောင်မယ်။ အဲဒီအတွက်တမ္ပဝတီ ဦးဝင်းမောင်နဲ့ ဆွေးနွေးထားပြီးဖြစ်တယ်"ဟု သီတဂူဆရာတော် အရှင်ဉာဏိဿရက အစည်းအဝေးတွင် မိန့်ကြားသည်။

ရုပ်ကလာပ်တော် အပူဇော်ခံထားရှိရာ စံကျောင်းတော်တွင် တရားပွဲများအဖြစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ပါမောက္ခချုပ်ဆရာတော်၊ ၁၆ ရက်တွင် အရှင်ဆေကိန္ဒ၊ ၁၇ ရက်တွင် တိပိဋက ယောဆရာတော်တို့က ဟောကြားမည်ဖြစ်၍ စျာပနကျင်းပမည့်နေ့တွင် ရေစက်ချတရားတော်ကို သီတဂူဆရာတော်ကြီးက ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

သီတဂူဆရာတော်ကြီးက ရုပ်ကလာပ်တော် ပင့်ဆောင်ပူဇော်ရေးအတွက် ယာဉ်ပြင်ဆင်မှုအပြင် အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းခဲ့ပြီးတက်ရောက်လာသည့် ဒါယကာများကလည်း အလှူငွေများ၊ တရားပွဲကုသိုလ်ရှင်များ၊ ဆွမ်းကုသိုလ်ရှင်များအဖြစ် တာဝန်ယူလှူဒါန်းခဲ့ကြောင်း သိရသည်။


ရွှေကျင် ဆရာတော်ကြီးသည် သက်တော် (၁၀၀) နှစ်၊ သိက္ခာတော် (၈၁)ဝါတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး လင်းယဉ်ကျေးရွာတွင် ခမည်းတော် ဦးပုကြီး၊ မယ်တော်ဒေါ်တွယ်မိတို့က မြန်မာသက္ကရာဇ် ၁၂၇၉ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၁၀ ရက် (တနင်္ဂနွေနေ့)တွင် ဖွားမြင်တော်မူခဲ့ပြီးစာပေကျမ်းစာများ ပြုစုတော်မူခဲ့သည့် သာသနာ့အာဇာနည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# စုဒ္ဒသမ ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာမြတ်မုနိဘုရားဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ စုဒ္ဒသမ ရွှေကျင်သာသနာပိုင်(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဇယမေဒနီဝါဆိုကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂိယသည် သက်တော်(၁၀၀)နှစ်၊ သိက္ခာတော် (၈၁)ဝါ အရ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက် (၁၄-၂-၂၀၁၇)အင်္ဂါနေ့ နံနက် ၁ နာရီ ၅၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။



## စုဒ္ဒသမ ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး (အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဘဒ္ဒန္တ အဂ္ဂိယ၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ခမည်းတော် ဦးပုကြီး-မယ်တော် ဒေါ်တွယ်မိတို့က ၁၂၇၉ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၁၀ ရက် (တနင်္ဂနွေနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၀ ခုနှစ်တွင် ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် မယ်တော်ကြီး ဒေါ်မင်းထယ်၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၂၉၈ ခုနှစ်တွင် ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ကိုပင်ဥပဇ္ဈာယ်ပြုလျက် မဟာဝိဟာရကျောင်း ခဏ္ဍသိမ်၌ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် မဟာဝိဟာရကျောင်းဆရာတော် ဘဒ္ဒန္တကေသရ၊ ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်၊ ကန်ကြီးကုန်းရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တ ရေဝတ၊ သပြူးဆရာတော် ဘဒ္ဒန္တ ဥတ္တမ၊ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၊ မန္တလေး စည်ရှင်ဆရာတော်၊ မင်းကွန်းရန်ကင်းချောင်းဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကိုသင်ယူပြီး သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့သည်။

**သာသနာရေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည်မန္တလေးမြို့ပါဠိပထမပြန်၊ ဓမ္မာစရိယစာမေးပွဲတို့၏ ကြီးကြပ်ရေးဥက္ကဋ္ဌ၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးတွင် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် ဒုတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်၊ ယနေ့အချိန်အထိ နိုင်ငံတော်ဩဝါဒါစရိယ၊ ၁၃၁၄ ခုနှစ် အဋ္ဌမအကြိမ် ရွှေကျင်ဂိုဏ်းလုံးကျွတ်အစည်းအဝေးကြီးတွင် ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင် နာယကအဖွဲ့ဝင်အဖြစ် တင်မြှောက်ရွေးချယ်ခံရပြီး ဒွါဒသမအကြိမ်တွင် အကျိုးတော်ဆောင်ချုပ်၊ ပန္နရသမအကြိမ်တွင် ဥပဥက္ကဋ္ဌဆရာတော်အဖြစ် တင်မြှောက်ရွေးချယ်ခံရပြီး ၁၃၆၅ ခုနှစ်မှ ယနေ့အထိ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ ရွှေကျင်နိကာယ အဓိပတိဥက္ကဋ္ဌ၊ မဟာနာယကဓမ္မသေနာပတိ စုဒ္ဒသမ ရွှေကျင်သာသနာပိုင်အဖြစ် ရွှေကျင်ဂိုဏ်းသံဃာတော်များအား ဩဝါဒပေးခြင်း၊ တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးခြင်း စသည့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့သည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော သာသန ဓုရာဝဟဂုဏ် ဝိနယဂရုက၊ လဇ္ဇီပေသလ သိက္ခာကာမ၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဒ္ဓနစသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသဖြင့် ဆရာတော်ဘဒ္ဒန္တ အဂ္ဂိယသည် ၁၃၆၁(၂၀၀၀)ပြည့်နှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၃၆၅ (၂၀၀၄) ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း အလှူခံရရှိတော်မူခဲ့သည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်သည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၁၀၀)နှစ် သိက္ခာတော် (၈၁) ဝါအရ ၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက် (၁၄-၂-၂၀၁၇) အင်္ဂါနေ့ နံနက် ၁ နာရီ ၅၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ကြီး)၏ (၁၇)ကြိမ်မြောက် ဆရာဝန်ညီလာခံဖွင့်ပွဲနှင့် တောင်ကြီးမြို့ ဇီဝလုံခြုံမှုအဆင့်(၃) တီဘီဓာတ်ခွဲဌာန ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ကြီး)၏ (၁၇) ကြိမ်မြောက် ဆရာဝန်ညီလာခံဖွင့်ပွဲအခမ်းအနားကို မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ကြီး)၌ ဖေဖော်ဝါရီ ၈ ရက် နံနက် ၈ နာရီတွင်ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာရဲမြတို့က ဖွင့်လှစ်ပေးခဲ့ပြီး ဆေးနှင့် ဆေးပစ္စည်းပြခန်းများအား ကြည့်ရှု အားပေးခဲ့သည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆရာဝန်အသင်းသည် ဆေးလောကတစ်ခုလုံးကို ပံ့ပိုးနိုင်သော ဆေးပညာရှင်အဖွဲ့အစည်းဖြစ်သောကြောင့် ဆေးပညာရှင်များ၏ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများကို လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသော ဆေးပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာနေရန်နှင့် ဆရာဝန်များအားလုံးသည် မြန်မာနိုင်ငံဆရာဝန်အသင်းဝင်များဖြစ်ရန် လိုအပ်ပါကြောင်း၊ ဆရာဝန်အသင်း အင်အားတောင့်တင်းခိုင်မာပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည်လည်း ပိုမိုအင်အားတောင့်တင်းခိုင်မာလာမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံဆရာဝန်အသင်းအနေဖြင့် Health Talks အစီအစဉ်များ၊ Symposium များအား ပိုမိုလုပ်ဆောင်စေလိုကြောင်း၊ CME လုပ်ငန်းများလုပ်ဆောင်ရန် အလွန်အရေးကြီးကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် Technical Advisory Group တို့မှ မြန်မာနိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်း ပိုမိုတိုးတက်ကောင်းမွန်လာရန် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌနှင့် ညီလာခံဧည့်ခံကြိုဆိုရေးကော်မတီ ဥက္ကဋ္ဌတို့က အမှာစကားများ ပြောကြားခဲ့ကြသည်။ ညီလာခံအား ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိ လေးရက်တိုင် ကျင်းပခဲ့သည်။

မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်တီဘီ တိုက်ဖျက်ရေးဌာန၌ကျင်းပသော ဇီဝလုံခြုံမှုအဆင့်(၃) တီဘီဓာတ်ခွဲဌာန(BSL-3 TB Laboratory) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ ယင်းနောက် တောင်ကြီး BSL-3 TB Laboratory နှင့်ပတ်သက်သည့် အထောက်အထားမှတ်တမ်းများကို Myanmar Zircom Company မှ ပြည်နယ်ဒုတိယ ပြည်သူ့ကျန်းမာရေးဦးစီးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်နယ်ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးမှူးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် BSL-3 TB Laboratory အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အဆောက်အအုံအတွင်းတပ်ဆင်ထားသော ဓာတ်ခွဲစက်ပစ္စည်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါ BSL-3 ဓာတ်ခွဲဌာန၏ အခြေခံအဆောက်အအုံကို နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံဆောက်လုပ်ခဲ့ပြီး Laboratory Equipment များအတွက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့က ငွေကြေးပံ့ပိုးပေးခဲ့ခြင်းဖြစ်ရာ နည်းပညာပိုင်းဆိုင်ရာများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကူညီဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ဇီဝလုံခြုံမှုအဆင့်(၃) တီဘီဓာတ်ခွဲဌာန (BSL-3 TB Laboratory )ကို ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ဖွင့်လှစ်ခြင်းအားဖြင့် ရှမ်းပြည်နယ်နှင့် ဆက်စပ်တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တီဘီနှင့် ဆေးယဉ်ပါးတီဘီလူနာများအား ဆောလျင်စွာ ရှာဖွေဖော်ထုတ်ပေးနိုင်မည် ဖြစ်သည်။

**(သတင်းစဉ်)**



# မြို့ပြကတ္တရာလမ်းသစ်လုပ်ငန်းများ စစ်ဆေး

**ဝေါ ဖေဖော်ဝါရီ ၁၄**

ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးသောလုပ်ငန်းများအနက် လှိုင်ထိပ်ခေါင်တင် ကတ္တရာလမ်းနှင့် အလင်းရောင်(၁)လမ်း ကတ္တရာလမ်းသစ်ကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက်က ကွင်းဆင်းစစ်ဆေးရာ လမ်းရေရှည်ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ ကောင်းမွန်စေရန်၊ လမ်းအလင်းဖွင့်ပေးရန်မှာကြားပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ပြည်သူများ၏ငွေဖြင့် ဆောင်ရွက်ပေးသည့်လမ်းဖြစ်သောကြောင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

**မြို့နယ်(ပြန်/ဆက်)**



# မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်

**ကျိုက်ထို ဖေဖော်ဝါရီ ၁၄**

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးလုံခြုံရေးနှင့် မီးလောင်မှုဖြစ်ပွားပါက မီးလောင်မှုကြီးအဆင့်သို့မရောက်ရှိဘဲ ဆုံးရှုံးမှုတန်ဖိုးအနည်းဆုံးဖြင့် စနစ်တကျထိရောက်အောင်မြင်စွာ မီးငြိမ်းသတ်နိုင်ရေးအတွက် ကျိုက်ထိုမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ကျိုက်ထိုပြည်သူ့ဈေးမီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက အဆိုပါဈေး၌ ဆောင်ရွက်ခဲ့သည်။

မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် သုံးစီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီးနှင့် အပေါ့စားမီးသတ်စက် ငါးလုံးဖြင့် ဈေးအတွင်း၊ အပြင်၌ နေရာယူပြီး မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်သည့်အနေအထားအတိုင်း သရုပ်ပြလေ့ကျင့်ခဲ့ကြပြီး မီးသတ်ဆေးဘူးဖြင့် လက်တွေ့ မီးငြိမ်းသတ်နည်း ပြသလေ့ကျင့်ခဲ့ကြသည်။ **(အပေါ်ပုံ)**

**သန်းသန်းမော်(ပြန်/ဆက်)**

# ကလေးများနေ့ အထိမ်းအမှတ် နိဗ္ဗာန်ဈေးပွဲတော် မကွေး၌ ကျင်းပ

**မကွေး ဖေဖော်ဝါရီ ၁၄ ။** ။ မကွေးမြို့ ကလေးပြုစုရေးဌာန မျက်ရှုရတနာ မူလတန်းကြိုကျောင်း၌ ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်သည့် ကလေးများနေ့အထိမ်းအမှတ်အဖြစ် ကျောင်းအုပ်ဆရာမကြီးနှင့် မိဘများ ပူးပေါင်း၍ ကလေးများပျော်ရွှင်စေရေးနှင့်အတူ ကုသိုလ်ဒါနများရရှိစေရန်ရည်ရွယ်လျက် နိဗ္ဗာန်ဈေးပွဲတော်ကို ယမန်နေ့ နံနက် ၇ နာရီက ကျင်းပသည်။

မကွေးမြို့ ကလေးပြုစုရေးဌာန မျက်ရှုရတနာ မူလတန်းကြိုကျောင်း၏ နိဗ္ဗာန်ဈေးပွဲတော်ကို ကျောင်းသား ကျောင်းသူ မိဘ ၄၅ ဦးက မုန့်မျိုးစုံဖြင့် ကျင်းပခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၃၀ အား မုန့်မျိုးစုံဝေငှပေးခဲ့ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

# ဟန်လင်းဒေသကုန်းအမှတ်-၂၉ နှင့် ကပ်လျက်တွင် စတင်တူးဖော်ရာ သမိုင်းအထောက်အထားအချို့တွေ့ရှိ

**မုံရွာ ဖေဖော်ဝါရီ ၁၄**

လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုဖြစ်စဉ်နှင့် သမိုင်းကြောင်းကို လေ့လာရာတွင် ခိုင်မာသော အထောက်အထားများ ရရှိရန် ခေတ်အဆက်ဆက် တူးဖော်သုတေသနပြုလျက်ရှိရာ ဟန်လင်းမြို့ဟောင်း တူးဖော်မှုအဖြစ် ပြင်သစ်၊ ဘယ်လ်ဂျီယံနှင့် ဂျပန်ပညာရှင်များ ပါဝင်သော သုတေသနအဖွဲ့သည် လေးနှစ် တူးဖော်သုတေသနပြု အစီအစဉ်အရ ပြီးခဲ့သည့် ဇန်နဝါရီလဆန်းမှ စတင်တူးဖော်လျက်ရှိရာ ပထမဦးဆုံးတူးသော ကုန်းအမှတ်-၂၉ နှင့် ကပ်လျက်ရှိသော ၂၉-၁ တူးဖော်မှုတွင် လက်ရှိ တတိယအဆင့်တွင် ရှေးဟောင်းဟုယူဆရသော လူ့အရိုးစုနှင့် အသုံးအဆောင်များကို တွေ့ရှိကြောင်း သိရသည်။

"ဟန်လင်းမြို့ဟောင်းမှာ တူးသင့်တူးဖော်ထိုက်တာတွေကို လေးနှစ်စီမံချက်အနေနဲ့ ဒီနှစ် ဇန်နဝါရီလဆန်းမှာပဲ ပြင်သစ်၊ ဂျပန်နဲ့ ဘယ်လ်ဂျီယံပညာရှင်တွေပါဝင်တဲ့ မန္တလေးရှေးဟောင်းသုတေသနနဲ့ အမျိုးသားပြတိုက်က အရာရှိတွေ၊ ဟန်လင်းက သုနေသနအရာရှိတွေ တူးဖော်သုတေသနလုပ်နေကြတာပါ။ ကုန်းအမှတ်-၂၉ နဲ့ ကပ်လျက်နေရာမှာ တစ်လွှာချင်းတူနေတာ လက်ရှိ ဖေဖော်ဝါရီ ၁၁ ရက်မှာ အနက် ၂ မီတာလောက်အထိ တူးတာ ရုပ်ကြွင်းတွေနဲ့ အသုံးအဆောင်အချို့ကို တွေ့ရှိနေပါပြီ။ ဆက်ပြီးလည်း တူးဦးမှာပါ။ တူးဖော်သုတေသနပြုတဲ့အဖွဲ့မှာ ပြင်သစ်က ခုနစ်ဦး၊ မန္တလေးဌာနခွဲက သုံးဦးနဲ့ ဟန်လင်းဌာနစုက လေးဦးက ဦးဆောင်ပြီး လုပ်ဆောင်နေကြတာပါ" ဟု မန္တလေးရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်မှ ဟန်လင်းတူးဖော်မှု ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက ပြောသည်။

ဟန်လင်းမြို့ဟောင်းကို ၁၉၀၅ ခုနှစ်တွင် ကမ္ပည်းကျောက်စာဝန် မစ္စတာတော်စိန်ခိုက စတင်ကာ ပဏာမ စတင်တူးဖော်ခဲ့ပြီး ၁၉၂၉-၁၉၃၀ ခုနှစ်တွင် ချားလ်ဒူရွိုင်ဆယ်က ထပ်မံစမ်းသပ်တူးဖော်ခဲ့ရာ ယခုလက်ရှိတွင် ကုန်းပေါင်း ၄၁ ကုန်းကို သုတေသနပြုထားပြီးဖြစ်သလို ဆက်လက်၍လည်း ဘဏ္ဍာရေးနှစ်အလိုက် တူးဖော်သုတေသနပြု လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟန်လင်းမြို့ဟောင်း တူးဖော်မှုများကို တစိုက်မတ်မတ်ဆောင်ရွက်နေသူ ဟန်လင်းစံပြကျေးရွာဒေသခံ ဦးမြင့်စိုးအောင်က ပြောသည်။

"အခု လေးနှစ်စီမံချက်ဟာ ပြင်သစ်၊ ဂျပန်နဲ့ ဘယ်လ်ဂျီယံပညာရှင်တွေဟာ ဟန်လင်းက ကြေးခေတ်နဲ့ ပျူခေတ်အဆင့် သမိုင်းဆိုင်ရာ တိကျမှုအထောက်အထားတွေကို တစ်လွှာချင်းအလိုက် စိတ်ရှည် လက်ရှည် တူးဖော် သုတေသနပြုနေကြတာဖြစ်ပါတယ်။ အနီးစပ်ဆုံးကို နှစ်အလိုက် ဘတ်ဂျက်ချထားမှုအပေါ် မူတည်ပြီး တူးဖော်ကြတာပါ။ စတင်တူးတဲ့အချိန်ကစပြီး လက်ရှိအချိန်အထိ တူးဖော်သုတေသနလုပ်ပြီးတာ ၄၁ ကုန်းရှိပါပြီ"ဟု ဦးမြင့်စိုးအောင်က ပြောသည်။

ဟန်လင်းမြို့သည် သမိုင်းမှတ်တမ်းများ၊ ဒေသဆိုင်ရာ ရာဇဝင်များအရ မင်းဆက်ပေါင်း ၇၉၉ ပါး စိုးစံခဲ့ပြီး မင်းဆက် ၈၀၀ မြောက် ပျူမင်း၊ ပြုံးမင်းတို့ လက်ထက်တိုင်အောင် မြို့ပြနိုင်ငံတော်အဖြစ် ထင်ရှားခဲ့ပြီး ပျူမြို့ပြနိုင်ငံတစ်ခုအဖြစ် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့သည်ကို တူးဖော်တွေ့ရှိရသော မြို့ရိုးများ၊ မြို့ဝင်လမ်းများ၊ အဆောက်အအုံ အကြွင်းအကျန်များ၊ ကျောက်စာများ၊ လူ့အသုံးအဆောင် ပစ္စည်းများက သက်သေခံလျက်ရှိကြောင်း ဟန်လင်းဒေသခံများထံမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲ ဘီးလင်း၌ပြုလုပ်

**ဘီးလင်း ဖေဖော်ဝါရီ ၁၄**

ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ဘီးလင်းမြို့နယ် မဲလံကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာနဦးစီးမှူး ဒေါ်အေးမျိုးမျိုးစံက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာခြင်းနှင့် ပတ်သက်၍ ရှင်းလင်းခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသော နံ့ရုံကပ်၊ ဓာတ်ပုံ၊ စာအုပ်စာစောင်များကို ကြည့်ရှုကြကြောင်း သိရသည်။

**ထူးနောင်(ဘီးလင်း)**

**တောတောင်စိမ့်စမ်း စိတ်ရွှင်လန်း၏**

# မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်    ဖေဖော်ဝါရီ    ၁၄

**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးကျော်စွာစိုးက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



လေးစားရပါသော တိုင်းသူပြည်သားအပေါင်းတို့ခင်ဗျား- ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပဏာမ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည် ခင်ဗျား-

ကျွန်တော်ကတော့ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးကျော်စွာစိုး ဖြစ်ပါတယ်ခင်ဗျား-

ကျွန်တော်တို့ လယ်သမားပါတီဟာ ၂၀၁၅ ရွေးကောက်ပွဲတုန်းကလည်း လယ်သမားကိုယ်စားလှယ်တော် ၂၆၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ကံကြမ္မာက အကျိုးမပေးလို့ လယ်သမားကိုယ်စားလှယ်တော်တွေ လွှတ်တော်ထဲ မရောက်ရှိခဲ့ရပါဘူးခင်ဗျား-

ဒါပေမယ့် မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ မြန်မာနိုင်ငံမှာ သန္ဓေတည်သွားပြီဆိုတာ ငြင်းလို့မရတော့ပါဘူး။ သန္ဓေတည်ပြီးသားဖြစ်တဲ့အတွက် အချိန်တစ်ခုအတွင်းမှာ မွေးဖွားလာတော့မှာ ဧကန်မလွဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လယ်သမားပါတီဟာ လွှတ်တော်ထဲမှာ ကိုယ်စားလှယ်တော်တွေအနေနဲ့ လယ်သမားကိုယ်စားပေါက်ဖွားလာတော့မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဆင်းရဲသားလယ်သမားအကြောင်းကို လယ်သမားကိုယ်စားလှယ်တွေက အသိဆုံးဖြစ်ပါတယ်။ ကိုယ့်အကြောင်း၊ ကိုယ့်အခက်အခဲတွေကို တင်ပြနိုင်ဖို့၊ နိုင်ငံတော်မှာ ပါဝင်ဆွေးနွေးနိုင်ဖို့အတွက် မဆုတ်မနစ်သော ဇွဲလုံ့လနဲ့ ကြိုးစားသွားမှာဖြစ်ပါတယ်။

လောကကြီးမှာ လူနှစ်မျိုးနှစ်စားရှိပါတယ်။

(က) အလုပ်တစ်ခုကို လုပ်ပြီးမှ စဉ်းစားတဲ့လူနဲ့

(ခ) စဉ်းစားပြီးမှ လုပ်တဲ့လူဆိုပြီး နှစ်မျိုးရှိပါတယ်။

လုပ်ပြီးမှ စဉ်းစားတဲ့သူရဲ့ ရလဒ်ကတော့ နောင်တတရားပဲဆိုတာ ကျွန်တော့်ဆင်းရဲသား တောင်သူလယ်သမားကြီးတွေ သဘောပေါက်ဖို့လိုပါတယ်။

စဉ်းစားပြီးမှ လုပ်တဲ့သူရဲ့ရလဒ်က အောင်မြင်မှုနဲ့ ပျော်ရွှင်မှုပါပဲ။ ဒါကြောင့် သတိထားပြီး မဲပေးကြပါလို့ ပြောကြားပါရစေခင်ဗျား-

နောက်ပြီး ရိုးသားမှုနဲ့ ဦးနှောက်မရှိတာဟာ တခြားစီပဲဆိုတာ သဘောပေါက်ဖို့လိုပါတယ်။

ကျွန်တော်တို့ ဆင်းရဲသားတောင်သူလယ်သမားတွေဟာ အလုပ်လုပ်ရဆုံးလူသားဖြစ်ပြီး အဆင်းရဲဆုံးဘဝ ရရှိနေတာဟာ လုံးဝသဘာဝမကျတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။

လယ်သမားတွေရဲ့ဘဝကို တိုင်းပြည်ခေါင်းဆောင်အဆက်ဆက်က သနားပါတယ်၊ ကရုဏာသက်ပါတယ်ဆိုပြီး ကိုယ်ချင်းစာစကားတွေ ပြောကြားခဲ့ပါတယ်။ ဆင်းရဲသားလယ်သမားတို့ကို ကိုယ်ချင်းစာတယ်ဆိုတာ အတူခံစားဖူးတာကမှ အစစ်ဆိုတာ မြဲမြဲမှတ်ထားစေလိုပါတယ်။

ကျွန်တော်တို့ မြန်မာပြည်မှာ ဆင်းရဲသားတောင်သူလယ်သမား မိသားစုတွေရဲ့ဘဝဟာ တိုင်းပြည်စီးပွားရေး နိမ့်ပါးခဲ့ကြရတဲ့အတွက် မိတကွဲ၊ ဖတကွဲ၊ သားတကွဲ၊ မယားတကွဲနဲ့ ကိုယ့်အရပ်ဒေသကို ခွဲခွာပြီး အိမ်နီးချင်းတိုင်းတစ်ပါးမှာ အနိမ့်ဆုံးအဆင့်နဲ့ ဆင်းဆင်းရဲရဲ၊ ချို့ချို့တဲ့တဲ့နဲ့လုပ်ကိုင်ပြီး ရွာမှာကျန်ခဲ့တဲ့မိသားစုအတွက် ရုန်းကန်ရှာဖွေပြီး ပို့ပေးနေကြရပါတယ်။ ရွာက ကျန်နေခဲ့တဲ့သူဟာလည်း ရင်တထိတ်ထိတ်နဲ့ တစ်လချင်း ဖြတ်ကျော်နေရတာ ဆင်းရဲသား တောင်သူလယ်သမားမိသားစုတွေ အသိဆုံးဖြစ်ပါတယ်။

မြန်မာလူမျိုးတွေဟာ မိသားစုကို ဘယ်လောက်တန်ဖိုးထားပြီး ချစ်မြတ်နိုးသလဲဆိုတာ အားလုံးအသိပါ။ အခုတော့ ဆင်းရဲသားတောင်သူလယ်သမားတွေဟာ လယ်လုပ်ရင်းငတ်၊ ကြိုးစားရင်းပြတ်ဆိုတဲ့ဘဝကို ရောက်နေကြတာကြာပြီဖြစ်နေပါတယ်။

ဒါကြောင့် ဒီအခက်အခဲတွေကို ကျော်လွှားနိုင်ဖို့အတွက် ကျွန်တော်တို့ဆီမှာ မြေရှိတယ်၊ ရေရှိတယ်၊ လေရှိတယ်၊ အလုပ်လုပ်ချင်တဲ့လူရှိတယ်။ ဒါပေမယ့် နည်းပညာနဲ့ ငွေကြေးအရင်းအနှီးမရှိကြတဲ့အတွက် အခက်အခဲဖြစ်နေတာပါ။ နိုင်ငံတော်အစိုးရကလည်း ထောက်ပံ့နိုင်ဖို့ ကြိုးစားခဲ့ပေမယ့်လည်း သီးနှံပေါ်ရင် ဈေးကွက်ပျောက်တဲ့ ဝေဒနာကရှိနေတော့ အခက်တွေ့နေကြပါတယ်။

ဒါတွေကို ကျော်လွှားနိုင်ဖို့ လယ်သမားပါတီက အစိုးရတာဝန်ရှိတဲ့သူတွေထံ အကူအညီတောင်းခံ အကြံဉာဏ်ပေးရင်း ပြည်ပအဆက်အသွယ်တွေရအောင် ကြိုးစားသွားပါမယ်။

တစ်ခုက မြန်မာနိုင်ငံတောင်သူလယ်သမားပါတီဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ လယ်သမားထုကို တောင်းပန်ပါရစေခင်ဗျား- ကျွန်တော်တို့ပါတီဟာ ၆. ၁၁. ၂၀၁၂ ခုနှစ်မှာ စတင်ထူထောင်ခဲ့ပြီး သုံးနှစ်တာ သက်တမ်းကာလမှာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို ဖုတ်ပူမီးတိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရပါတယ်။ ဖွဲ့စည်းထူထောင်စဉ်ကတည်းက ကျေးလက်နေလယ်သမားကြီးများနဲ့ ထူထောင်ခဲ့ကြရတာပါ။ ရွေးကောက်ပွဲမှာလည်း ကျေးလက်နေ လယ်သမားခေါင်းဆောင်တွေဟာ ရွေးကောက်ပွဲနိုင်ချင်တာတစ်ခုပဲ သိပါတယ်။ ပါတီထဲမှာ အင်အားများရင်ပြီးရောဆိုပြီး အားလုံးကို လက်ခံစည်းရုံးခဲ့ကြတာကိုတွေ့ရပါတယ်။ ထိုအထဲမှာ စုန်းပြူးတွေပါလာပြီး ဘဝတူဆင်းရဲသားချင်း ပါတီဝင်ကြေးတွေ အတင်းကောက်ခံခြင်း၊ ပါတီရဲ့ သဘောထားထုတ်ပြန်ထားခြင်းမရှိသော ကိစ္စရပ်များနှင့် မဲဆွယ်စည်းရုံးခြင်းများ၊ ကိုယ်ကမလုပ်ပေးနိုင်သေးတဲ့ကိစ္စကို အထင်ကြီးအောင် ကြွားဝါပြောဆိုပြီး စည်းရုံးခဲ့ခြင်းများ ပြုလုပ်ခဲ့ကြတယ်ဆိုတာ သိခဲ့ရပါတယ်။ ပါတီထဲမှာ ဟိုပါတီမှာ သူဘယ်လိုစွမ်းဆောင်ခဲ့တာ၊ ဒီပါတီမှာ ဘယ်လိုစွမ်းဆောင်ခဲ့တာတွေ ပြောဆိုပြီး လယ်သမားပါတီရဲ့ ဆင်းရဲသားတွေ အကျိုးအတွက်လို့ အသံကောင်းဟစ်ပြီး မသမာမှုပြုတဲ့ စုန်းပြူးတွေကို ပြတ်ပြတ်သားသားအရေးယူဖယ်ထုတ်ပစ်ခဲ့ရပါတယ်။ ဆင်းရဲသားလယ်သမားချင်း အခွင့်ကောင်းယူ လုပ်ဆောင်မှုတွေဖြစ်ခဲ့တဲ့အတွက် ပါတီကို တစ်ကြိမ်တစ်ခါ ခွင့်လွှတ်ပေးပါ။ နားလည်ပေးပါ။ အတွေ့အကြုံနုနယ်လွန်းတဲ့ လယ်သမားများ ဦးဆောင်ကြတာဖြစ်တဲ့အတွက် အမှားများစွာရှိခဲ့တာကို ကျွန်တော့်ပါတီရဲ့ ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဆင်းရဲသားလယ်သမားထုကြီးကို ဝန်ချတောင်းပန်ပါတယ်။ တစ်ကြိမ်တစ်ခါ ခွင့်လွှတ်ပေးပါခင်ဗျား-

အဲဒါကြောင့် ကျွန်တော်တို့ လယ်သားမားပါတီ ပိုမိုပြီး ကောင်းအောင် ကြိုးစားပြီး အလုပ်လုပ်သွားပါမယ်လို့ ကတိပြုပါတယ်ခင်ဗျား-

ကျွန်တော့်ကို လယ်သမားကြီးတွေပြောတဲ့ စကားက ဦးကျော်စွာစိုးရယ်- ကျွန်တော်တို့ ဒီမိုကရေစီလည်း နားမလည်ပါဘူး။ ဒီမိုကရက်တစ်လည်း နားမလည်ပါဘူး။ ကျွန်တော်တို့ အားလုံးဗိုက်ဆာတာရယ်၊ ကြွေးထူတာရယ်ပဲ သိပါတော့တယ်တဲ့။ အလွန်ဝမ်းနည်းစရာကောင်းတဲ့စကား ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆင်းရဲပါတယ်တဲ့။ အမြော်အမြင်နည်းပါတယ်တဲ့။ ကိုယ်စားလှယ်တော်ကြီးတွေကို ပြောပေးပါတဲ့။ ထမင်းဝအောင်ကျွေးပြီးမှ စည်းကမ်းတွေ တင်းကျပ်ပေးပါ။ ထမင်းမဝတော့ စည်းကမ်းရှိချင်ပေမယ့် စည်းကမ်းမဲ့မိပါတယ်။ ဆင်းရဲသားထုကြီးကို ထမင်းဝအောင်ကျွေးပြီးရင် ထုတ်ပြန်တဲ့စည်းကမ်းကို အပြည့်အဝလိုက်နာပါမယ်လို့ အသက်နဲ့လဲ ကတိပြုပါတယ်တဲ့ဗျာ- ကျွန်တော် ဘာပြန်ပြောရမယ်မှန်းကို မသိတော့ပါဘူးခင်ဗျား-

ကျွန်တော်တို့တိုင်းပြည်ဟာ စိုက်ပျိုးရေးတိုင်းပြည်ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့စီးပွားရေးဦးမော့လာဖို့ဟာ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာဖို့ အဓိကကြပါတယ်။ စိုက်ပျိုးရေးအောင်မြင်ဖို့ဆိုတာ အဲဒီလယ်သမားတွေ လွှတ်တော်ထဲပါဝင်လာပြီး တင်ပြဆွေးနွေးနိုင်မှသာ ဖြစ်ရပ်မှန်တွေ သိရှိလာမှာပါ။ ဒါကြောင့် လယ်သမားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးတွေ လွှတ်တော်ထဲရောက်ဖို့ အလွန်အရေးကြီးပါတယ်။

လွှတ်တော်အမတ်ရွေးချယ်ခဲ့တဲ့အခါမှာလည်း ကျွန်တော့်ပြည်သူတွေကို မေတ္တာရပ်ခံချင်တာက သူ့အသိ၊ သူ့အတွေး၊ သူ့အကြောင်းတွေကိုပဲ ဦးစားပေးတဲ့လူကို မရွေးမိဖို့၊ ကိုယ့်အကြောင်း ကိုယ့်အတွေး ကိုယ့်အရေးကို အကောင်အထည်ဖော်ပေးမည့် လွှတ်တော်ကိုယ်စားလှယ်ကို ရွေးချယ်ကြပါလို့တိုက်တွန်းပါတယ်။

မဲဆွယ်စည်းရုံးတဲ့အခါမှာလည်း ကမ္ဘာကြီးကို ဘယ်လိုကောင်းအောင် လုပ်ပေးမယ်၊ တိုင်းပြည်ကို ဘယ်လိုကောင်းအောင် လုပ်မယ်ဆိုတာတွေ နားမထောင်ဘဲ ငါ့အကျိုးစီးပွားကောင်းအောင် လုပ်ပေးမှာလား၊ ငါ့အကျိုး လုပ်ပေးမယ်ဆိုရင် မင်းကို မဲပေးမယ်လို့ ပြတ်ပြတ်သားသားပြောပြီးမဲပေးပါ။


မဲပေးတယ်ဆိုတာ ကိုယ့်ထက်တော်လို့၊ ကိုယ့်ထက်တတ်လို့ထင်ပြီး အားကိုးနိုင်လောက်တဲ့သူထင်လို့ ရွေးချယ်ခြင်းဖြစ်ပါတယ်။

ကျွန်တော်က လယ်သမားပါတီက လယ်သမားကိုယ်စားလှယ်တော်ကြီးတွေ လွှတ်တော်ထဲကို တအားရောက်စေချင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ -

လွှတ်တော်ဆိုတာ ပြည်သူတွေက ရွေးချယ်တင်မြှောက်လိုက်တဲ့ အားကိုးထိုက်တဲ့ဖခင်နေရာပါ။

တိုင်းသူပြည်သားဆိုတာ သားသမီးပါ။

အစိုးရဆိုတာ လွှတ်တော်က ဖွဲ့စည်းပေးပြီး ပြည်သူ့အကျိုးဆောင်ရွက်ဖို့ ပြည်သူ့ကို စောင့်ရှောက်ရတဲ့ ကလေးထိန်းပါ။ ဒါကြောင့် သားသမီးနှင့် အနီးကပ်နေတဲ့ ကလေးထိန်းပါ။ လွှတ်တော်ဆိုတဲ့ ဖခင်နေရာကို လယ်သမားကိုယ်စားလှယ်တော်ကြီးတွေရောက်သွားရင် ကိုယ့်သားသမီးကို စောင့်ရှောက်နိုင်ဖို့ပါပဲ။ ဖခင်ကောင်း၊ မိခင်ကောင်းဆိုတဲ့ အမတ်တွေရောက်မှ ကိုယ့်သားသမီးအရေးကို စွမ်းစွမ်းတမံ လုပ်ဆောင်နိုင်မှာဖြစ်လို့



လယ်သမားကိုယ်စားလှယ်တော်ကြီးတွေကို လွှတ်တော်ထဲ ရောက်စေချင်တာပါ။

ဒါကြောင့် ပြည်သူအတွက်မကြောက်တတ်ဘဲ အားကိုးလောက်တဲ့ လွှတ်တော်အမတ်တွေကို ရွေးချယ်ပေးစေလိုပါတယ်။

တောင်သူလယ်သမားတွေဟာ ခေတ်အဆက်ဆက် ဒုံရင်းဒုံရင်းဘဝပဲမို့လို့ ပါတီတွေကို ကြောက်နေပါပြီတဲ့။ ဒါကြောင့် တောင်သူလယ်သမားအပေါင်းတို့ လယ်သမားအကြောင်းသိတဲ့ လယ်သမားပါတီက ပြောချင်တာကတော့ ဒီနေ့ခေတ်စားနေတဲ့ သီချင်းအတိုင်း "မကြောက်ပါနဲ့မိန်းကလေးရယ်၊ ဗိုလ်အောင်ဒင် မင်းကိုချစ်တယ်၊ အားလုံးနဲ့ ရင်ဆိုင်မယ်"လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါသည်ခင်ဗျား။

**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ**
**သီချင်းစာသား**

ဟေ့ ကျေးလက်က လယ်သမားတွေ ခေတ်နောက်ကျကျန်ခဲ့ပေ
တို့များတွေသွေးသားပေမို့ ဆင်းရဲခြင်းကင်းရှင်းစေ
ဟေ့ ကျေးလက်ကလယ်သမားတွေ ခေတ်နောက်ကျကျန်ခဲ့ပေ
တို့များတွေသွေးသားပေမို့ ဆင်းရဲခြင်းကင်းရှင်းစေ
အလုပ်လုပ်ဆုံးဟာ လယ်သမားဟေ့
အဆင်းရဲဆုံးဟာ တို့လယ်သမားဟေ့
ဟေ့ ဟိုအစိုးရအဆက်ဆက်မှာတော့ လယ်သမားတို့တွေ ထုထောင်းလို့ကျေ
ဟေ့ ဒီအစိုးရလက်ထက်မှာတော့ အသွင်ပြောင်းခဲ့ပေ စက်မှုလယ်ယာခေတ်တဲ့ဟေ
ဆင်းရဲမှုကိုလျှော့ချမယ်ဟေ့ ကျေးလက်ဘဝကိုမြှင့်တင်မယ်ဟေ့
ဟေ့ ကျေးလက်ကလယ်သမားတွေ အားတက်စရာပဲဟေ့
ကျေးလက်ကလယ်သမားတွေ အားတက်စရာပဲဟေ့
လယ်ယာဥပဒေအသစ်ထွက်ပြီမို့ တို့ဝမ်းသာလို့နေ
လယ်ယာဥပဒေအသစ်ထွက်ပြီမို့ တို့ဝမ်းသာလို့နေ
တရားနဲ့ညီညွတ်စေ၊ မသမာမရိုးသားမှုတွေကင်းရှင်းကာ ပပျောက်စေဟေ့
ဟေ့ ပါတီဝင်ပါလယ်သမားတွေ ရွေးကောက်ခံကြဟေ့
ဟေ့ ပါတီဝင်ပါလယ်သမားတွေ ရွေးကောက်ခံကြဟေ့
လယ်သမားအမတ်တွေလွှတ်တော်ဝင်လို့ ပြည်အကျိုးဆောင်ရွက်မလေ
လယ်သမားအမတ်တွေလွှတ်တော်ဝင်လို့ ပြည်အကျိုးဆောင်ရွက်မလေ
အားလုံးညီညွတ်စေ
ဒီနိုင်ငံတိုးတက်ဖို့လေ လယ်သမားက အဓိကပါဟေ့
ဟေ့ ထိခေါင် ထိခေါင် ထိခေါင်လားဟေ့ ထိခေါင် ထိခေါင် ထိခေါင်ပဲဟေ့
ထိခေါင် ထိခေါင် ထိခေါင်ပဲဟေ့ ထိခေါင် ထိခေါင် ထိခေါင်လားဟေ့
ကျေးလက်နေတောင်သူလယ်သမားတွေ အမျိုးသားရေးကြိုးစားကြမယ်လေ
ဟေ့ ကျေးလက်ကလယ်သမားတွေ အားတက်စရာပဲဟေ့
ကျေးလက်ကလယ်သမားတွေ အားတက်စရာပဲဟေ့
လယ်ယာဥပဒေအသစ်ထွက်ပြီမို့ တို့ဝမ်းသာလို့နေ
လယ်ယာဥပဒေအသစ်ထွက်ပြီမို့ တို့ဝမ်းသာလို့နေ
တရားနဲ့ညီညွတ်စေ၊ မသမာမရိုးသားမှုတွေကင်းရှင်းကာပပျောက်စေဟေ့
ဟေ့ ပါတီဝင်ပါလယ်သမားတွေ ရွေးကောက်ခံကြဟေ့
ဟေ့ ပါတီဝင်ပါလယ်သမားတွေ ရွေးကောက်ခံကြဟေ့
လယ်သမားအမတ်တွေလွှတ်တော်ဝင်လို့ ပြည်အကျိုးဆောင်ရွက်မလေ
လယ်သမားအမတ်တွေလွှတ်တော်ဝင်လို့ ပြည်အကျိုးဆောင်ရွက်မလေ
အားလုံးညီညွတ်စေ
ဒီနိုင်ငံတိုးတက်ဖို့လေ လယ်သမားဟာအဓိကပါဟေ့
ဟေ့ ထိခေါင် ထိခေါင် ထိခေါင်လားဟေ့ ထိခေါင် ထိခေါင် ထိခေါင်ပဲဟေ့
ထိခေါင် ထိခေါင် ထိခေါင်ပဲဟေ့ ထိခေါင် ထိခေါင် ထိခေါင်လားဟေ့
ကျေးလက်နေတောင်သူလယ်သမားတွေ အမျိုးသားရေးကြိုးစားကြမယ်လေ။

# အစားအသောက်ထုပ်ပိုးမှုနည်းပညာရပ်များနှင့် ဝန်ဆောင်မှုနည်းပညာရပ်များလေ့လာရန် ဂျပန်သို့ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ပြည်တွင်းရှိစားသောက်ဆိုင်လုပ်ငန်းများ ကျန်းမာရေးနှင့် ညီညွတ်ပြီး နိုင်ငံတကာ အရည်အသွေးပြည့်မီစေရန်နှင့် ဝန်ဆောင်မှုများ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဝန်ကြီးဌာနနှင့် ပြည်တွင်းစားသောက်ဆိုင်လုပ်ငန်း အသီးသီးမှ တာဝန်ရှိသူများပါဝင်သော သင်တန်းသား ၂၅ ဦးပါဝင်သည့်အဖွဲ့သည်ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အစားအသောက်ထုပ်ပိုးမှုနည်းပညာရပ်များ၊ အစားအစာသန့်ရှင်းမှုနှင့် ဝန်ဆောင်မှုနည်းပညာရပ်များကို သွားရောက်လေ့လာရန်အတွက်ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးစဉ်ဖြင့် ဖေဖော်ဝါရီ ၅ ရက် ညပိုင်းက ထွက်ခွာခဲ့ကြောင်း သိရသည်။




လေ့လာရေး သင်တန်းသားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

အဆိုပါ အစီအစဉ်ကို ဂျပန်နိုင်ငံ ကုန်သွယ်ရေးနှင့် စီးပွားရေးဝန်ကြီးဌာန အကူအညီဖြင့် ဂျပန်နိုင်ငံအခြေစိုက် HIDA(The Oversea Human Resources and Industry Development Association) နှင့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းအောက်ရှိ ဆိုင်များမှ မန်နေဂျာ Level များ၊ Supervisor Level များ၊ Managing Level များပါဝင်ကြောင်းနှင့် ယခုအကြိမ်သည် တတိယအကြိမ်မြောက်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဂျပန်နိုင်ငံ တိုကျိုမြို့ ခရီးစဉ်၌ YCDC ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ အရာရှိများ၊ အဆင့်မြင့်စားသောက်ဆိုင်ကြီးများမှ ပိုင်ရှင်များ၊ ဆိုင်တာဝန်ခံများ၊ မန်နေဂျာများ ပါဝင်ပြီး ဂျပန်နိုင်ငံလေ့လာရေးခရီးစဉ် သင်တန်းကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၇ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - စိုးဝင်း(MLA)**

# အမျိုးသမီးများ ရွှေလောကအကြောင်း စိတ်ဝင်စားမှုများပြား

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ရွှေပညာဒါန(အခမဲ့) သင်တန်းကို ၂၀၁၃ ခုနှစ်မှ စတင်၍ စဉ်ဆက်မပြတ် ဖွင့်လှစ်ခဲ့ရာ သင်တန်းတစ်ကြိမ်လျှင် သင်တန်းသားဦးရေ ၁၀၀ နီးပါးခန့် တက်ရောက်ကြကြောင်း သိရသည်။

သင်တန်းတွင် အမျိုးသမီးဦးရေပိုမိုများပြားကြောင်းနှင့် ရွှေလောကသို့ ဝင်ရောက်လုပ်ကိုင်နိုင်ခြင်းထက် ဗဟုသုတအသိပညာပိုမိုရရှိစေရန် ရည်ရွယ်၍ တက်ရောက်ခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းကာလမှာ ၁၀ရက်ကြာမြင့်ပြီး သင်တန်းတွင် ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်း၊ မီးလင်းအခေါက်ရွှေရောင်းဝယ်ခြင်း၊ ရွှေအပေါင်ခံခြင်း၊ ရွှေပန်းတိမ်အထည်အပ်ခြင်း၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း၊ ရွှေဈေးကွက်နှင့် နိုင်ငံခြားရွှေထည်များအကြောင်း၊ ရွှေဒင်္ဂါး ငွေဒင်္ဂါးအကြောင်း၊ ရွှေဝယ်ရွှေရောင်းနှင့် လျှော်ခြင်းရွှေချွတ်တွက်နည်း၊ ကျောက်မျက်ပညာရပ်တို့ကို ရွှေလောကမှ ထင်ရှားကျော်ကြားသည့် ပညာရှင်များက သင်ကြားပို့ချသည်။

ဖေဖော်ဝါရီ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး၌ ပြုလုပ်သည့် ရွှေပညာဒါန (အခမဲ့) သင်တန်းအမှတ်စဉ် (၁/၂၀၁၇) ဆင်းပွဲတွင် သင်တန်းဆင်းလက်မှတ်များကို အသင်းနာယက ဦးဘသန်း၊ ဥက္ကဋ္ဌဦးမျိုးမြင့်၊ အတွင်းရေးမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။ သင်တန်းသူတစ်ဦးဖြစ်သည့် ကမာရွတ်မြို့နယ်မှ မမော်မော်လင်းက သင်တန်းတက်ရောက်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားရာတွင် အမျိုးသမီးများမှာ ရွှေနှင့်ကျောက်မျက်ရတနာများကို အမျိုးသားများထက်ပိုမိုစိတ်ဝင်စားကြောင်း၊ မိမိတို့ကိုယ်တိုင် တန်ဖိုးထားမြတ်နိုးစွာ ဝယ်ယူဝတ်ဆင်လေ့ရှိကြောင်း၊ သင်တန်းတွင် ရွှေအရည်အသွေး အတုအစစ်ခွဲခြားခြင်း၊ ရွှေဈေးနှုန်းတွက်နည်း၊ အလျော့တွက်၊ အပေါင်ခံနည်း၊ ရွှေမှတ်ကျောက်တိုက်နည်း၊ ပန်းတိမ်လုပ်ငန်း၊ ကျောက်မျက်အရည်အသွေးနှင့် အတုအစစ်ခွဲခြားခြင်းတို့ကို စာတွေ့၊လက်တွေ့ သင်ကြားရသည့်အတွက် သူတစ်ပါး လိမ်ညာခြင်းကို မခံရဘဲ ဗဟုသုတများစွာရရှိသဖြင့် တက်ရောက်ရခြင်းဖြစ်ကြောင်း ပြောပြသည်။

**(အောင်သူရ)**

# တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် သစ်များ ရေပူစစ်ဆေးရေးစခန်း၌ ရှာဖွေသိမ်းဆည်းရမိ

**လားရှိုး ဖေဖော်ဝါရီ ၁၄**

လားရှိုးမှ မူဆယ်သို့ တင်ဆောင်လာသည့် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် သစ်များကို ဖေဖော်ဝါရီ ၉ ရက်က ရေပူစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သတင်းရရှိသည်။

လားရှိုးမြို့မှ မူဆယ်မြို့သို့ ဝင်ရောက်လာသည့် ISUZU Canter ခြောက်စီးနှင့် FUSO ၁၂ ဘီးယာဉ်တို့အား ရေပူစစ်ဆေးရေးစခန်းက တားဆီးရှာဖွေခဲ့ရာ တရားမဝင် တမလန်းခားရွှေတုံး ၃၅ တုံး၊ ၁ ဒသမ ၂၇၈၀ တန်၊ ခန့်မှန်းတန်ဖိုး ကျပ် ၃ ဒသမ ၈၃၄ သန်းခန့်နှင့် ပိတောက် ၇၂ တုံး၊ ၁၃ ဒသမ ၆၇၀ တန်၊ ခန့်မှန်းတန်ဖိုး ကျပ် ၃၇ ဒသမ ၂၇၉ သန်းခန့် စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၄၁ ဒသမ ၁၁၃ သန်းခန့်ကို သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းအပြင် ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်အတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများနှင့် အကောက်ခွန်နယ်မြေအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်ပို့/တင်သွင်းသော ကုန်ပစ္စည်းများကို စစ်ဆေးရှာဖွေအရေးယူလျက်ရှိရာ ရန်ကုန်ဆိပ်ကမ်းတွင် တားဆီးမှု တစ်မှု၊ ခန့်မှန်းတန်ဖိုး ၄၀၆ ဒသမ ၅၀ သန်း၊ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနရုံးက တားဆီးမှု လေးမှု၊ ခန့်မှန်းတန်ဖိုး ကျပ် ၂၄ ဒသမ ၁၂ သန်းခန့်၊ ရေပူစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု၊ ခန့်မှန်းတန်ဖိုး ကျပ် ၄၁ ဒသမ ၁၁၃ သန်းခန့် စုစုပေါင်း ခုနစ်မှု၊ ခန့်မှန်းတန်ဖိုး ကျပ် ၄၇၁ ဒသမ ၇၃၃ သန်းခန့် ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(၀၀၁)**



ခန့်မှန်းတန်ဖိုး ၄၀၆ ဒသမ ၅၀ သန်း၊ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနရုံးက တားဆီးမှု လေးမှု၊ ခန့်မှန်းတန်ဖိုး ကျပ် ၂၄ ဒသမ ၁၂ သန်းခန့်၊ ရေပူစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု၊ ခန့်မှန်းတန်ဖိုး ကျပ် ၄၁ ဒသမ ၁၁၃ သန်းခန့် စုစုပေါင်း ခုနစ်မှု၊ ခန့်မှန်းတန်ဖိုး ကျပ် ၄၇၁ ဒသမ ၇၃၃ သန်းခန့် ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(၀၀၁)**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက် မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၊ အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၆၁၉ (ရုံးချိန်အတွင်း)

# ရန်ကုန်တက္ကသိုလ် ကွန်ပျူတာဌာနမှ ထူးချွန်ကျောင်းသားကျောင်းသူများအတွက် Samsung Myanmar မှ ပညာသင်ဆု ငွေကျပ် သိန်း ၁၀၀ မတည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်တက္ကသိုလ် ကွန်ပျူတာဌာနမှ ထူးချွန်ကျောင်းသားကျောင်းသူများအတွက် ပညာသင်ကြားစရိတ် ထောက်ပံ့ပေးမည့် ပညာသင်ဆု ရန်ပုံငွေအဖြစ် Samsung Myanmar က ငွေကျပ်သိန်း ၁၀၀ ဖြင့် စတင် မတည်လိုက်ကြောင်း ဖေဖော်ဝါရီ ၁၃ ရက်တွင် ထုတ်ပြန်သည့်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်များဟု တင်စားခြင်းခံရသည့် လူငယ်များ၏ ပညာရေးမှာ အရေးကြီးသည့် ကဏ္ဍတစ်ခုပင်ဖြစ်ပြီး လူငယ်များပညာရေး အုတ်မြစ်ခိုင်မာမှသာ အနာဂတ်လှပမည်ဖြစ်ခြင်းကြောင့် Samsung Myanmar က ထူးချွန်ကျောင်းသားကျောင်းသူများအား တစ်တပ်တစ်အား ထောက်ပံ့ပေးနိုင်မည့် ယခုပညာသင်ဆု ရန်ပုံငွေအား မတည်လိုက်ခြင်းဖြစ်သည်။

“Samsung Myanmar ကနေပြီးတော့ လာမည့်မတ်လထဲမှာ ရန်ကုန်တက္ကသိုလ်မှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် Mobile Application Training ရက်တိုသင်တန်းကိုလည်း ဖွင့်လှစ်ပေးဦးမယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံရဲ့ ပညာရေးကို အခုလိုတတ်စွမ်းသရွေ့ကူညီထောက်ပံ့ပေးနေတာ သိရတဲ့အတွက် ဝမ်းသာမိပါတယ်။ အခုမတည်လှူဒါန်းတဲ့ရန်ပုံငွေကနေပြီးတော့ တကယ်ထူးချွန်တဲ့ကျောင်းသားကျောင်းသူတွေကို ကူညီထောက်ပံ့ပေးသွားမှာပါ”ဟု ရန်ကုန်တက္ကသိုလ်ကွန်ပျူတာဌာန ပါမောက္ခဒေါက်တာစိုးမြမြအေးက ပြောကြားသည်။

မတည်လှူဒါန်းလိုက်သော ပညာသင်ဆုရန်ပုံငွေအား အကျိုးရှိစွာသုံးစွဲသွားရန် ရန်ကုန်တက္ကသိုလ်မှ တာဝန်ရှိသူများ၏ ဦးဆောင်လမ်းညွှန်မှုနှင့် အတူ ကော်မတီတစ်ခုဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရေရှည်သုံးစွဲသွားရန် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

“ထူးချွန်ပြီး ရည်မှန်းချက်မြင့်မားတဲ့လူငယ်တွေကို ကူညီပံ့ပိုးလိုတဲ့အတွက် ရန်ကုန်တက္ကသိုလ်က ဆရာကြီး ဆရာမကြီးတွေရဲ့ လမ်းညွှန်ဦးဆောင်မှုနဲ့ ဒီပညာသင်ဆုရန်ပုံငွေကို စတင်မတည်ဖြစ်သွားတာပါ။ မြန်မာနိုင်ငံက လူငယ်တွေရဲ့ပညာရေးအတွက် တစ်ဖက်တစ်လမ်းက တတ်နိုင်သလောက် အမြဲကူညီပံ့ပိုးပေးသွားမှာပါ။ ပညာသင်ဆုကို ရရှိမယ့် ကျောင်းသားကျောင်းသူတွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်း အသစ်တွေ ဖန်တီးပေးနိုင်အောင် ဆက်လက်ကြိုးစားသွားမှာပါ”ဟု Samsung Myanmar ၏ PR and Citizenship Manager ကိုစိုးသူရက ပြောကြားသည်။

Samsung Myanmar မှ မြန်မာနိုင်ငံ၏ မိုဘိုင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်နှင့် မိုဘိုင်းအပလီကေးရှင်းများ ပြုလုပ်ဖန်တီးနိုင်သည့် အရည်အချင်းရှိ ထူးချွန်လူငယ်များပိုမိုထွက်ပေါ်လာစေရန် ရည်ရွယ်ကာ Samsung Tech Institute Mobile Application Training ကို ၂၀၁၃ ခုနှစ်မှစတင်ကာ နှစ်စဉ်ပြုလုပ်ခဲ့ပြီး ကျောင်းသားကျောင်းသူပေါင်း ၄၀၀ ကျော်အား သင်တန်းပို့ချပေးခဲ့ပြီးဖြစ်သည်။ Samsung Tech Institute ၏ တိုးချဲ့အစီအစဉ်တစ်ခုအဖြစ် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ပူးပေါင်း၍ တီဗွီနှင့် မိုဘိုင်းဖုန်းပြုပြင်သင်တန်းကိုလည်း ၂၀၁၆ ခုနှစ်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ကြောင်း နှင့် Networking Training ကို သန်လျင် နည်းပညာတက္ကသိုလ်နှင့် ပူးပေါင်း၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



# သဃ်န်းကျွန်းမြို့နယ်တွင် မီးလောင်မှုဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက်(၄)လမ်း အမှတ်(၅၄၆)နေ ဦးခင်မောင်မြင့်၏ နေအိမ်တွင် ယမန်နေ့နံနက် ၁၁ နာရီ ၄၅ မိနစ်က Air Con Safeguard အပူလွန်ကဲရာမှ ခုတင်အောက်ရှိ မွေ့ရာပေါ်သို့ မီးပွားများလွင့်စဉ်၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနကွပ်ကဲမှူ ညွှန်ကြားရေးမှူး ဦးကျော်သူရ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မီးသတ်ဦးစီးမှူး၊ သဃ်န်းကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့၏ ကွပ်ကဲမှုဖြင့် သန္ဓေမီးသတ် အင်အား ၁၅၀၊ အရန်မီးသတ်အင်အား ၁၀၈ ဦး၊ မီးသတ်ယာဉ် ၂၃ စီး၊ အုပ်ချုပ်မှုယာဉ်သုံးစီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၀မိနစ်ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။ မီးလောင်မှုကြောင့် (၁၈ × ၅၀)ပေ နှစ်ထပ် အုပ်ညှပ်တစ်လုံး၊ (၁၀ × ၅၀)ပေ အုပ်ညှပ်အပေါ်ထပ်တစ်လွှာ မီးလောင်ခဲ့ပြီး နေအိမ်ပိုင်ရှင်အား သဃ်န်းကျွန်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ရဲမင်းထွန်း)**

# ဘုန်းမောက်အသင်းအား အနိုင်ရရှိခဲ့ပြီးနောက် အဆင့်(၂)နေရာသို့ မန်စီးတီးအသင်း တက်လှမ်း



ပရီမီယာလိဂ်ပွဲစဉ် (၂၅)၏ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ဘုန်းမောက် အသင်းနှင့် မန်စီးတီးအသင်းတို့၏ ပွဲစဉ်တွင် မန်စီးတီးအသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲကစားချိန် ၂၉ မိနစ်တွင် တိုက်စစ်မှူး စတာလင်ကလည်းကောင်း၊ ပွဲကစားချိန် ၆၉ မိနစ်တွင် ဘုန်းမောက် ကစားသမား တိုင်ရိုနီမင်က ကိုယ့်ဂိုးကိုယ်ပြန်သွင်းသည့် အနေအထားမှလည်းကောင်း ရရှိခဲ့ခြင်း ဖြစ်သည်။

မန်စီးတီးအသင်းသည် ဘုန်းမောက်အသင်းအား အနိုင်ရရှိခဲ့ ခြင်းကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ရမှတ် ၅၂ မှတ်ဖြင့် အဆင့်(၂)နေရာသို့ တက်လှမ်းနိုင်ခဲ့ပြီး အဆင့်(၁)နေရာမှ ချယ်လ်ဆီးအသင်းနှင့် ရှစ်မှတ်အကွာ အဆင့်(၃)နေရာမှ စပါးအသင်း၊ အဆင့်(၄)နေရာမှ အာဆင်နယ်အသင်းတို့ကို နှစ်မှတ်ဖြတ်ထားနိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် မန်စီးတီးအသင်းအတွက် ဂိုးသွင်းယူပေးနိုင်ခဲ့သည့် စတာလင်သည် သွင်းဂိုးခြောက်ဂိုးအထိ သွင်းယူနိုင်ခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ်သွင်းဂိုးနှင့် တူညီသွားပြီဖြစ်ပြီး ယမန်နှစ်က ၃၁ ပွဲတွင် ခြောက်ဂိုးသွင်းယူကာ ယခုနှစ်တွင်မူ ၂၃ ပွဲတွင် ခြောက်ဂိုးသွင်းယူ နိုင်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းအတွက် စတာလင်ဂိုးသွင်းယူနိုင်ခဲ့သည့် ပွဲစဉ် ၂၅ ပွဲရှိခဲ့ရာ ၂၄ ပွဲအထိ နိုင်ပွဲရရှိခဲ့ပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်းက ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်တစ်ပွဲသာ စတာလင်ဂိုးသွင်းခဲ့သော်လည်း ရှုံးနိမ့်ခဲ့သည်။

ဘုန်းမောက်အသင်းမှာမူ မန်စီးတီးအသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့သည့် နောက်ဆုံးလေးပွဲစလုံးရှုံးနိမ့်ခဲ့ရပြီး အဆိုပါလေးပွဲတွင် တစ်ဂိုးသာလျှင် ပြန်လည်သွင်းယူနိုင်ခဲ့ကာ ၁၅ ဂိုးအထိ ပေးခဲ့ရသည့် အသင်းဖြစ်သည်။

ဘုန်းမောက်အသင်းမှာ အက်ဖ်အေဖလားကစားရန် မရှိခြင်းကြောင့် ဖေဖော်ဝါရီ ၂၅ ရက်အထိ နားနေရမည်ဖြစ်သော်လည်း မန်စီးတီးအသင်းမှာမူ လာမည့်စနေနေ့တွင် အက်ဖ်အေဖလားပွဲစဉ် ပဥ္စမအဆင့်ပွဲစဉ်ကို ဟက်ဒါဖီးလ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

(ငွေကြယ်)

# ယူရိုပါလိဂ်ပွဲတွေကြားမှာ ရုန်းကန်ရမယ့် ဗီလာရီးယဲလ်

**လာလီဂါရင်ခုန်သံ-၂၃**

ရှိုင်းမင်းမင်း

**စပိန်လီဂါပွဲစဉ် ၂၃ ကို လာမယ့်ဖေဖော်ဝါရီလ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်ဟာ ဥရောပပွဲတွေနဲ့နီးကပ်နေတာကြောင့် အသင်းကြီးအချို့ပွဲပန်းလာနိုင်တာကို သတိပြုရမှာဖြစ်ပြီး ရီးယဲလ်၊ ဘာစီလိုနာတို့ နိုင်ပွဲဆက်နိုင်မလား စောင့်ကြည့်ရမယ်။**

**ဂရန်နာဒါ - ဘတ်တစ် နံနက် ၂း၁၅ (၁၈-၂-၁၇)**

ဂရန်နာဒါက တန်းမဆင်းရဖို့အားစိုက်ကစားနေသလို ဒီနောက်ပိုင်း ပွဲတွေမှာလည်း ရုန်းအားကောင်းမွန်နေတာကိုတွေ့ရပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်ဖြစ်နေတာကြောင့် ဂရန်နာဒါတို့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဘတ်တစ်ကတော့ အသင်းလိုက်ခြေစွမ်းပိုင်းသာမန်သာ ရှိပါတယ်။ ဂရန်နာဒါ အနိမ့်ဆုံးသရေလောက်ရမယ်။

**ဂီဂျွန် - အက်သလက်တီကို ည ၆း၃၀ (၁၈-၂-၁၇)**

ဂီဂျွန်က လက်ရှိအချိန်မှာ တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေပါတယ်။ ဂီဂျွန်ခြေကသာမန်သာရှိပေမယ့်လည်း အိမ်ကွင်းပွဲတွေမှာတော့ အသင်းလိုက် ခြေစွမ်းပိုင်းမဆိုးတာကို တွေ့ရပါတယ်။ အက်သလက်တီကိုကတော့ ဒီရာသီမှာ ခြေစွမ်းပိုင်းထင်သလောက် တည်ငြိမ်မှုမရှိပါဘူး။ ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ပွဲကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်ပါတယ်။ အဝေးကွင်းလည်းဖြစ်လို့ အက်သလက်တီကို ကပ်ပြီးသာနိုင်ခြေရှိတယ်။

**ရီးယဲလ် -အက်စ်ပန်ညို ည ၉း၄၅ (၁၈-၂-၁၇)**

ရီးယဲလ်က ဒီပွဲမတိုင်ခင်မှာ ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိ လာနိုင်ပါတယ်။ ဒ့ါအပြင် ရီးယဲလ်ဟာ ဒီပွဲအပြီးမှာလည်း ဗလန်စီယာနဲ့ ကြားရက်မှာ လာလီဂါပွဲကျန်ကစားရဖို့ရှိသေးတာကြောင့် ဒီပွဲမှာခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ဒ့ါအပြင် အက်စ်ပန်ညိုကလည်း လက်ရှိခြေစွမ်းပိုင်း မဆိုးသလို အဝေးကွင်းပွဲတွေမှာလည်း ကစားပုံတည်ငြိမ်မှုရှိပါတယ်။ ဒါကြောင့်လည်း ရီးယဲလ်အနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့မသေချာပါဘူး။

**ဒီပို့တီဗို - အလာဗက်စ် နံနက် ၀၀း၀၀ (၁၉-၂-၁၇)**

နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ အလာဗက်စ်ဟာဘာစီလိုနာကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတာကြောင့် ဒီပွဲစဉ်မှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ အထူးသဖြင့် အလာဗက်စ်ဟာအဝေးကွင်းပွဲတွေမှာ တိုက်စစ်က ဂိုးသွင်းအား အနည်းငယ်ပိုမိုကောင်းမွန်တတ်တာကို သတိပြုရမှာဖြစ်သလို အဝေးကွင်းမှာနိုင်ပွဲပိုရတတ်ပါတယ်။ဒါကြောင့် ဒီပို့တီဗိုတို့ အိမ်ကွင်းအားကောင်းပေမယ့်လည်း ဒီပွဲစဉ်မှာသရေသာ ကစားနိုင်ဖို့ရှိပါတယ်။

**ဘာစီလိုနာ - လီဂါနက်စ် နံနက် ၂း၁၅ (၂၀-၂-၁၇)**

ဘာစီလိုနာက ဒီပွဲမတိုင်ခင်မှာ ချန်ပီယံလိဂ်ကစားခဲ့ရမှာဖြစ်လို့ ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့်လည်း ဘာစီလိုနာခြေက အခုနောက်ပိုင်းမှာ ကောင်းမွန်မှုရှိနေသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ရီးယဲလ်ကို ဖိအားပေးနိုင်ဖို့အတွက်လည်း ဘာစီလိုနာတို့အမှားခံမှာ မဟုတ်ပါဘူး။ လီဂါနက်စ်ကတော့ တန်းမဆင်းရဖို့ အားစိုက်နေပေမယ့်လည်း ခြေစွမ်းပိုင်းက အားနည်းမှုတွေများနေပါတယ်။ ဘာစီလိုနာကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

**ဗလန်စီယာ - ဘီဘာအို ည ၉း၄၅ (၁၉-၂-၁၇)**

ဘီဘာအိုက ဒီပွဲမတိုင်ခင်မှာ ယူရိုပါလိဂ် ပထမအကျော့ကစားခဲ့ရမှာဖြစ်သလို ဒီပွဲအပြီးမှာလည်း ဒုတိယအကျော့ကစားရဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း ဘီဘာအိုတို့ဒီပွဲစဉ်မှာ ခြေကုန်ထုတ်နိုင်ဖို့မ လွယ်ကူနိုင်ပါဘူး။ ဒ့ါအပြင် ဘီဘာအိုက အဝေးကွင်းပွဲတွေမှာလည်း ခြေစွမ်းနဲ့တိုက်စစ်ပိုင်းက သိသိသာသာ အားနည်းတတ်ပါတယ်။ ဒါပေမယ့် ဗလန်စီယာခြေကလည်း အားနည်းသလို ရီးယဲလ်နဲ့လည်း ပွဲကျန်ကစားရမယ်။ ဘီဘာအိုသရေလောက်တော့ရမယ်။

**ဆီဗီလာ - အီဘား နံနက် ၂း၁၅ (၁၉-၂-၁၇)**

ဆီဗီလာက ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်ပါတယ်။ ဒါပေမယ့်လည်း ဆီဗီလာကအိမ်ကွင်း ခြေစွမ်းကောင်းမွန်မှုရှိကာ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရှိပါတယ်။ အီဘားကလည်း အဝေးကွင်းမှာ ခြေစွမ်းပိုင်းအားနည်းတတ်ပါတယ်။ ခံစစ်ပိုင်းကလည်း အဝေးကွင်းမှာ ထင်သလောက်တည်ငြိမ်မှုမရှိတတ်တာကြောင့် ဆီဗီလာကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

**ဆိုစီဒက်စ် - ဗီလာရီးယဲလ် ညနေ ၅း၃၀ (၁၉-၂-၁၇)**

ဗီလာရီးယဲလ်က ဒီပွဲမတိုင်ခင်မှာ ယူရိုပါလိဂ်ပထမအကျော့ကစားခဲ့ရမှာဖြစ်သလို ဒီပွဲအပြီးမှာလည်း ဒုတိယအကျော့ကစားရဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း ဗီလာရီးယဲလ်တို့ ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ဒ့ါအပြင် ဗီလာရီးယဲလ်ဟာ အဝေးကွင်းပွဲတွေမှာလည်း တိုက်စစ်ပိုင်းကအစ ဂိုးသွင်းခြေ သိသိသာသာကျဆင်းတတ်ပါတယ်။ ဆိုစီဒက်စ်ကတော့အိမ်ကွင်းခြေစွမ်းပိုင်း ကောင်းမွန်တတ်တာကြောင့် ဒီပွဲမှာ ဆိုစီဒက်စ်ပဲအနိုင်ရမယ်။

**ဆဲလ်တာဗီဂို - အိုဆာစူနာ နံနက် ၀၀း၀၀ (၂၀-၂-၁၇)**

ဆဲလ်တာဗီဂိုကလည်း ဒီပွဲမတိုင်ခင်မှာယူရိုပါလိဂ်ပထမပွဲက စားရဖို့ ရှိနေသလို ဒီပွဲအပြီးမှာလည်း ဒုတိယအကျော့ကစားရဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဆဲလ်တာဗီဂိုတို့ ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ဒါပေမယ့်လည်း ဆဲလ်တာဗီဂိုက အိမ်ကွင်းဖြစ်တာကြောင့် အားစိုက်လာဖို့တော့ ရှိနေသလို အိုဆာစူနာခြေစွမ်းကလည်း အားနည်းမှုတွေများနေပါတယ်။ ဒါကြောင့်လည်း ဆဲလ်တာဗီဂိုတို့နိုင်ပွဲတော့ရသွားနိုင်ပါတယ်။

**မာလာဂါ - လက်စ်ပဲလ်မက်စ် နံနက် ၂း၁၅ (၂၁-၂-၁၇)**

လက်စ်ပဲလ်မက်စ်က လက်ရှိခြေစွမ်းပိုင်း တည်ငြိမ်မှုခုံးဝမရှိပါဘူး။ အထူးသဖြင့်အဝေးကွင်းပွဲတွေမှာ အသင်းလိုက်စွမ်းဆောင်ရည် အားနည်းတတ်ကာ လက်ရှိအချိန်အထိ နိုင်ပွဲတစ်ပွဲမှရယူနိုင်ခြင်း မရှိသေးပါဘူး။ မာလာဂါကတော့ ခြေစွမ်းပိုင်းသာမန်သာရှိတယ်ဆိုပေမယ့် အိမ်ကွင်းပွဲတွေမှာ ကစားပုံသိသိသာသာကောင်းမွန်တတ်ပါတယ်။ ဒါကြောင့်လည်း လက်စ်ပဲလ်မက်စ်တို့ အခက်တွေ့နိုင်ပါတယ်။ မာလာဂါတိုက်စစ်ကစားပုံ အနည်းငယ်အားနည်းတတ်ပေမယ့် ဒီပွဲမှာတော့ နိုင်ပွဲရသွားဖို့ရှိနေပါတယ်။

# ပရီမီယာလိဂ်ကွင်းလယ်ဒိုင် မာ့ခ်ကလက်တန်ဘတ် အမေရိကန် သို့မဟုတ် တရုတ်သို့ ပြောင်းမည်

ပရီမီယာလိဂ်ပြိုင်ပွဲများတွင် ကွင်းလယ်ဒိုင်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မာ့ခ်ကလက်တန်ဘတ်သည် ပရီမီယာလိဂ်မှ ထွက်ခွာကာ အမေရိကန် သို့မဟုတ် တရုတ်သို့ ပြောင်းရွှေ့ရန်စီစဉ်ထားခြင်းကြောင့် ပရီမီယာလိဂ်အနေဖြင့် မာ့ခ်ကလက်တန်ဘတ်ကို ဆုံးရှုံးရဖွယ်ရှိနေကြောင်း သိရသည်။

ကွင်းလယ်ဒိုင် မာ့ခ်ကလက်တန်ဘတ်အား တရုတ်နှင့် အရှေ့အလယ်ပိုင်းတို့မှ ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိသည့်အပြင် အမေရိကန်ပြည်ထောင်စုကလည်း ကမ်းလှမ်းထားကြောင်း သိရသည်။ သို့ရာတွင် မာ့ခ်ကလက်တန်ဘတ်ကမူ ဒီဇင်ဘာလအတွင်း တရုတ်သို့ ပြောင်းရွှေ့ရန်စီစဉ်ထားကြောင်း သိရသည်။ ကွင်းလယ်ဒိုင် မာ့ခ်ကလက်တန်ဘတ်သည် ပြီးခဲ့သည့်နှစ်က ချန်ပီယံလိဂ်နှင့် ယူရို ၂၀၁၆ နောက်ဆုံးဗိုလ်လုပွဲတို့တွင် တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်သည်။

(ငွေကြယ်)



# မန်ယူတိုက်စစ်မှူး မာရှယ်အား စပါးကမ်းလှမ်းမည်

စပါးအသင်းသည် မန်ယူအသင်းတွင် နည်းပြ မော်ရင်ဟိုလက်ထက်၌ ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးနေသည့်အပြင် အနာဂတ်မရေရာသည့် အနေအထားတွင် ရောက်ရှိနေသော တိုက်စစ်မှူး အန်တိုနီမာရှယ်အား ခေါ်ယူရန် ကမ်းလှမ်းသွားမည်ဖြစ်ကြောင်းသိရသည်။ အသက်(၂၁)နှစ်အရွယ်ရှိ တိုက်စစ်မှူး မာရှယ်သည် မန်ယူအသင်းက ဝက်ဖို့ဒ်အသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် မန်ယူအသင်းနှင့်အတူ ပြန်လည်ပါဝင်လာခဲ့ခြင်းဖြစ်ပြီး ယင်းပွဲစဉ်တွင် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

တိုက်စစ်မှူး မာရှယ်သည် နည်းပြ ဗန်ဟားလ်လက်ထက်တွင် မန်ယူအသင်းနှင့်အတူ သွင်းဂိုး ၁၇ ဂိုးအထိ သွင်းယူနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိရန်ပင် ရုန်းကန်နေရသူဖြစ်သည်။ ထို့ကြောင့် စပါးအသင်းက တိုက်စစ်မှူး မာရှယ်အား မန်ချက်စတာမြေမှ လန်ဒန်မြေသို့ ခေါ်ယူရန်ပြင်ဆင်နေခြင်းဖြစ်သည်။

(ငွေကြယ်)

ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး **“ရေမြင့်ကြာတင့်”** ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် **“တက်ကြွအားသွန်နိုင်ငံ့ဝန်ဦ”** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။

# ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် ဒေသခံပြည်သူများ၏အကျိုးစီးပွားနှင့်နိုင်ငံ့စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသည့်မန်းရေနံမြေ

“မန်းရေနံမြေ”အတွင်းသို့ဝင်လိုက်သည်နှင့်လမ်းဘေးဝဲ၊ ယာတစ်ဖက်တစ်ချက်တွင်အုပ်ဆိုင်းနေသည့်သစ်ပင်ကြီးများ၊ တောင်သူများစိုက်ပျိုးထားသော သီးနှံစိုက်ခင်းများကြား ရေနံတူးဖော်ထုတ်လုပ်နေသည့် မောင်းညိတ်စက် (မြင်းခေါင်းစက်)များက မရပ်မနားလှုပ်ရှားသက်ဝင်လျက် ရှိနေပါတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိရေနံနဲ့သဘာဝဓာတ်ငွေ့ထုတ်လုပ်နေတဲ့ ကုန်းတွင်းရေနံလုပ်ကွက်များထဲမှာ ရေနံဒုတိယ အများဆုံးထုတ်လုပ်ပေးနေတဲ့ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်အတွင်းရှိ မန်းရေနံမြေဟာ အကျယ်အဝန်းအားဖြင့် အလျား ရှစ်မိုင်၊ အနံ နှစ်မိုင် ရှိတယ်လို့သိရပါတယ်။

မန်းရေနံမြေလို့စတင်ခဲ့တဲ့အချိန်က မင်းဘူးခရိုင်အတွင်းရှိ မယ်ဘော့ကုန်း၊ မန်းကျိုး၊ ကြာကန်၊ ခြင်ထောင်၊ ထောက်လှျာပင်အစရှိသည့်အနီးအနားရှိရွာပေါင်း ၁၆ ရွာမှဒေသခံတောင်သူများ၏ ယာမြေအချို့မန်းရေနံမြေစီမံကိန်းအတွင်း ပါဝင်ခဲ့ကြောင်းလည်း ဒေသခံများထံမှ သိရပါတယ်။

မယ်ဘော့ကုန်းကျေးရွာမှာနေထိုင်တဲ့ ဒေသခံတစ်ဦးဖြစ်သူ တောင်သူ ဦးစိုးဝင်းက “၁၉၆၉-၇၀ မှာ ရေနံမြေဖော်ဖို့ စီမံကိန်းလုပ်တော့ ဒီရွာနီးချုပ်စပ် ၁၆ ရွာက တောင်ယာတွေတော်တော်များများ စီမံကိန်းနယ်မြေထဲ ပါသွားတယ်။ အဲ့ဒီတုန်းကအလုပ်လုပ်ဖို့ ဒီကမြေတွေကို ရေနံမြေစီမံကိန်းအတွက် ပေးလိုက်ရလို့ အလုပ်အကိုင်မရှိလို့ပါဆိုပြီး လျှောက်လွှာတင်ပြီး ရေနံမြေလုပ်ငန်းမှာ အလုပ်ဝင်လုပ်ခဲ့တဲ့သူတွေလည်း ရှိခဲ့တယ်”ဟု ပြောပါတယ်။

မန်းရေနံမြေကို ၁၉၇၀ ပြည့်နှစ်ကစတင်တွေ့ရှိခဲ့ကာ ရေနံနဲ့သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ စတင်လုပ်ဆောင်ခဲ့ရာ ၁၉၇၉ ခုနှစ်ဝန်းကျင်က အမြင့်ဆုံးရေနံအထွက်နှုန်းအနေဖြင့် တစ်နေ့လျှင်ရေနံစည်ပေါင်း ၂၄၀၀၀ ထိ ထွက်ရှိခဲ့ပါတယ်။ ထို့နောက် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ မန်းရေနံမြေတွင် Natural Decline ကြောင့် ရေနံထုတ်လုပ်မှုအထွက်နှုန်းကျဆင်းလာရာ ၁၉၉၅ ခုနှစ်မှာတော့ တစ်နေ့လျှင်ရေနံစည် ၃၁၀၀ အထိထုတ်လုပ်မှုကျဆင်းလာတဲ့အတွက် ရေနံအထွက်တိုးစီမံကိန်းဆောင်ရွက်ရန် ၁၉၉၆ခုနှစ်မှစတင်၍ Myanma Oil & Gas Enterprise (MOGE) နှင့် MPRL E&P Pte Ltd. (MPRL E&P) တို့အကျိုးတူပူးပေါင်းကန်ထရိုက်ချုပ်ဆိုဆောင်ရွက်ခဲ့ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(MOGE)ထံမှသိရပါတယ်။

**အလုပ်အကိုင်အခွင့်အလမ်းများ**

မန်းရေနံမြေတွင် MOGE ဝန်ထမ်း ၁၀၀၀ ကျော်နှင့် MPRL E&P ဝန်ထမ်း ၄၀၀ ကျော် အလုပ်လုပ်ကိုင်လျက်ရှိသော်လည်း မန်းရေနံမြေတည်ရှိရာ ဒေသခံရွာများမှ တောင်သူများ၏သားသမီးများမှာ အမြဲတမ်းဝန်ထမ်း ခန့်ထားမှုနှင့်အလုပ်အကိုင်ရရှိမှုနည်းပါးသေးကြောင်း ဒေသခံလည်းဖြစ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလည်းဖြစ်သည့် မယ်ဘော့ကုန်းကျေးရွာသား ဦးစိုးဝင်းထံမှ သိရပါတယ်။

“ဟိုးတုန်းကတည်းက MOGE ကရော၊ MPRL E&P ကရော အလုပ်အကိုင်ရရှိရေးကို ဆောင်ရွက်ပေးပါတယ်။ အစိုးရအလုပ်ကျတော့ ခန့်ထားဖို့ရာ “ဝန်ထမ်းအင်အားလစ်လပ်မှု၊ ရေနံလုပ်ငန်းဖြစ်လို့ လိုအပ်တဲ့ပညာကျွမ်းကျင်မှုအရည်အချင်းတို့အပြင် ဌာနရဲ့ခွင့်ပြုချက်တို့နဲ့သာခန့်နိုင်ပြီး မိမိတို့သဘောအတိုင်းလုပ်၍မရနိုင်ပါ”ဟု MOGE မှအထွေထွေမန်နေဂျာ (မန်းရေနံမြေ) ဦးရဲနိုင်က ပြောပါတယ်။

သို့ရာတွင် MPRL E&P နှင့် MOGEတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သည့်အချိန်မှစတင်ကာ ခန့်နိုင်သည့်အနေအထားရှိသရွေ့ဆောင်ရွက်ခဲ့ရာ၊ယခုအခါဒေသခံ ၁၀၀ နီးပါးအား အလုပ်ခန့်ထားလျက်ရှိပါတယ်” ဟု MPRL E&P မှ တာဝန်ရှိသူ ဦးမျိုးဝင်းထံမှသိရပါတယ်။

**လူမှုအကျိုးပြုလုပ်ငန်းများ**

MOGE အနေဖြင့် တစ်နိုင်ငံလုံး ရေနံမြေများမှရရှိသည့်ငွေများဖြင့် လူမှုအကျိုးပြု(CSR) လုပ်ငန်းများလုပ်ဆောင်ခဲ့ရာ ၂၀၁၅ ခုနှစ်အတွင်း တစ်နိုင်ငံလုံး ငွေကျပ်သိန်းပေါင်း ၅၀၀၀၀ ကျော်ဆောင်ရွက်ပေးနိုင်ခဲ့ရာ မန်းရေနံမြေတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်ကဏ္ဍများအတွက် ကျပ်သိန်း ၄၀၀၀ နီးပါးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း အထွေထွေမန်နေဂျာ (မန်းရေနံမြေ) ဦးရဲနိုင်ထံမှ သိရပါတယ်။

ထိုသို့လူမှုအကျိုးပြု Corporate Social Responsibility (CSR) (လူမှုရေးအရတာဝန်ယူမှု၊တာဝန်သိမှုများ) ဆောင်ရွက်ရာတွင် ၁၉၇၀ ပြည့်နှစ်ကတည်းက ရေနံရှာဖွေတူးဖော်စဉ်အခါဖြစ်လာနိုင်သည့် ဘေးထွက်ဆိုးကျိုးများကို အများဆုံးခံစားခဲ့ရသည့် မန်းရေနံမြေနှင့်ထိစပ်နေသည့်ကျေးရွာပေါင်း ၁၆ ရွာကို ဦးစားပေးဆောင်ရွက်နေတာဖြစ်တယ်လို့ ဦးရဲနိုင်ကပြောပါတယ်။ ဘာကြောင့်လဲဆိုတော့ “အဲဒီ ၁၆ ရွာက ၁၉၇၀ ပြည့်နှစ် ကျွန်တော်တို့ ရေနံစတင်တူးဖော်စဉ်အခါက MOGE ရဲ့ ဘေးထွက်ဆိုးကျိုးတွေကို သေချာပေါက်ခံရတယ်။ ဒါကြောင့် CSR လုပ်ငန်းများဖြစ်တဲ့ လူမှုရေးတာဝန်ယူမှု၊ တာဝန်သိမှုများအတွက် ကျွန်တော်တို့က သူတို့ကိုအရင်တာဝန်ယူရမယ်လို့ ခံစားရတယ်။ ဒါကြောင့် ဒီ ၁၆ ရွာကို ဦးစားပေးပါတယ်”ဟု MOGE မှ အထွေထွေမန်နေဂျာ (မန်းရေနံမြေ) ဦးရဲနိုင်က ပြောပါတယ်။

မန်းရေနံမြေဒေသဝန်းကျင် ကျေးရွာများအတွက် အကျိုးပြုလုပ်ငန်းများကို MPRL E&P အနေဖြင့် MOGE နှင့်အကျိုးတူဆောင်ရွက်မှုစတင်ခဲ့သည့်



အချိန်ကတည်းက လူမှုရေးအသိစိတ်ဓာတ်ဖြင့် ယခုအချိန်ထိဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒါတွေက ရေနံမြေပတ်ဝန်းကျင်ကျေးရွာများအတွက် ရေတွင်းများတူးဖော်ပြီး ရေသန့်စင်မှုနည်းပညာများဖြင့်သောက်ရေ၊ သုံးရေများ ရရှိရေးဆောင်ရွက်ခဲ့ခြင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း အဆိုပါရေသန့်စင်မှုနည်းစနစ်ကို ကိုယ်တိုင်ဆက်လက်လုပ်နိုင်စေရန်သင်ကြားပေးခြင်း၊ စာသင်ကျောင်းဆောင်များအသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းသာမက ကျောင်းသားကျောင်းသူများအတွက် ယင်လုံအိမ်သာများဆောက်လုပ်သုံးစွဲစေသည့် အလေ့အကျင့်များ ပြုလုပ်ခြင်းမျိုးတွေလည်း ဆောင်ရွက်ခဲ့တာပါ။

“ကျွန်တော်တို့အနေနဲ့က CSR ဆိုတဲ့အသုံးအနှုန်းကို ၁၉၉၉ ခုနှစ်လောက်ကတည်းက စီမံကိန်းဒေသပတ်ဝန်းကျင်အတွက်လုပ်နေခဲ့တာပါ။ အဲဒီနောက်ပိုင်းဒေသခံပြည်သူများထံမှ ပွင့်ပွင့်လင်းလင်းထုတ်ဖော်ပြောဆိုနိုင်တဲ့စနစ်ဖြစ်တဲ့ Operational Grievance Mechanism လို့ခေါ်တဲ့ စနစ်တစ်ခုကိုစတင်လုပ်ဆောင်ခဲ့ပါတယ်။ အဲဒါက ကျွန်တော်တို့ကို ဒေသခံတွေအနေနဲ့ အလွယ်တကူဆက်သွယ်နိုင်ဖို့အတွက် နည်းလမ်းတစ်ခုဖြစ်သလို တရားဝင်လမ်းဖွင့်ပေးထားတဲ့အခွင့်အလမ်းတစ်ခုဆိုရင်လည်း မမှားပါဘူး။ ဒါကြောင့် ကျွန်တော်တို့ MPRL E&P Pte Ltd. (MPRL E&P) အတွက်ဆိုရင်တော့မန်းရေနံမြေပတ်ဝန်းကျင်မှာ ရွာ ၁၄ ရွာရှိပါတယ်။အဲ့ဒီအထဲက ရွာတစ်ရွာစီမှာ ဆက်သွယ်ရေးဆောင်ရွက်မယ့်သူ (Volunteer Focal Point) တစ်ယောက်ထားရှိစေပြီး စမ်းသပ်မှုအနေနဲ့စတင်ပြီးတော့ ပြုလုပ်ကြည့်ပါတယ်။

ပထမတစ်ချက်ကတော့ ရွာသူရွာသားတွေ၊ ဒေသခံတွေအနေနဲ့မန်းရေနံမြေနဲ့ပတ်သက်ပြီး ထိခိုက်မှုတွေ၊ နစ်နာမှုတွေ၊ ဒုက္ခတွေကို အဆိုပါဆက်သွယ်ဆောင်ရွက်မည့်သူ (Volunteer)ကနေတစ်ဆင့် နားထောင်တယ်။ အဲဒီမှာ ကျွန်တော်တို့ ကြိုတင်ထင်ထားခဲ့သလို ဒီစနစ်ကိုအခွင့်အရေးယူပြီးပြောတာတွေ၊ တောင်းဆိုတာတွေ၊ ပြဿနာလုပ်တာတွေတစ်ခုမှမတွေ့ရပါဘူး။ တကယ့်ဖြစ်ပေါ်နေတဲ့အခြေအနေတွေ၊ အခက်အခဲတွေကိုသိလာရတဲ့အတွက် ဒါတွေကိုအခြေခံပြီးတော့ MOGE နဲ့ ညှိနှိုင်းဆွေးနွေးပြီး ရွာ ၁၄ ရွာမှာ ဒီစနစ်ပုံစံကို စတင်လုပ်ဆောင်လိုက်ပါတယ်။ ကျွန်တော်တို့ ဒါကိုစတင်ပြီးအကောင်အထည်ဖော်တုန်းကဆိုရင် ပထမနှစ်မှာဒေသခံတွေက ၎င်းတို့ရဲ့တင်ပြချက်၊ ခံစားချက်ပေါင်းအခု ၃၀ ကနေ ၄၀၊ ၅၀ အထိ တင်ပြခဲ့တယ်။ အဲဒါတွေကို ကျွန်တော်တို့နားထောင်တယ်၊ စိစစ်ပြီးဖြေရှင်းနိုင်တဲ့အတိုင်းအတာဆိုရင် ကျွန်တော်တို့ဖြေရှင်းပေးတယ်။ အကြောင်းပြန်ကြားပေးတယ်။ မရှင်းနိုင်ဘူးဆိုရင်လည်း ဘာကြောင့်မရှင်းနိုင်လဲဆိုတာကို သေသေချာချာစနစ်တကျရှင်းပြပေးတဲ့စနစ်နဲ့ ပြုလုပ်သွားတယ်။ ဒါကြောင့် ဒီစနစ်ကအင်မတန်အောင်မြင်ခဲ့ပြီး စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပါတယ်ခင်ဗျ။

ကနဦးတုန်းကဆိုတင်ပြချက်ပေါင်းအရေအတွက် ၄၀ နှင့် ၅၀ ကြားရှိခဲ့ရာက အခုဆိုရင် ၁၀ အောက်ပဲရှိပါတော့တယ်။ ဒီအပြင်ဒေသခံတွေကို မေးကြည့်တော့လည်း ဒီစနစ်ကိုကျေနပ်အားရမှုရှိရုံသာမက ကျေးဇူးလည်းတင်တယ်။ သူတို့အတွက်ပြောရေးဆိုခွင့်ရတဲ့အတွက် အခွင့်အလမ်းတစ်ခုရသွားခဲ့ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဂုဏ်လည်းယူပါတယ်။ ဒါကို ပြည်တွင်းမှာသာမက ပြည်ပမှလည်း CSR နဲ့ပတ်သက်တဲ့ CSR Asia ဆိုတဲ့ အဖွဲ့ကလည်း ကျွန်တော်တို့ရဲ့ဒီစနစ်ကို Best Practice တစ်ခုအနေနဲ့ အသိအမှတ်ပြုရုံမက International Forum တွေ၊ Conference တွေမှာလည်း Best Practice တစ်ခုအနေနဲ့ MPRL E&P ကုမ္ပဏီကိုဖိတ်ခေါ်ပြီး Presentation တွေဆောင်ရွက်စေပါတယ်” ဟု MPRL E&P မှ Country Manager ဦးစည်သူမိုးမြင့်က ပြောပါတယ်။

ထိုသို့ MPRL E&P ကလည်း ကျေးရွာများအတွင်းပညာရေးလုပ်ငန်းများအတွက် စာသင်ကျောင်းများဆောက်လုပ်ခြင်း၊ စာသင်ခုံများ လှူဒါန်းခြင်း၊ ရေတွင်းရေကန်များတူးပေးခြင်း၊သဘာဝဘေးအန္တရာယ်များနှင့်ရင်ဆိုင်ရပါက ကူညီထောက်ပံ့ခြင်းတို့အပြင် ဆင်းရဲနွမ်းပါးသည့်ကလေးများအတွက် လစဉ်ကျောင်းစရိတ်ထောက်ပံ့ခြင်းတို့ ပြုလုပ်ပေးနေကြောင်းဒေသခံများထံမှ သိရပါတယ်။

အထွေထွေမန်နေဂျာ (မန်းရေနံမြေ) ဦးရဲနိုင်ကတော့ “ကျွန်တော်တို့တွေက အကျိုးတူပူးပေါင်းတာဆိုတော့ ကုမ္ပဏီအနေနဲ့သုံးတဲ့ဘတ်ဂျက်ကလည်း MOGE ရုံးချုပ်က ခွင့်ပြုချက်ကျမှသာဆောင်ရွက်ရတာပါ” ဟု ပြောပါတယ်။

“CSR ဘတ်ဂျက်ကတော့ ပြီးခဲ့တဲ့နှစ်တွေကဆိုရင် အမေရိကန်ဒေါ်လာနှစ်သိန်းကနေ နှစ်သိန်းခွဲအထိ သတ်မှတ်သုံးစွဲခဲ့ပါတယ်။ ဒီလိုသတ်မှတ်လျာထားခဲ့ပေမယ့်လည်း ၂၀၁၅ ခုနှစ်ကလို ရေကြီးရေလျှံဘေးအန္တရာယ်ကြုံတွေ့တဲ့အခါမှာတော့ MPRL E&P အနေဖြင့် အမေရိကန်ဒေါ်လာခုနစ်သိန်းကျော်ကုန်ကျသုံးစွဲခဲ့ရပါတယ်။ ယခု ၂၀၁၆ ခုနှစ်နဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့ကုမ္ပဏီရဲ့အဓိကလုပ်ငန်းက ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးနှင့် ထုတ်လုပ်ရေးဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေတုန်းကဆိုရင် ကမ္ဘာတစ်ဝန်းရေနံဈေးနှုန်းဟာ ရေနံတစ်စည် အမေရိကန် ဒေါ်လာ ၁၀၀ ရှိခဲ့ရာကနေ ရေနံတစ်စည်ကို ဒေါ်လာ ၃၀ အထိ ကျဆင်းသွားခဲ့တယ်။ ဒီကိစ္စကြောင့်ကမ္ဘာတစ်ဝန်းမှာ ရေနံကုမ္ပဏီငယ် ၁၀ ခုမှာ ခုနစ်ခုလောက်က ရပ်ဆိုင်းခဲ့ရတဲ့အထိဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့လည်း ဘတ်ဂျက်လျာထားမှုများလျှော့ရပါတယ်။ ဒီအထဲမှာ CSR ဘတ်ဂျက်လည်းတစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဒါကြောင့် အရင်နှစ်တွေမှာ CSRအတွက် ဘတ်ဂျက်ငွေ အမေရိကန်ဒေါ်လာနှစ်သိန်းကျော်အသုံးပြုရာကနေ ဒီနှစ်အတွက်အမေရိကန်ဒေါ်လာ ငါးသောင်းသို့လျှော့ချသတ်မှတ်ခဲ့ရခြင်းဖြစ်ပါတယ်။ ဒီဘတ်ဂျက်ကတော့ မန်းရေနံမြေအတွက်ပါ”ဟု MPRL E&P မှ Country Manager ဦးစည်သူမိုးမြင့်ကပြောပါတယ်။

**ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး**

MOGE နှင့် MPRL E&Pကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သောလုပ်ငန်းဖြစ်သော်လည်း၊အစိုးရဝန်ထမ်းနဲ့ကုမ္ပဏီဝန်ထမ်းဟူ၍မခွဲခြားဘဲ မန်းရေနံမြေရှိဝန်ထမ်းများအားလုံး၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း MPRL E&P မှ Health, Safety and Environment -( HSE )မန်နေဂျာဦးနေမျိုးအောင်ထံမှ သိရပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

သတင်းဆောင်းပါး-သီသီမင်း
ဓာတ်ပုံ-နေလင်း

# မြို့သစ်မြို့နယ် စစ်တောကျေးရွာ သီရိမင်္ဂလာမိမိပုံ တံတားဖွင့်ပွဲကျင်းပ

**မြို့သစ် ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြို့လုလင်ကျေးရွာအုပ်စု စစ်တောကျေးရွာနေ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေစေရန် ရည်ရွယ်၍ သီရိမင်္ဂလာမိမိပုံတံတား ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက အဆိုပါတံတားရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် ဝဇီရာသဘ ကျောင်းတိုက်ဆရာတော် ဦးပညာသီရိက သြဝါဒစကားမိန့်ကြားတော်မူပြီး မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ သီရိမင်္ဂလာမိမိပုံတံတား မတည်အလှူရှင် ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်နေ ဒေါ်အေးအေးစမ်းက မိမိပုံ(ချည်ထည်လုပ်ငန်း)နှင့် RISING MYANMAR FOUNDATION အဖွဲ့မှ တံတားဆောက်လုပ်လှူဒါန်းရခြင်းနှင့် အောင်မြင်စွာပြီးမြောက်၍ ဝမ်းသာပီတိဖြစ်ရကြောင်း ပြောကြားပြီး ဒေသခံပြည်သူ ဦးမြင့်ကြိုင်က ချောင်းကူးတံတား ဆောက်လုပ်ပေးခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ဆရာတော် ဦးပညာသီရိ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ မြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးချစ်ထွေးနှင့် အလှူရှင် ဒေါ်အေးအေးစမ်းတို့က သီရိမင်္ဂလာမိမိပုံတံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦးထံ အလှူရှင်က သီရိမင်္ဂလာ မိမိပုံတံတားနှင့်ပတ်သက်သည့်စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်ကာ ဝန်ကြီးက တံတားကဗ္ဗည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ခဲ့သည်။

အလှူရှင် ဒေါ်အေးအေးစမ်းက အဆိုပါတံတားကို ကျေးရွာမှလူငယ် လူကြီးအပြင် ကျောင်းသားငယ်လေးများသည် ကျောင်းဆင်းချိန်တွင် ခေါင်းတစ်ရွက်၊ လက်တစ်ဆွဲမျှသောသဲများ သယ်ယူခြင်းကို ကူညီခဲ့ပါကြောင်း၊ လူကြီးပိုင်း ၇၀ နှစ် အထက်ရှိသူတို့ကလည်း မကြာမကြာလာကာ နေ့ခင်းစားသောက်ဖွယ်မုန့်များ ကော်ဖီမစ်များ အမြဲမပြတ်လာ၍ပို့ကြောင်း၊ နွေ၊ မိုး၊ ဆောင်းကာလ အားလုံးကို မိဘဘိုးဘွား၊ ကျောင်းသား လူငယ်များ ခြေထောက်ရေမစိုဘဲ တစ်ရွာလုံးလည့်ပတ်သွားလာနိုင်ကြပြီဖြစ်ပြီး ချောင်းတစ်ဖက်ကမ်းမှ တစ်ပိုင်တစ်နိုင်ကုန်များလည်း သုံးဘီးဆိုင်ကယ်ဖြင့် အချိန်မရွေး ပို့ဆောင်ပေးနိုင်သည့်ရွာဖြစ်လာ၍ ဝမ်းသာပီတိဖြစ်မိပါကြောင်း ပြောကြားသည်။




စစ်တောကျေးရွာနှင့် ချောင်းရိုးကျေးရွာကြားရှိ သီရိမင်္ဂလာမိမိပုံ ချောင်းကူးတံတား အရှည် ပေ ၁၆၀၊ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ ငွေကျပ် ၅၂၈ သိန်း အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ငါ့သရောက်မြို့နယ်တွင် ယခုနှစ် ထန်းလျက်ဈေးကောင်း၍ ထန်းတက်တောင်သူများ စီးပွားရေးအဆင်ပြေ

**ငါ့သရောက် ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်အတွင်း ကျေးလက်ဒေသများမှ ထန်းလုပ်ငန်းလုပ်ကိုင်များသည် ထန်းလျက်များ ဈေးကောင်းပေးဝယ်ယူနေခြင်းကြောင့် ထန်းလုပ်ငန်းကို စတင်ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်ကြောင်းနှင့် ထန်းလျက်ကျိုချက်ရောင်းချခြင်းဖြင့် ဝင်ငွေရရှိနေ၍ စီးပွားရေးအဆင်ပြေနေကြကြောင်း ငါ့သရောက်မြို့နယ် စက်စက်ယိုကျေးရွာအနီး ထန်းတက်သမားတစ်ဦးထံမှ သိရသည်။

ငါ့သရောက်မြို့နယ်တွင် ယခုနှစ် ထန်းလျက်တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ဖြင့် ထန်းလျက်(ဝယ်/ရောင်း) လုပ်ငန်းရှင်များက ဝယ်ယူနေကြပြီး ထိုသို့ ဈေးကောင်းပေးဝယ်ယူမှုများကြောင့် အချို့ကျေးရွာများမှ ထန်းလုပ်ငန်းလုပ်ကိုင်များသည် ထန်းလျက်များဈေးကောင်းကောင်းဖြင့် ရောင်းချနိုင်ရေးအတွက် ထန်းလုပ်ငန်းကို ပုံမှန်ချိန်ထက်စော၍ ဝင်ရောက်လုပ်ကိုင်နေခြင်းဖြစ်ကြောင်းလည်း သိရသည်။



ထို့အပြင် ငါ့သရောက်မြို့နယ်၌ ကျေးရွာတိုင်းလိုလို ထန်းတက်လုပ်သားများ တဖြည်းဖြည်းလျော့နည်းလာပြီး တချို့ထန်းတောပိုင်ရှင်များမှာ ထန်းတက်မည့်သူမရှိ၍ အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။ "ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ တစ်နှစ်ထက်တစ်နှစ် ထန်းတက်လုပ်သားတွေ လျော့နည်းလာခဲ့ပါတယ်။ ထန်းတက်ရတဲ့လုပ်ငန်းကလည်း တစ်နေ့ကို မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် လုပ်ကိုင်ရတာဆိုတော့ အလွန်ကို ပင်ပန်းပါတယ်။ ဒါ့အပြင် ထန်းလျက်ဈေးကလည်း ပုံမှန်ဈေးမကောင်းတာကြောင့် တဖြည်းဖြည်းနဲ့ ထန်းတက်သမားတွေ လျော့နည်းနေတာ ဖြစ်ပါတယ်။ ဒီနှစ်တော့ ထန်းလျက်က ဦးဦးဖျားဖျား ပေါ်ချိန်မို့လားမသိဘူး၊ တစ်ပိဿာကို ငွေကျပ် ၁၅၀၀ နဲ့ ရောင်းချနေရလို့ ကျွန်တော်တို့ ထန်းလုပ်ငန်းလုပ်ကိုင်သူတွေ စီးပွားရေးတွက်ခြေကိုက်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့ မြို့နယ်မှာ ထန်းတက်တောင်သူတွေဟာ ထန်းလျက်ဈေးကောင်းတာကြောင့် စတင်ဝင်ရောက်လုပ်ကိုင်နေကြပါပြီ"ဟု စက်စက်ယိုကျေးရွာမှ ထန်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မီးဘေးကြိုတင်တားဆီးကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးလုပ်ငန်းများဆောင်ရွက်

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၄**

နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးကြိုတင်တားဆီးကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးလုပ်ငန်းများကို လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့မစည်ပင်သာယာဈေးကြီးတွင် အရေးပေါ်မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းနှင့် မီးဘေးကြိုတင်တားဆီးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့မဈေးကြီး မီးဘေးကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ရဲကျော်စွာ အောင်ကျော်ဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့် ဈေးအကျိုးတော်ဆောင်များပူးပေါင်း၍ အရေးပေါ်မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်း၊ ဈေးကြီးတွင်လိုအပ်ပါက မီးသတ်ကားအလွယ်တကူဝင်ထွက်နိုင်ရန်စမ်းသပ်မောင်းနှင်ခြင်းနှင့် မီးသတ်ရေတိုင်၊ ရေငုတ်များနှင့် အရေးပေါ်မီးငြိမ်းသတ်စက်များ၏ ကြံ့ခိုင်မှုအခြေအနေများကို လှည့်လည်စစ်ဆေးခဲ့ကြသည်။

ယင်းနောက် ဈေးသည်များနှင့် စည်ပင်သာယာဝန်ထမ်းများအား မီးသတ်ဆေးဘူးအသုံးပြု၍ အရေးပေါ်မီးငြိမ်းသတ်နည်းများနှင့် မီးဖိုဆောင်များတွင် ဖြစ်ပွားတတ်သည့် ဆီပူမီးအား ရေစိုအဝတ်ဖြင့်အုပ်၍ အရေးပေါ်ငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ကြသည်။

အဆိုပါ မြို့မဈေးကြီးမီးဘေးကြိုတင်တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမျိုးသိန်းထွန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးတင့်ခိုင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့်ဝန်ထမ်းများ၊ ဈေးတာဝန်ခံနှင့် ဈေးအကျိုးတော်ဆောင်များ၊ ဈေးဆိုင်ခန်းရှင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ရဲကျော်စွာ အောင်ကျော်ဝင်းနှင့်တပ်ဖွဲ့ဝင်များ စုပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



# မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အသိပညာပေးဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်

**ကနီ ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အသိပညာပေးဟောပြောပွဲများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အသိပညာပေးဟောပြောပွဲများကို ဖေဖော်ဝါရီ ၁၁ ရက်က စုလေကုန်းကျေးရွာအုပ်စုနှင့် တပုန်းကျေးရွာအုပ်စုတို့သို့ စုပေါင်းကွင်းဆင်း ဟောပြောပွဲများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကျေးလက်နေ ပြည်သူများအား ကျန်းမာရေးဆိုင်ရာများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၏အရေးပါပုံများ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း၊ လူကုန်ကူးမှုများနှင့်ပတ်သက်၍ ဥပဒေအကြောင်းအရာများ၊ ကျေးရွာစာကြည့်တိုက်များရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးများနှင့် စာတတ်သူတိုင်း စာဖတ်နိုင်ရေးတို့ကို အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြသည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်းက မိမိတို့မြို့နယ်အတွင်း ကျေးလက်နေပြည်သူများ အသိပညာများရရှိစေပြီး ကျေးရွာအုပ်စုများမှ ပြည်သူများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေး မိမိတို့စီမံခန့်ခွဲမှုကော်မတီအဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး စုပေါင်းကွင်းဆင်း ဟောပြောရခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ယင်းနောက် တက်ရောက်လာသော ပြည်သူများအား မှုခင်းအသိပညာပေးလက်ကမ်း စာစောင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ သတင်းစကား လက်ကမ်း စာစောင်များနှင့် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆေးခြင်ထောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**သန်းဋ္ဌေးအောင်(ကနီ)**

# တစ်ပတ်အတွင်း ထူးခြားအားကစား သတင်းများ

*ယခုတစ်ပတ်ထူးခြားအားကစားသတင်းတွေအဖြစ် စပါးအသင်းကိုအနိုင်ရရှိခဲ့တဲ့ပွဲစဉ်အပြီးမှာ ဘရာဇီး အဆိုတော်ကို အားပေးဖို့ညဘက်အပြင်ထွက်ခဲ့ကြတဲ့ ဘရာဇီးကြယ်ပွင့်များ၊ မက်ဒရစ်အိုးပင်းမှာ လာရောက်ကစားဖို့ ဖိတ်ခေါ်ခံရလို့ လေ့ကျင့်ခန်းတွေ ပြန်လုပ်လာတဲ့ တင်းနစ်မယ်ရှာရာပိုဗာ၊ တစ်ချိန်က အသင်းတစ်သင်းထဲမှာ ကစားပြီး အခုချိန်မှာပြန်လည်ဆုံတွေ့ခဲ့ကြတဲ့ဒေးဗစ်ဘက်ခမ်းနဲ့ ရောဘတ်တိုကားလို့စ်၊ ဂျာမိန်းဒီဖိုးနဲ့ ပစ်ခ်ဖို့ဒ်တို့ ၂၀၁၆ ခုနှစ်ရဲ့တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုရှင်တွေဖြစ်လာ၊ ပရီမီယာလိဂ်ပြိုင်ပွဲသမိုင်းမှာ ရမှတ် ၂၀၀၀ ပြည့်ခဲ့ပြီး မှတ်တမ်းသစ်ရေးထိုးနိုင်ခဲ့တဲ့ မန်ယူအသင်း စတဲ့ သတင်းတွေကို ဒီတစ်ပတ်ရဲ့ထူးခြားသတင်းတွေကို ထုတ်နုတ် တင်ဆက်ပေးလိုက်ပါတယ်။*

**နိုင်လင်းကြည် - စုစည်းတင်ဆက်သည်။**



## ပရီမီယာလိဂ်သမိုင်းမှာ ရမှတ် ၂၀၀၀ ပြည့်ခဲ့တဲ့ ပထမဆုံးအသင်း

ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ သမိုင်းကြောင်းကိုပြန်ကြည့်ရင် ၁၉၉၂ ခုနှစ်မှာ ပရီမီယာလိဂ်ပြိုင်ပွဲဆိုပြီး စတင် အသက်ဝင်ခဲ့တာပါ။ အဲဒီအချိန်ကစပြီး ဆုဖလားရရှိမှုကိုကြည့်မယ်ဆိုရင်လည်း မန်ယူအသင်းဟာ (၁၃)ကြိမ်အထိ ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ချယ်လ်ဆီးအသင်းက လေးကြိမ်၊ အာဆင်နယ်အသင်းက သုံးကြိမ်၊ မန်စီးတီးအသင်းက နှစ်ကြိမ်၊ ဘလက်ဘန်းအသင်းနဲ့ လက်စတာစီးတီးအသင်းတို့က တစ်ကြိမ်စီဆွတ်ခူးထားတာဖြစ်ပါတယ်။

ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ရမှတ်ရရှိမှုကိုကြည့်ပြန်ရင်လည်း ဆုဖလားအများဆုံး ရယူထားသည့် မန်ယူအသင်းက ရမှတ် ၂၀၀၀ ပြည့်ခဲ့ပြီဖြစ်တာကြောင့် ပြိုင်ပွဲရဲ့သမိုင်းမှာ ရမှတ် ၂၀၀၀ ပြည့်ခဲ့တဲ့ ပထမဆုံးအသင်းအဖြစ်လည်း မန်ယူအသင်းက မှတ်တမ်းဝင်ခဲ့ပါတယ်။

## ဘက်ခမ်းနဲ့ ရောဘတ်တိုကားလို့စ်ပြန်လည်တွေ့ဆုံခြင်းအမှတ်တရ


Instagram / Roberto Carlos

ဒေးဗစ်ဘက်ခမ်းနဲ့ ရောဘတ်တိုကားလို့စ်တို့ဟာ ရီးယဲလ်မက်ဒရစ်အသင်းမှာ အတူတကွကစားခဲ့ကြတဲ့ ကစားသမားတွေ ဖြစ်ပါတယ်။ ကစားကွင်းထဲမှာ အတူကစားခဲ့ပြီးနောက်ပိုင်း အတူတွဲပြီးမမြင်တွေ့ခဲ့ရသည်မှာ ကြာမြင့်ခဲ့ပါပြီ။ ဒါပေမယ့် အခုတစ်ပတ်အတွင်းမှာတော့ ဒေးဗစ်ဘက်ခမ်းနဲ့ ရောဘတ်တိုကားလို့စ်တို့ဟာ စပိန်မြေမှာ ပြန်လည်တွေ့ဆုံခဲ့ပြီးနောက် တစ်ယောက်ပခုံးကိုတစ်ယောက်ဖက်ပြီး လျှပ်တစ်ပြတ်ရိုက်ယူခဲ့တဲ့ ဓာတ်ပုံတစ်ပုံကို ရောဘတ်တိုကားလို့စ်က သူရဲ့အင်စတာဂရမ်မှာ တင်ခဲ့တာဖြစ်ပါတယ်။ ဘက်ခမ်းဟာ ၂၀၀၆-၂၀၀၇ မှာ လာလီဂါဖလား၊ ၂၀၀၃ မှာ စပိန်စူပါဖလားတို့ကို ရယူပေးခဲ့တာဖြစ်ပြီး ရောဘတ်တိုကားလို့စ်ကလည်း အဲဒီဖလားနှစ်လုံးကို ရယူပေးခဲ့သူတစ်ဦးပါ။ ဒါပေမယ့် ဘက်ခမ်းရော ရောဘတ်တိုကားလို့စ်ပါ နှစ်ယောက်စလုံးဟာ ၂၀၀၇ ခုနှစ်မှာ လာလီဂါဖလားရယူဆွတ်ခူးခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းကနေ ထွက်ခွာခဲ့ကြတာပါ။

## ဒီဖိုးနဲ့ ပစ်ခ်ဖို့ဒ် ဆွတ်ခူးခဲ့တဲ့ ၂၀၁၆ တစ်နှစ်တာအကောင်းဆုံးဆုများ


TWITTER - @SunderlandAFC

ဆန်းဒါးလန်းတိုက်စစ်မှူး ဂျာမိန်းဒီဖိုးဟာ အရှေ့မြောက်ပိုင်းဘောလုံးအားကစားကလောင်ရှင်များက ပေးအပ်တဲ့ ၂၀၁၆ ခုနှစ် တစ်နှစ်တာ အကောင်းကစားသမားဆုကို ရရှိခဲ့ပြီး တစ်နှစ်တာ လူငယ်အကောင်းဆုံး ကစားသမားဆုကိုတော့ ဆန်းဒါးလန်းအသင်းမှ လူငယ်ကစားသမား ဂျော်ဒန်ပစ်ခ်ဖို့ဒ်က ရရှိခဲ့ပါတယ်။

အရှေ့မြောက်ပိုင်း ဘောလုံးအားကစားကလောင်ရှင်များကပေးအပ်တဲ့ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုပေးပွဲကို အင်္ဂလန်နိုင်ငံ ဒါဟမ်မြို့မှာ နှစ်စဉ်ကျင်းပခဲ့တာဖြစ်ပြီး ဂျာမိန်းဒီဖိုးဟာ ဆန်းဒါးလန်းအသင်းကို ပရီမီယာလိဂ်ကနေ တန်းဆင်းမသွားရရေးစွမ်းဆောင်ပေးခဲ့တာကြောင့် အခုဆုကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဖစ်ခ်ဖို့ဒ်ကတော့ ဆန်းဒါးလန်းကစားသမားဆိုပေမယ့် အငှားကစားရတာနဲ့ပဲ အချိန်တွေကုန်ခဲ့ရပြီး အဲဒီလိုအငှားနဲ့သွားကစားတဲ့အသင်းတွေမှာ အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ခဲ့တဲ့အပြင် အင်္ဂလန်လူငယ်အသင်းအတွက်လည်းအကောင်းဆုံးပါဝင်ကစားပေးခဲ့ပါတယ်။ အဲဒီလိုခြေစွမ်းတွေရှိခဲ့တာမို့ အကောင်းဆုံးဆုကို ရယူနိုင်ခဲ့တာပါ။

## အားကစားခန်းမမှာ လေ့ကျင့်ခန်းတွေလုပ်လာပြန်တဲ့ ရှာရာပိုဗာ

ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာဟာ မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပါဝင်ကစားဖို့ ဖိတ်ခေါ်ခြင်း ခံရပြီးတဲ့နောက်မှာတော့ အားကစားခန်းမသွားပြီး လေ့ကျင့်ခန်းတွေ လုပ်လာတာကိုလည်း စာမျက်နှာတွေထက်မှာ ပြန်လည် မြင်တွေ့လာရပါတယ်။ တင်းနစ်မယ် ရှာရာပိုဗာဟာ အားကစားခန်းမသွားပြီး လေ့ကျင့်ခန်းမျိုးစုံလုပ်နေတာတွေကို အင်စတာဂရမ်မှာ တင်ခဲ့ပါသေးတယ်။ ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ်ဟောင်းတစ်ဦးဖြစ်သူ ရှာရာပိုဗာဟာ မေလမှာ ကျင်းပမယ့် မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲအတွက် ပြင်ဆင်မှုတွေကို အခုကတည်းက လုပ်လာတာဖြစ်ပြီး ရှာရာပိုဗာဟာ ၂၀၁၆ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ မူးယစ်ဆေးဝါး အရှုပ်တော်ပုံကြောင့် နိုင်ငံတကာတင်းနစ်အဖွဲ့ချုပ်ရဲ့ နှစ်နှစ်ကြာ တင်းနစ်ကစားခွင့်ပိတ်ပင်ခြင်းကိုလည်း ခံခဲ့ရသူတစ်ဦးပါ။ ဒါပေမယ့် ပြီးခဲ့တဲ့အောက်တိုဘာလအတွင်းက ပြစ်ဒဏ်ကနေ ကိုးလလျှော့ပေါ့ပေးခြင်းကိုခံခဲ့ရပါတယ်။

## ဘရာဇီးအဆိုတော်ကိုကြည့်ဖို့ညဘက်အပြင်ထွက်ခဲ့ကြတဲ့လီဗာပူးမှ ဘရာဇီးကြယ်ပွင့်များ

လီဗာပူးအသင်းဟာ ၂၀၁၇ ခုနှစ်ရဲ့ ပထမဆုံး ပရီမီယာလိဂ်နိုင်ပွဲအဖြစ် ဖေဖော်ဝါရီ ၁၁ ရက် ညပိုင်းက စပါးအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။ အဲဒီပွဲစဉ်အပြီးမှာတော့ ဘရာဇီးအဆိုတော် ဝက်စ်လေဆာဖာဒါယိုကို ကြည့်ဖို့ လီဗာပူးအသင်းက ဘရာဇီးကြယ်ပွင့်တွေဖြစ်တဲ့ ကော်တင်ဟို၊ ဖာမီနို၊ လူးကပ်တို့ဟာ ကစားဖော် စပိန်နိုင်ငံသား မိုရီနိုနဲ့အတူ ညဘက်မှာ အပြင်ထွက်ခဲ့ကြပါတယ်။ အဲဒီလိုအပြင်ထွက်ဖြစ်တဲ့ညမှာပဲ ကော်တင်ဟို၊ ဖာမီနို၊ လူးကပ်နဲ့ မိုရီနိုတို့ဟာ ဝက်စ်လေဆာဖာဒါယိုနဲ့ တွဲဖက်ပြီး ဓာတ်ပုံမှတ်တမ်းတွေနဲ့ ဗီဒီယိုမှတ်တမ်းတွေကို လူမှုကွန်ရက်စာမျက်နှာတွေထက်မှာ တင်ခဲ့ပါသေးတယ်။ ကော်တင်ဟိုဆိုရင် သူတို့ဇနီးမောင်နှံရယ် ဘရာဇီးအဆိုတော် ဝက်စ်လေဆာဖာဒါယိုရယ် အတူတွဲရိုက်ထားတဲ့ဓာတ်ပုံကိုပင် အင်စတာဂရမ်မှာတင်ခဲ့ပါသေးတယ်။


Instagram

## ကမ္ဘာ့စျေးအကြီးဆုံးကစားသမားရဲ့အိပ်ခန်းငါးခန်းပါတဲ့အိမ်

ကမ္ဘာ့စျေးအကြီးဆုံးကစားသမားအဖြစ် စံချိန်တင်ထားတဲ့ ပေါ့ဘာဟာ ပေါင် ၂ ဒသမ ၉ သန်းတန်ဖိုးရှိတဲ့ အိမ်တစ်အိမ်ကိုဝယ်ယူခဲ့ပါတယ်။ အဲဒီအိမ်ဟာ မန်ယူအသင်းရဲ့ ကာရင်တန်လေ့ကျင့်ရေးကွင်းကနေ ကားမောင်းသွားမယ်ဆိုရင် မိနစ် ၂၀လောက်သာကြာမြင့်မှာဖြစ်ပြီး အိမ်အတွင်းမှာ ရေကူးကန်၊ အပူးပေးခန်းနဲ့ ကိုယ်ပိုင်မီဒီယာခန်းတွေပါဝင်တာမို့ စျေးကွက်အနေအထားအရ ပေါင် ၃ ဒသမ ၄၉ သန်း တန်ဖိုးလောက်ဖြစ်သွားခဲ့တယ်လို့ သတင်းမှာဖော်ပြထားပါတယ်။

အခုပေါ့ဘာဝယ်ယူခဲ့တဲ့အိမ်ဟာ အရင်က မန်ယူတိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်သူ ဂျာဗီဟာနန်ဒက်ဇ်နေထိုင်ခဲ့တဲ့ အိမ်လို့သိရပြီး အခုတော့ ဟာနန်ဒက်ဇ်ဟာ လေဗာကူဆင်အသင်းမှာ ကစားနေတာ ဖြစ်ပါတယ်။ ပေါ့ဘာဟာ ဂျူဗင်တပ်ကနေပြောင်းလာကတည်းက မန်ချက်စတာမြို့ရဲ့ ဇိမ်ခံဟိုတယ်မှာပဲ နေထိုင်ခဲ့တာဖြစ်ပြီး အိမ်သစ်ဝယ်ယူပြီးချိန်မှာတော့ ပြောင်းရွှေ့နေထိုင်ဖို့စီစဉ်နေတယ်လို့ သိရပါတယ်။


Press and Media Ltd


# ဘီယွန်းစေးရဲ့ရှုံးနိမ့်ခဲ့မှုအတွက် ညီမဖြစ်သူ ဝေဖန်

ပြီးခဲ့တဲ့ (၅၉)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲကြီးမှာ တစ်နှစ်တာရဲ့ အကောင်းဆုံးတေးအယ်လ်ဘမ်ဆုနဲ့ လွဲချော်ခဲ့ရတဲ့ ဘီယွန်းစေးအတွက် ညီမဖြစ်သူက အဆိုပါရှုံးနိမ့်မှုဟာ လူမျိုးရေးအရ ခွဲခြားမှုကြောင့် ဖြစ်ကြောင်း ပြစ်တင်ဝေဖန်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပခဲ့တဲ့ ဂရမ်မီဆုပေးပွဲကြီးမှာ တစ်နှစ်တာရဲ့ အကောင်းဆုံးတေးအယ်လ်ဘမ်ဆုကို ဗြိတိန်ပေါ့ပ်ကြယ်ပွင့်အဒဲလ်က "25"တေးအယ်လ်ဘမ်နဲ့ ဆွတ်ခူးရရှိခဲ့တာဖြစ်ပါတယ်။ အဆိုပါဆုအတွက် ဆန်ခါတင်စာရင်းမှာ "Lemonade" တေးအယ်လ်ဘမ်အတွက် ဘီယွန်စေးလည်း ပါဝင်ခွင့်ရခဲ့ပေမယ့် ဆုကိုတော့ သိမ်းပိုက်နိုင်ခဲ့ခြင်းမရှိပါဘူး။ ဒီလို တေးဂီတထူးချွန်ဆုပေးပွဲရဲ့ အမြင့်ဆုံးဆုတစ်ဆုနဲ့ လွဲချော်ခဲ့ရခြင်းဟာ ဘီယွန်းစေးအနေနဲ့ လူမည်းစပ်တစ်ဦးဖြစ်တဲ့အတွက် ဖြစ်ကြောင်း ဘီယွန်းစေးရဲ့ ညီမဖြစ်တဲ့ တေးရေး၊ တေးဆိုနဲ့ သရုပ်ဆောင်မော်ဒယ်လ်တစ်ဦးဖြစ်သူ စိုလန်းဂျ်နိုးလက်စ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ပြီး လတ်တလောမှာတော့ ပြန်လည်ဖျက်ပစ်ခဲ့တာဖြစ်ကြောင်း မစ်ရာဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

စိုလန်းဂျ်နိုးလက်စ်က "လွန်ခဲ့တဲ့နှစ် (၂၀) အတွင်း ဂရမ်မီဆုပေးပွဲမှာ အကောင်းဆုံးတေးအယ်လ်ဘမ်ဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ လူမည်းတေးသံရှင်နှစ်ဦးသာ ပေါ်ထွက်ခဲ့ပါတယ်။ ယင်းနှစ်တွေအတွင်းမှာ ထုတ်ပြန်ခဲ့တဲ့ ဆုဆန်ခါတင်စာရင်းမှာတော့ လူမည်းတေးသံရှင် ၂၀၀ကျော်ပါဝင်နေခဲ့ပါတယ်။ ဂရမ်မီဆုပေးပွဲအတွက် တာဝန်ရှိသူတွေအနေနဲ့ ဒီလိုမမျှတတဲ့ အတွေးတွေရှိနေမယ်ဆိုရင် ကိုယ်ပိုင်အသိုက်အဝန်းတစ်ခု ဖန်တီးပြီး ကိုယ့်ရဲ့မိတ်ဆွေတွေကိုပဲ ဆုရွေးချယ်ပေးအပ်ကာ ကိုယ့်ကိုယ်ကိုယ်ဆုတွေပြန်ပေးကြပါ"လို့ ရေးသားဖော်ပြခဲ့ပြီး နောက်ပိုင်းမှာတော့ လူမှုကွန်ရက်မီဒီယာပေါ်က အဆိုပါစာသားတွေကို ပြန်လည်ဖျက်သိမ်းခဲ့ပါတယ်။

ဘီယွန်းစေးဟာ ယခင်ကလည်း အကောင်းဆုံး တေးအယ်လ်ဘမ်ဆုအတွက် ဆုလျာထားစာရင်းမှာ ပါဝင်ခဲ့ပေမယ့် ရွေးချယ်ခြင်းမခံခဲ့ရဘဲ ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ကိုတစ်ကြိမ်၊ ဘိခ်ကိုတစ်ကြိမ် ရှုံးနိမ့်ခဲ့ဖူးသူဖြစ်ပါတယ်။ ယခုနှစ်ရဲ့ ဂရမ်မီဆုပေးပွဲကြီးမှာ



ဘီယွန်းစေးဟာ ထူးချွန်ဆုနှစ်ဆုကို သိမ်းပိုက်နိုင်ခဲ့ပြီး သူရရှိခဲ့တဲ့ တေးဂီတထူးချွန်ဆုတွေကတော့ "Formation" တေးဗီဒီယိုအတွက် အကောင်းဆုံး တေးဗီဒီယိုဆုနဲ့ "Lemonade" တေး အယ်လ်ဘမ်အတွက် "Best Urban Contemporary Album" ဆုတို့ပဲ ဖြစ်ကြပါတယ်။ ■


# တစ်ကိုယ်တော်တေးအယ်လ်ဘမ်အတွက် ပြင်ဆင်နေတဲ့ တေးယွန်

လတ်တလောမှာတော့ မထမဆုံး တစ်ကိုယ်တော်တေးအယ်လ်ဘမ်အတွက် ပြင်ဆင်နေကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တဲ့ တောင်ကိုရီးယားရဲ့ နောက်ထပ်ဂီတကြယ်ပွင့်တစ်ဦးကတော့ အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls' Genertaion" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးယွန်ပဲ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဂီတလှုပ်ရှားမှုတစ်ခုနဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်တဲ့ တေးယွန်ဟာ လတ်တလောမှာတော့ သူ့ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်အတွက် ပြင်ဆင်နေကြောင်း အေကေပေါ့ပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်ဟာ မီနီတေးအယ်လ်ဘမ်တစ်ခုမဟုတ်ဘဲ တေးအယ်လ်ဘမ်အပြည့်အစုံဖြစ်ကြောင်းနဲ့ ယင်းတေးအယ်လ်ဘမ်ဟာ တေးယွန်ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဖြစ်ကြောင်းလည်း သိရပါတယ်။



တေးယွန်ဟာ သူ့ရဲ့ဂီတသက်တမ်းတစ်လျှောက် အဖွဲ့လိုက်တေးအယ်လ်ဘမ်တွေ၊ တစ်ကိုယ်တော်တေးသီချင်းတွေနဲ့ မီနီတေးအယ်လ်ဘမ်တွေကို ထုတ်လွှင့်ခဲ့ပြီးဖြစ်ပေမယ့် တေးအယ်လ်ဘမ်အပြည့်အစုံကိုတော့ ထုတ်လွှင့်နိုင်ခဲ့ခြင်းမရှိသေးပါဘူး။ ယခုလို ပြင်ဆင်နေဆဲဖြစ်တဲ့ သူ့ရဲ့ တေးအယ်လ်ဘမ်ရဲ့ အသေးစိတ်အချက်အလက်တွေနဲ့ ထုတ်လွှင့်မယ့်ရက် အတိအကျကိုတော့ လတ်တလောအချိန်အထိ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးကြောင်းလည်း သိရပါတယ်။



# သောကတွေနဲ့ တွမ်ခရုစ်

ဟောလိဝုဒ်နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ တွမ်ခရုစ်ဟာ လတ်တလောမှာ ပူဆွေးသောကတွေကို ခံစားနေရကြောင်းနဲ့ ဒီလိုခံစားရတာတွေဟာ သူ့ရဲ့မိခင်ဖြစ်သူ သေဆုံးသွားတဲ့အတွက် ဖြစ်ကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ နှစ်တွေအတွင်း ကျန်းမာရေးပြဿနာများစွာနဲ့ ရင်ဆိုင်ခဲ့ရပြီးတဲ့နောက်မှာတော့ တွမ်ခရုစ်ရဲ့ မိခင်ဖြစ်သူ မယ်ရီလီစောက်သ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ကွယ်လွန်သွားခဲ့ပြီဖြစ်ပါတယ်။ သူဟာ အိပ်ပျော်နေစဉ်မှာ အသက်ကို ညင်ညင်သာသာဆုံးရှုံးခဲ့ရတာဖြစ်ပြီး ကွယ်လွန်ချိန်မှာတော့ အသက် (၈၀)ခန့်ရှိပြီဖြစ်ကြောင်းလည်း သိရပါတယ်။

မယ်ရီလီစောက်သ်ရဲ့ သင်္ဂြိုဟ်တဲ့ အခမ်းအနားကို တွမ်ခရုစ်နဲ့ သူ့ရဲ့ မွေးချင်းအစ်မသုံးဦးစလုံး တက်ရောက်ခဲ့ကြကြောင်းလည်း သိရပါတယ်။

တွမ်ခရုစ်ရဲ့ဖခင်ဟာ မယ်ရီလီစောက်သ်နဲ့ လမ်းခွဲပြီးတဲ့နောက် ခရုစ်ဟာ ဖခင်ဖြစ်သူနဲ့ အတူ နေထိုင်ခဲ့ပါတယ်။ အဲဒီနောက်သူ့ရဲ့အသက် (၁၆)နှစ်အရွယ်မှာ နယူးဂျာစီကို ပြောင်းရွှေ့သွားခဲ့တဲ့ မိခင်ဖြစ်သူ မယ်ရီလီစောက်သ်နဲ့ ပြန်လည်ဆက်သွယ်ခဲ့ပါတယ်။ ခရုစ်ဟာ သူ့ရဲ့ ရုပ်ရှင်စမ်းသပ်ထုတ်လွှင့်တဲ့ အခမ်းအနားတွေကိုလည်း မိခင်ဖြစ်သူနဲ့ အတူတက်ရောက်လေ့ရှိပြီး လတ်တလောမှာတော့ အသက် (၅၄)နှစ်အရွယ် မင်းသားတွမ်ခရုစ်ဟာ မိခင်ကို ဆုံးရှုံးခဲ့ရပြီ ဖြစ်ပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်

# ဒစ်စနေရုပ်ရှင်တစ်ကားရဲ့ဇာတ်ဝင်တေးကို သီဆိုပေးမယ့် ဝန်ဒီ

တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Red Velvet"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဝန်ဒီဟာ ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လွှင့်သွားမယ့် ရုပ်သံဖန်တီးမှု ရုပ်ရှင်တစ်ကားအတွက် ဇာတ်ဝင်တေးသီချင်းတစ်ပုဒ်ကို သီဆိုပေးသွားမှာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



ဝန်ဒီရဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "My Time"ကို ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးက ဖန်တီးလျက်ရှိတဲ့ ရုပ်သံဖန်တီးမှုဇာတ်လမ်းတွဲရုပ်ရှင် "Elena of Avalor"ရဲ့ တောင်ကိုရီးယားနိုင်ငံအတွက် ရည်ရွယ်ထုတ်လုပ်မယ့် ဇာတ်လမ်းမှာ ဇာတ်ဝင်တေးသီချင်းအဖြစ် ဝန်ဒီက ပြန်လည်ဆန်းသစ်သီဆိုပေးသွားမှာဖြစ်ကြောင်း သိရပါတယ်။

ဒစ်စနေရဲ့ ရုပ်သံဖန်တီးမှုဇာတ်လမ်းတွဲရုပ်ရှင်သစ် "Elena of Avalor" ဟာ မင်းသမီးလေးတစ်ပါးဖြစ်တဲ့ အလီနာရဲ့အကြောင်းကို ဇာတ်လမ်းဆင်ရိုက်ကူးထားတာဖြစ်ပြီး ထက်မြက်တဲ့ မင်းသမီးတစ်ပါးဖြစ်တဲ့ အလီနာက သူ့ရဲ့တိုင်းပြည်ကို အခက်အခဲတွေအကြားက ကယ်တင်ခဲ့ပုံတွေကို အဆိုပါရုပ်ရှင်တွေမှာ ခံစားကြရမှာဖြစ်ပါတယ်။ အဆိုပါဇာတ်လမ်းတွဲရုပ်ရှင်ကို လာမယ့် မတ်လ ၆ ရက်ကစတင်ပြီး ဒစ်စနေရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။



# ပရိသတ်ကို အံ့အားသင့်စေခဲ့တဲ့ အမ်မာစတုန်းနဲ့ အန်ဒရူးဂါးဖီးဒ်

ယခင်က ကျော်ကြားတဲ့ ဟောလိဝုဒ်ကြယ်ပွင့် စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသမီး အမ်မာစတုန်းနဲ့ မင်းသား အန်ဒရူးဂါးဖီးဒ်တို့ဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း လမ်းခွဲခဲ့ကြတာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ တစ်ဦးနဲ့တစ်ဦးအမုန်းတရားမရှိဘဲ မိတ်ဆွေတွေအဖြစ် ဆက်လက်ရပ်တည် နေခဲ့ကြပါတယ်။ ဒီလိုလမ်းခွဲခဲ့ပြီးဖြစ်တဲ့ ချစ်သူဟောင်းနှစ်ဦးဟာ မကြာသေးမီကကျင်းပခဲ့တဲ့ ရုပ်ရှင်ထူးချွန်ဆုပေးပွဲရဲ့ ပါတီပွဲအခမ်းအနားမှာ ပြုလုပ်ခဲ့တဲ့အပြုအမူကြောင့် ပရိသတ်အများ အံ့အားသင့်ခဲ့ရပြီး လူမှုကွန်ရက်မီဒီယာတွေနဲ့ ဟောလိဝုဒ်မီဒီယာတွေအကြားမှာလည်း ဝေဖန်စရာကိစ္စတစ်ခု ဖြစ်ခဲ့ရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၂ ရက် ညပိုင်းက လန်ဒန်မြို့မှာ ကျင်းပခဲ့တဲ့ ရုပ်ရှင်ထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "BAFTA" ဆုပေးပွဲမတိုင်မီ ကျင်းပခဲ့တဲ့ ဆန်ခါတင်စာရင်းဝင် အနုပညာရှင်တွေရဲ့တွေ့ဆုံပွဲမှာတော့ အမ်မာစတုန်းဟာ ချစ်သူဟောင်း အန်ဒရူးဂါးဖီးဒ်နဲ့ တွေ့ဆုံစဉ် ဂါးဖီးဒ်ကို ပွေ့ဖက်ထားခဲ့ပြီး အန်ဒရူးဂါးဖီးဒ်ကလည်း ချစ်သူဟောင်းကို ပြန်လည်ပွေ့ဖက်ထားခဲ့ပါတယ်။ အဆိုပါအပြုအမူကြောင့် သူတို့နှစ်ဦးအကြား မိတ်ဆွေတွေထက်ပိုနေတဲ့ ခံစားချက်တွေများရှိနေပြီလားရယ်လို့ ဝေဖန်စရာတွေ ပေါ်ထွက်လာခဲ့ကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပရိသတ်တွေကလည်း အွန်လိုင်းမီဒီယာတွေအပေါ် ရောက်ရှိလာခဲ့တဲ့ သူတို့ရဲ့ပုံရိပ်တွေကြောင့် အံ့အားသင့်ခဲ့ကြရပြီး အချို့သောပရိသတ်တွေက သူတို့နှစ်ဦးကို ယခုလို မြင်တွေ့ရတဲ့အတွက် ချစ်သူတွေအဖြစ် ပြန်လည်တွေ့မြင်လိုလာတယ်လို့ သူတို့ရဲ့ လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့် ဝေဖန်ရေးသားခဲ့ကြပါတယ်။

အဆိုပါဆုပေးပွဲမှာ အသက် (၂၈)နှစ်အရွယ်ဗြိတိန်ကြယ်ပွင့် အမ်မာစတုန်းက သူ့ရဲ့အောင်မြင်တဲ့ဂီတရုပ်ရှင် "La La Land" နဲ့ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုအတွက် လျာထားခံထားရကာ အဆိုပါဆုကို ပိုင်ဆိုင်နိုင်ခဲ့ပေမယ့် အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုအတွက် လျာထားခံထားရတဲ့ အန်ဒရူးဂါးဖီးဒ်ကတော့ ယခုနှစ်အတွက်ဆုကိုပိုင်ဆိုင်နိုင်ခဲ့ခြင်းမရှိဘဲ ယင်းဆုကို "Manchester by The Sea"ရုပ်ရှင်ရဲ့ ဇာတ်ဆောင်မင်းသား ကေဇီအက်ဖ်လက်ခ်က ဆွတ်ခူးသွားခဲ့ကြောင်း သိရပါတယ်။ ■

- စည်းကမ်းကို အုတ်မြစ်ချသည်၊ စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
- လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။

**ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော်**
ဦးစီးသော...

# UEC

ကက-၁၃/၂၂/၂၃၅

United Education Centre
**ကိုယ်ပိုင်အထက်တန်းကျောင်း**
KG - Grade 10
**အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP**


မောင်လွှင်မင်းသိန်း
ဆကရ - ၁၄၄၂ (ဘာသာစုံ ဂုဏ်ထူးရှင်)

## ၂၀၁၅ - ၁၆ ပညာသင်နှစ်ထူးချွန် ကျောင်းသား၊ ကျောင်းသူများ


မောင်လွှင်မင်းသိန်း ဆကရ-၁၄၄၂ (ဘာသာစုံ ဂုဏ်ထူးရှင်)
မောင်စိုင်းဇေတုန်းမြတ် ဆကရ-၁၄၃၁ (မြန်မာ၊သင်္ချာ၊ဓာတု၊ရူပ၊ဇီဝ)
မဆုယက်ခင် ဆကရ-၀၄၀၉ (အင်္ဂလိပ်၊သင်္ချာ၊ဓာတု၊ရူပ၊ဇီဝ)
မောင်သက်ဝင်းအောင် ဆကရ-၁၄၃၃ (မြန်မာ၊ဓာတု၊ရူပ၊ဇီဝ)
မကြည်ဖြူအေးချမ်း ဆကရ-၁၄၃၂ (မြန်မာ၊ဓာတု၊ရူပ၊ဇီဝ)

## ၂၀၁၇ - ၁၈ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။

အဆင့်မြင့်ဘော်ဒါ – ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-con တပ် အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။

DAY CAMP – (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။

မူလတန်း၊ အလယ်တန်း – English 4-skills၊ ပန်းချီ၊ ကွန်ပျူတာ၊ Kids invent စသော Extracurricular Activities များ ပါဝင်သည်။

- Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)
- (၄) ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင် ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။

ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09 7800 20647, 09 7938 93725, 09 51 57988, 09 51 62238
ကျောင်းသူဆောင် ● မြေအမှတ် (၁၅ A နှင့် B) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းသားဆောင် ● မြေအမှတ် (၄) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။



လူ့ဘဝဆိုတာတို‌တောင်းပါတယ်။ ရှင်သန်စဉ်နေ့ရက်တိုင်းမှာ တစ်ထောင့်တစ်နေရာမှ တတ်စွမ်းသလောက်ဖြည့်စွက်ရန်ရည်ရွယ်၍ ....

စာသင်ကောင်း၍ စေတနာပါသော ဆရာ၊ ဆရာမများ စုစည်းမှုဖြင့်
ဒေါက်တာဟိန်းထွဋ်တည်ထောင်သော

# ၁၈လမ်းဝိုင်း

၉ တန်း၊ ၁၀ တန်း (အယောက် ၂၀ သီးသန့်) အထူးစာသင်ဝိုင်းများ

**မိဘ၊ ကျောင်းသားများ၏ တောင်းဆိုချက်အရ**
- ညနေပိုင်း (၃)နာရီခွဲ တန်းခွဲသစ်
- (၁၀)ယောက် သီးသန့်အထူးတန်းခွဲသစ်
- (စနေ၊ တနင်္ဂနွေ) တန်းခွဲသစ်များကို ထပ်မံဖွင့်လှစ်လိုက်ပါပြီ ... ၊

ယခုစာသင်နှစ်အတွက် နောက်ထပ်တန်းခွဲသစ်များ ထပ်မံဖွင့်လှစ်ပေးနိုင်တော့မည် မဟုတ်ပါသဖြင့် အမြန်အပ်မှ စိတ်ချရပါမည်။

ကျောင်းသား/သူ အများစုဟာ အိမ်မှာ ဝေ့လည်ဝေ့လည် ဖြစ်နေတတ်ကြပါတယ်။ ဒါကြောင့် အထူးကြပ်မတ်စာကျက်ဝိုင်းကိုပါ စီစဉ်ထားပါတယ်။

## ✷ အထူးကြပ်မတ် စာကျက်ဝိုင်းများ ✷

- မိမိရည်မှန်းထားသော အောင်မြင်မှုကိုရယူနိုင်ရန်အတွက် စနစ်ကျသောနည်းဗျူဟာလိုအပ်ပါသည်။ နည်းဗျူဟာနှင့်ချဉ်းကပ်ပုံ မမှန်ကန်ပါကမည်မျှပင် ကြိုးစားပါစေ မျှော်မှန်းသလောက်ရလဒ် မကောင်းနိုင်ပါ။
- ယခုစာကျက်ဝိုင်းတွင် **ဒေါက်တာဟိန်းထွဋ်** ကိုယ်တိုင် အနီးကပ်ကြီးကြပ်၍ စနစ်ကျသော မှတ်တမ်းမှတ်ရာများ၊ နည်းလမ်းများဖြင့် ပုံမှန်လမ်းရိုး၊ လမ်းဟောင်းမှ ခွဲထွက်ကာ ကလေး တစ်ဦးချင်းစီကို လက်တွဲခေါ်ပါမည်။
- အိမ်တွင် Guide ခေါ်ယူကြသောအခါ အချိန်မလုံလောက်မှုကြောင့် အဖြစ်များနေကြသော 'လေ့ကျင့်ကျက်မှတ် သင်ယူမှုများတွင် ဟာကွက် ဖြစ်နေမှုများ' ကိုပါ အကောင်းဆုံး ဖြည့်စွက်ထောက်ကူ လေ့ကျင့် ကျက်မှတ် ပေးသွားပါမည်။
- လောကတွင်အရာရာကို စိတ်ကဦးဆောင်ပါသည်။ အောင်မြင်ချင်စိတ်ကိုပိုင်ဆိုင်ထားသော ကလေးတစ်ယောက်အတွက်အောင်မြင်မှုက လက်တစ်ကမ်းအကွာတွင်သာရှိပါသည်။ ယခုစာကျက်ဝိုင်းတွင် ကလေးများကိုအောင်မြင်ရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြုပြင်သင်ကြားပေးမှု(Motivation)များကိုပါ သင်ကြား လေ့ကျင့်ပေးသွားပါမည်။

(သင်ကြားလေ့ကျင့်ပေးမည့်ပုံစံများ၊ စနစ်ကျသော မှတ်တမ်းမှတ်ရာများကို ကျောင်းခန်းမတွင် လာရောက်စုံစမ်းဆွေးနွေး နိုင်ပါသည်။)

**ကျောင်းခန်းမလိပ်စာ**
အမှတ်(၁၂၆ / ၁၂၈)၊ ဒုတိယထပ် (ခေါင်လေ့ခါးတွင် နံပါတ်-၂ ကိုနှိပ်ပါ)၊
၁၈လမ်း (အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)၊ လသာမြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း ၀၉-၄၅၃၃၃၉၀၆၇၊ ၀၉-၇၆၃၃၃၄၃၀၉

ဇန်နဝါရီလ(၆)ရက်နေ့တွင် စပါမည်။ ကျောင်းအပ်လက်ခံပါပြီ ...



**မင်္ဂလာပါ**
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

မော်
**SEVEN စံ**
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

**GLOBAL PHOENIX**
အိမ်ခြံမြေ အကျိုးဆောင်
အဆင့်မြင့် လုံးချင်းအိမ်များ၊
ကွန်ဒိုခန်းများကို ငှားလိုသော
နိုင်ငံခြားသား ဧည့်သည်များ
ရှိနေပါသဖြင့် အိမ်ပိုင်ရှင်များ
အမြန်ဆုံး ဆက်သွယ်ပေးပါ။
09-260 2600 29 / 59

**ရောင်း/ငှားမည်**
ဒဂုံမြို့နယ်၊ စမုံလမ်း၊ နဝရတ်
Condo 1700 Sqft, ၃လွှာ၊ ပါကေးခင်း 4AC, 2MB
Fully Furn: Ph:09-5019540, 73049409, 43152457

**ရောင်းမည်**
သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၃)၊(၆)၊(၈)၊(၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိတိုက်ခန်းများကို အမြန်ရောင်းမည်။ (B.C.Cရရှိပြီး)
ဖုန်း။ 09-254111883, 09-785401011

**စုစုအေးအောင်**
**လေးဖက်နာပျောက်ဆေး**

**စုစုအေးအောင်**
**ဝမ်းမှန်အကြောပြေဆေး**



MMRD
## မြန်မာ့စက်မှုလုပ်ငန်းများလမ်းညွှန်
## သင့်လုပ်ငန်းအတွက် အကောင်းဆုံးလမ်းညွှန်

Myanmar Industries Directory



Print 2017-18
www.industrialdirectory.com.mm
https://www.facebook.com/mmindustry

၂၀၁၇ အတွက် ကြော်ငြာများထည့်သွင်းလိုပါက
YGN Hot Line : 09 44800 1662 Email: ydg.adv@mmrdpub.com
MDY Hot Line : 02 4000611 Email: mdg.adv@mmrdpub.com


မြို့ ရွာ တစ် ခွင် သာ စေ ချင် မီး တွင် မ ပေါ့ နှင့်

**NEW MOTION** Travels & Tours

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

ရွှေလျားသစ်လွင် ခရီးစဉ်

| | | | |
|---|---|---|---|
| ★ ချင်းပြည်နယ်ခရီးစဉ် | Mar 25 | ★ အလောင်းတော်ကဿပခရီးစဉ် | Mar1,10,24 |
| ★ တောင်ကြီးခရီးစဉ် | Feb 18,Mar 1,10,24 | ★ ကလော-လွိုင်ကော်ခရီးစဉ် | Feb 18,Mar 1,10,24 |
| ★ မန္တလေး ခရီးစဉ် | Feb 18,Mar 1,10,24 | ★ မြဝတီ - မဲဆောက်ခရီးစဉ် | Feb 18,Mar 1,10,24 |
| ★ ပုဂံ ခရီးစဉ် | Feb 18,Mar 1,10,24 | ★ ထားဝယ် - ကန်ချနာပူရီခရီးစဉ် | Feb 18,Mar 1,10,24 |

အမှတ်-16၊ကျွန်းတောလမ်း။စမ်းချောင်း။ Ph; 01 527 922, 538 811, 09 731 48922, 09 4925 2911, 09 4925 2922

**DADDY** (ဒယ်ဒီ)
မော်လမြိုင်-ကျိုက္ခမီ-စက်ခဲ
သေမင်းတမန်ရထားလမ်း
နေ့ချင်းပြန်စရိတ်ငြိမ်း 35000/-
Feb-10,17,24
Ph: 09 448001903

**Family Car Rental**
လချုပ်၊ နှစ်ချုပ်၊ ခရီးစဉ်အမျိုးမျိုးအတွက်
ကားမျိုးစုံငှားရမ်းနိုင်ပါသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
Ph:-09 252609696,
09 972676330.

Hmwe Taunggyi Business Group Travel & Tours Co.,Ltd.
Hot Line - 01-200952

**သာကီနွယ်** ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး
မတ်လကျောင်းပိတ်ရက်အထူးခရီး – 16,23,30
Promotion(15)ရက်ခရီးစဉ် – 9,11,14,18,21,25
(၁၅)ရက် – (၁၂.၅)သိန်း အစား {၁၀.၉} သိန်း
(၈) ရက် – (၁၈.၅)သိန်း အစား {၈.၉} သိန်း
✵ ဝန်ဆောင်မှုအပြည့် ဈေးနှုန်းအသက်သာဆုံးဘုရားဖူးချင်သူများ
✵ ဟိုတယ်(၃)ညအိပ်ပါရှိပြီး အပိုငွေကြေးလုံးဝထပ်မကောက်
✵ (၁၆)ဦး(၁)ဦးအခမဲ့ (၁၀)ဦးလျှင်(၁)ဦး (၅%)
ကြော်ငြာထားသည့်ခရီးစဉ်များ အပြောင်းအလဲမရှိဘဲရှိပါမည် အထူးဈေးနှုန်းများသည် ဖေဖော်ဝါရီလအတွင်းသာ
(၁၅)ရက်ခရီး - Apr - 1,8
(၈)ရက်ခရီး - April - 11,20
ရန်ကုန် - အမှတ်(၁၀၅) ၁၂၃ လမ်း၊ သိမ်ဖြူကားဂိတ်ကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ၀၉- ၇၇၈၈၂၂၂၆၀
မန္တလေး - အမှတ်(၇၂၅) ၈၁ လမ်း၊ ၄၄×၄၅ကြား၊ မန္တလေး။ ၀၂- ၂၄၅၄၀ ၊ ၀၉- ၇၇၈၈၂၂၂၅၀
တောင်ကြီး - ပန်းခြံမှတ်တိုင်အနောက်မြို့ပတ်လမ်း၊ တောင်ကြီး။ ၀၈၁-၂၀၀၁၇၇ ၊ ၀၉- ၇၇၈၈၂၂၂၄၀

**ရခိုင်ဘုရားဖူး(သီးသန့်)** ကောင်းထက်စံနှင့်အဖွဲ့ လက်မှတ်အိမ်ပို့ပေးသည်
မဟာမုနိ၊မြောက်ဦး၊ဝေသာလီမြို့ဟောင်း၊ ပုဏ္ဏားကျွန်းစစ်တွေသံတွဲ ငပလီ (ဟိုတယ်) စား၊တည်း၊ငြိမ်း(ဆိုင်ကျေး)(၆ရက်)220000/(25-02-2017) ကျောင်းတည်း။ 150000 လေယာဉ်ခရီးစဉ်စီစဉ်ပေးသည်။ မိသားစုကုမ္ပဏီကားဖြင့် သီးသန့်စီစဉ်ပေး။ ၄၅ဦးစီး AIR CONကားဖြင့်။ ဗီဒီယိုမှတ်တမ်းလက်ဆောင်။ဓာတ်ဆရာ၊မေတ္တာ၊ ဝိသနာအရင်ခံ၍ Ph:09448003431,0949660481,09 798860461

**ခေတ်ရွှေဆောင်** 09 449250191
Feb - 17 , 24 Mar-3,10,17,24 April - 11, 28
ရွှေလုံတောင်-အင်းတော်ကြီး-မြစ်ကြီးနား
(၈)ရက် ၁.၂ သိန်း ရွှေဂူကြီး-ပုပ္ပါး-ပုဂံ-ပုဏ္ဏ-အလောင်းတော်-ကျောက်ဆိမ်း (၇)ရက် ...
မြတ်မော်တင်ရွှန်းနှင့် ဂေါ်ရခင်ကျွန်းကမ်းခြေ (၄)ရက် ၇၀၀၀၀ ဆိုက်ကိုး အပါအဝင်ငြိမ်း

**PPTT**
ဆရာ/မ၊ အရာရှိ(ငြိမ်း)များ ရေပြေလျှင် အဆင်းဖြစ် စာမည်မဟုတ်
SH မြင့်သူထက် YU
သစ်တော (သစ်အုပ်ကြီး တီ/ဆေးကု)
နယ်စပ် စာရေး
JQ ထူမှူပူထုရေး (စာရေး) Non-stop ဝင်ခွင့်အား လုံးသင်သည်
(၁၀) ရက်ဖြတ်နှင့် ပုံမှန်တန်းများ
ဓ၊၁၀တန်း နွေ(၃)လဖြတ် ၊ပုံမှန်၊
စာအုပ်အခမဲ့ ၁၀တန်း ဘာသာရပ်ကျွမ်းကျင် ဆရာဖြစ် လက်ခံပြီ
တိုက် (၃၅) ၃ လွှာ၊ ပေ (၉၀)လမ်း (လှည်းတန်းဈေးနောက်လမ်း)၊ ရန်ကုန်။ ဖုန်း – ၀၁၅၂၃၀၁၈၊ ၀၉၇၃၀၀၈၇၁၉၊ ၀၉၂၆၁၃၈၇၃၀၀၆

**သိန်းသန်းဆက်**
အိမ်ပြောင်း/အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
ဈေးနှုန်းချိုသာစွာဖြင့်
ကားနှင့် လုပ်သားအပါ
စီစဉ်ပေးပါသည်။
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116

**Min San Eain** Travel & Tours Co., Ltd. 09-5044271, 09-259259153, 09-259259154
ထွက်မည့်ရက် - Feb 17, 24 Mar 1, 3, 10, 17, 24

| | |
|---|---|
| ✦ တောင်ကြီး-အင်းလေး-ပင်းတယ | Hotel (2)N -150000/- |
| ✦ မန္တလေး-ပြင်ဦးလွင်-ဒီးဒုတ်ရေပြာအိုင် | Hotel (1)N -100000/- |
| ✦ ပုဂံ(ရွှယ်တော်လေးဆူ)-ညောင်ဦး-ပုပ္ပါး | Hotel (1)N -100000/- |
| ✦ အလောင်းတော်ကဿပခရီးစဉ်-မုံရွာ | Hotel (2)N -150000/- |
| ✦ ထားဝယ်(ရှင်ကိုးရှင်)-မောင်းမကန် | Hotel (2)N -170000/- |
| ✦ ငပလီကမ်းခြေခရီးစဉ် | Guest (1)N - 75000/-, (2)N -100000/- |

Car Rental Service (45, 33, 14, 7) Seaters

**Travel Mate Myanmar** Travels & Tours
အဆင့်မြင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်း (လိုင်စင်အမှတ် - ခ - ၃၄၅၂)
မန္တလေး - မုံရွာ - အလောင်းတော်ကဿပ Feb 25 / Mar 25
လွိုင်ကော် - ဒီမောဆို - ပန်ပက် - ကြတ်ဂူ Feb 25 / Mar 25
ဘားအံ ၄၅၄ - ရွှေယဉ်မျော် - ကျောက်ကလပ် (စနေနေ့တိုင်း)
မော်လမြိုင် - ကျိုက္ခမီ - စက်စဲကမ်းခြေ (စနေနေ့တိုင်း)
ကုမ္ပဏီများ/သင်တန်းကျောင်းများ/အသင်းအဖွဲ့များနှင့်မိသားစုသီးသန့်ခရီးစဉ်များကိုလည်း ဝန်ဆောင်မှုပေးပါသည်။
09450 200 522 , 09450 200 533 , 09450 200 544

**Fully Light Travels & Tours** ပြည်ပခရီးသွားလိုင်စင်အမှတ် (ခ-၀၀၅၂)
သင်ကြိုက်ရက် ခရီးစဉ်များကို ဝယ်ယူနိုင်ပါပြီ

စင်္ကာပူ-ဘင်တန်(အင်ဒို)ကျွန်း (၅ရက် ခရီးစဉ်) 13-17/Apr/2017 1150 USD

ဗီယက်နမ် (၅ရက် ခရီးစဉ်) ဟန္နိုင်း-ဟလောင်းဘေး 14-18/Apr/2017 590 USD

ထိုင်ဝမ် (၈ရက် ခရီးစဉ်) တိုင်ပေ-တိုင်ကျုံး-တိုင်တုံး-ကောင်းရှုံး-ဟွာလန်-ရိလန်-တိုင်ပေ 12-19/Apr/2017 1350 USD

ကွေ့လင် (၈ရက် ခရီးစဉ်) နန်နင်း-ကွေ့လင်-ရန်ဆော့ 12-19/Apr/2017 1400 USD

ချင်းမိုင် (၄ရက် ခရီးစဉ်) ချင်းမိုင် ၊ ချင်းရိုင် ၊ ရွှေတြိဂံခရီးစဉ် 14-17/Apr/2017 560 USD

ဟောင်ကောင်(၈ရက် ခရီးစဉ်) ဟောင်ကောင်-စိမ်းကျိတ်-ကွမ်ကျိုး-ကျူဟိုင်-မကာအို-ဟောင်ကောင် 14-21/Apr/2017 1650 USD

ပီကင်း (၁၁ရက် ခရီးစဉ်) ပီကင်း-နန်ကျင်း-ပူစည်-ဟန်ကျိုး-ရှန်ဟဲ 13-23/Apr/2017 2000 USD

လိပ်စာ - အမှတ်(၈၀၁)၊ဒဂုံစင်တာ(၁)၊ မြေနီကုန်း၊စမ်းချောင်း၊ရန်ကုန်
ဖုန်းနံပါတ်-၀၁-၅၀၁၃၈၁၅,၀၁-၅၁၆၉၃၂,၀၁-၅၁၆၉၈၅,၀၁-၅၀၁၃၈၁၅
၀၉-၄၂၁၁၃၀၈၅ , ၀၉-၇၈၉၈၈၈၈၉၃,၀၉-၂၆၅၃၉၉၉၉၆



telenor

# EASY ဘောလ် ပြန်လာပြီ

ဗုဒ္ဓဟူးနေ့တိုင်း Eload နဲ့ ဖုန်းငွေဖြည့်ပြီး

၅၀% အထိ အပိုလက်ဆောင် ရယူလိုက်ပါ

| ငွေဖြည့်(ကျပ်) | အပိုရငွေ | အသုံးပြုနိုင်သောကာလ |
|---|---|---|
| ၁,၀၀၀ - ၂,၉၉၉ | ၁၀% | ၃ ရက် |
| ၃,၀၀၀ - ၄,၉၉၉ | ၂၀% | ၃ ရက် |
| ၅,၀၀၀ - ၉,၉၉၉ | ၃၀% | ၃ ရက် |
| ၁၀,၀၀၀ နှင့်အထက် | ၅၀% | ၃ ရက် |

## သတိမှတ်ချက်များ

- ဖုန်းငွေဖြည့်ကတ်၊ အပိုလက်ဆောင်ပါဝင်ပြီးဖြစ်သော မော်ငွေဖြည့်ကတ်ဖြင့် ဖြည့်ခြင်းအတွက် အကျုံးမဝင်ပါ။
- အပိုလက်ဆောင်၏သက်တမ်းမှာ ဖုန်းငွေဖြည့်သည့် ရက်မှစ၍ (၃) ရက်အတွင်း ကုန်ဆုံးပါမည်။
- အပိုလက်ဆောင်များကို တယ်လီနောအချင်းချင်း ဖုန်းခေါ်ဆိုခြင်း၊ SMS ပေးပို့ခြင်း၊ သုံးသလောက်ပေး အင်တာနက်အသုံးပြုခြင်းများအတွက် အသုံးပြုနိုင်ပါသည်။



ကြော်ငြာ


nurture preschool
We nurture tomorrow leaders!
နိုင်ငံတကာ အသိအမှတ်ပြုဖွံ့ဖြိုးမှု (၅) ရပ်ကို အခြေခံသည့် မူကြိုပညာရေး
Emotional Development (EQ) · Intellectual Development (IQ) · Moral Development · Physical Development · Social Development

GETC building a better future
အသက် ၅ နှစ်မှ ၁၄ နှစ် အရွယ် ကလေးငယ်များအတွက် တစ်မူထူးခြားသည့် နွေရာသီ အင်္ဂလိပ်စာ အစီအစဉ်
2017 Summer English Program
English 4 Skills
Supplementary skills
Life skills for children
Cambridge ESOL Exam
6th March – 26th May (5% Discount in Feb)

Cambridge University အသိအမှတ်ပြု
Cambridge English Exam Preparation Centre
အသက် ၁၆ နှစ်အထက် တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ ဘွဲ့ကြို ဘွဲ့ရနှင့် လုပ်ငန်းခွင်ဝင်နေသူများအတွက်
Communicative English
General English
Business English
လစဉ်ကျောင်းအပ် လက်ခံနေပါပြီ




မြေနီကုန်း 01537895, 09263337702 | စမ်းချောင်း 09262963774/ 5 | လှိုင် 01-530097, 09254148005 | တာမွေ 01-549590, 09254148006 | အင်းစိန် 09259822226/ 7 | မရမ်းကုန်း 01-663960, 09259822220 | ကမ္ဘာအေး

ရွှေအိုးကြီး
မြဝတီ၊ မဲဆောက်၊ ဖဒေါ၊ ဘားအံ၊ ဘုရားရုံနှင့်ချစ်သူ့မြို့ Hotel တည်း S/P (Visa) ဆိုင်ထမင်းကျွေး အားလုံး (75000) Feb-17,24 Mar-3,10
09421073634, 777636630

သုံးရာသီ မပွဲဒါန
Feb-10,17,24
420144148, 421153797

အင်္ဂလိပ်စာ
လေ့လာနေသူများအတွက်
ဆရာဦးမိုးမြင့်မောင် (Top English)(a) Saya William၊ ဆရာအောင်အောင်
- General English 4-Skills
- Grammar+Writing
- Phonetics အသံထွက်နည်းသင်တန်း
- အင်္ဂလိပ်စကားပြောသင်တန်းများဖွင့်ပြီး
EVER TOP
ဘာသာစကားသင်တန်းကျောင်း
Ph:09254903604, 09799656514

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ယဉ်ကျေးမှုဝန်ကြီးဌာန
အနုပညာဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
အနုပညာကွန်ပျူတာဒီပလိုမာသင်တန်း
DIPLOMA IN COMPUTER ARTS (Dip.CA)
MCC.i School of Multimedia & Creative Arts
Specialized in " Character Animation & Advanced Media "
Semester (1,2): Graphic Production for Exporting any Media; Video/Audio Production, Motion Graphics & Visual Effects; Character Animation & Advanced Media
Specialized in " Multimedia & Infocom Technology "
Semester (1,2): Graphic Production for Exporting any Media; Rich Media Content Creation, Interactive TV & Streaming Video; Multimedia & Information Communication Technology
ဒီပလိုမာသင်တန်းကာလ စုစုပေါင်း(၁၀)လ ကြာမြင့်မည်ဖြစ်ပြီး အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) မှဒီပလိုမာလက်မှတ် ချီးမြှင့်မည်ဖြစ်ပါသည်။



သင်တန်းဖွင့်ရက် - ၁၆ ဖေဖော်ဝါရီလ ၂၀၁၇ ခုနှစ် သင်တန်းသား/သင်တန်းသူများအား စတင်လက်ခံနေပါသည်။
ကုမုဒြာခန်းမ (ယခင်ပန်းချီပန်းပုကျောင်းဝင်းအတွင်း) အမှတ်(၈)၊ ကိုယ်မင်းကိုယ်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၃၂၅၃၂၃၁၊ ၀၉- ၇၇၃၉၇၇၇၁၄၊ ၀၉-၇၃၄၉၁၁၂၂


Innovative Control company limited
HOT LINE- 09776208979
တပ်ဆင်ခအပြီးအစီး ပေး၍ ကြိုးဖိုးအပါ

76,000Ks
320* Degree Rotate,Audio in Standalone Camera
လေးလုံးတွဲကင်မရာ 358,000Ks
မည်သည့်နေရာမဆို Mobile ဖုန်းမှတဆင့် Live View ကြည့်ရှုနိုင်ပါသည်။
အခြားသော နည်းပညာမြင့် IP Camera များလည်း ရရှိနိုင်ပါသည်။ 09776208977-78

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559 စမ်းချောင်း

အရောင်း ဒဂုံမြို့သစ်
အရှေ့ပိုင်း/ မြောက်ပိုင်း တောင်ပိုင်း၊ ဆိပ်ကမ်း မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။
Ph : 09 73121050 09 457778224

PUN HLAING SILOAM HOSPITALS
မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းတုသမှ
ဖေဖော်ဝါရီလ (၁၇) ရက်နေ့မှ (၁၉) ရက်နေ့အထိ
- သောက်ဆေးဖြင့် မပျောက်ကင်းသော နာတာရှည် ထိပ်ကပ်နာများ
- အနံ့ခံအာရုံချို့ယွင်းနေသောဝေဒနာရှင်များ
- အိပ်ပျော်နေစဉ်အတွင်းဟောက်တတ်ခြင်းနှင့်အသက်ရှူရန်မဝမှန်ခြင်း
- နှာခေါင်းအတွင်းရှိကင်ဆာအကျိတ်များကိုဖြတ်ထုတ်ခြင်း
- နှာခေါင်းသွေးယိုမှုကို ထိန်းချုပ်ခြင်း
- နှာခေါင်းနှင့်ပတ်သက်သောအခြားရောဂါများ




ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄ ၃၂၃၊ ၆၈၄ ၃၂၅၊ ၆၈၄ ၃၃၆၊ (၀၉) ၄၂၀ ၀၄၂ ၆၇၉၊ (၀၉) ၂၅၄ ၉၅၀ ၈၀၇ / မန္တလေး (၀၉) ၄၃၂ ၀၇၇၈၁ Email : marketing.phsh@spa-mm.com


สมิติเวช SAMITIVEJ ဆမ်မီတဝေးဆေးရုံကြီး
........A Hospital like no other
ထိုင်းနိုင်ငံရှိ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ၏ ရှေ့ဆောင်ဆေးရုံကြီး
JCI (နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်) အပြင် အရှေ့တောင်အာရှ ကျန်းမာရေးခရီးသွားလုပ်ငန်းများ အသိအမှတ်ပြုဆေးရုံကြီး
- ဝါရင့်ကျွမ်းကျင်သော ပညာရှင်များ၏ ကျန်းမာရေးစောင့်ရှောက်မှု
- မြန်မာစကားပြန်များ၏ နွေးထွေးသောဝန်ဆောင်မှု


မြန်မာပြည်ကိုယ်စားလှယ်ရုံး Columbus Health Care Services
အမှတ် ၂၅၃၊ မြေညီထပ်၊ ဗိုလ်အောင်ကျော်လမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း၊ ၀၁ - ၃၇၈၅၈၃၊ ၀၉ ၇၈၃ ၇၈၃ ၈၃၁၊ ၀၉ ၇၈၃ ၇၈၃ ၈၃၂
မန္တလေးရုံးခွဲ။ ဖုန်း ၀၂ - ၆၀၉၅၆၊ ၀၁၁ - ၂၀၃၀၂၃၊ ၀၉ - ၄၃၁ ၇၇၅၀၀။ တောင်ကြီးရုံးခွဲ။ ဖုန်း - ၀၈၁ - ၂၁၂၂၈၄၂၊ ၀၉ - ၅၁၉၃၇၇၅

## UNIQUE STAR TRAVELS & TOURS

သင်္ကြန် **Promotion** ( ၅ )ဦး ဝယ်လျှင် ( ၁ )ဦး အခမဲ့

| | | | |
|---|---|---|---|
| ဥရောပ (9) နိုင်ငံ | အမေရိကား (East + West) | ဩစတြေးလျ | ဗန်ကောက်–ပတ္တရား |
| Apr:10,12 ($ 4800) | Apr: 7,9 ($ 5160) | Apr:10,11,12,13 ($ 3120) | Apr:9,10,11,12,13 ($ 696/ 595 ) |
| ဥရောပ (6) နိုင်ငံ | ဂျပန် | စင်ကာပူ | ဗန်ကောက်–ဖူးခက်/ ချင်းမိုင် |
| Apr:10,12 ($ 3600) | Apr:10,11,12,13 ($ 3600) | Apr:11,12,14 ($ 835) | Apr: 12, 13 ( $ 996 / 899 ) |
| ဥရောပမြေထဲပင်လယ် | ကိုရီးယား | စင်ကာပူ–မလေးရှား | ဗန်ကောက်–ကမ္ဘောဒီးယား |
| Apr:11,12 ($ 4080) | Apr:11,12 ($ 2160) | Apr:11,12,13 ($ 1195) | Apr: 12, 13 ( $ 835 ) |
| ဂရိ | အီဂျစ် | စင်ကာပူ–မလေး–လန်ကာဝီ | ဟောင်ကောင်၊မကာအို၊ကွမ်ကျိုး |
| Apr:10,12 ($ 4450) | Apr:12 ($ 3600) | Apr:11,13 ($ 1315) | Apr: 11,13 ( $ 1980 ) |
| ဗီယက်နမ်–ကမ္ဘောဒီးယား | ဟိုချီမင်း–ဟန္နိုင်း–ဟာလောင်း | စင်ကာပူ–ဗန်ကောက် | ပီကင်း–ရှန်ဟိုင်း |
| Apr: 12,13 ($ 996) | Apr: 11,12 ($ 996) | Apr: 9,11,14 ( $ 1140) | Apr: 11,12, 13 ( $ 2190 ) |

| | | | |
|---|---|---|---|
| ဗန်ကောက်၊ပတ္တရား | (4 / 5 / 6) D | Feb: 18,25 / Mar:11, 25 | ( $ 299 /399 /499) |
| ဗန်ကောက်၊ဖူးခက်/ ချင်းမိုင် | (6)D | Feb: 18 / Mar: 4, 11, 18, 25 | ( $ 790/690 ) |
| ဗန်ကောက်–ဟန္နိုင်း–ဟာလောင်း | (6)D | Apr: 11, 12, 13 | ($ 996 ) |
| စင်ကာပူ/ စင်း–မလေး | (4) D | Feb: 25 / Mar : 11, 24 | ( $ 650 / 895 ) |
| ဟန္နိုင်း–ဟာလောင်း | (4)D | Feb: 18 / Mar: 4, 11, 18, 25 | ( $ 490 ) |
| ဟိုချီမင်း–ဟန္နိုင်း–ဟာလောင်း | (6)D | Feb: 25 / Mar: 4, 18, 25 | ( $ 690 ) |
| ဗီယက်နမ်–ကမ္ဘောဒီးယား | (6)D | Feb: 25 / Mar: 4, 18, 25 | ($ 650 ) |
| ဟိုချီမင်း–ဟာလောင်း–Ba Na Hill | (7)D | Mar: 4, 18, 25 | ($ 950 ) |

(70/A),Kabaaye Pagoda Rd,Bahan Tsp.Ph: 01-708 353 ,705 723,09 514 8079,09 7310 9133, 09 7310 9144. No(126),42 St, 83-84 St,Mahar Aung Myay Tsp, Mandalay.099 7218 3333.

တန်ခူးရဲ့ နဲ့ ကမ္ဘာအနှံ့ခြေဆန့်မဲ့ **တိုးဒီ** ရဲ့ ၂၀၁၇ သင်္ကြန် နှစ်သစ်ကူးခရီးစဉ်များ နဲ့ GO! ပြီ...

/TourDeMyanmar CONTACT US :
Viber : 09-77 9999 146/147

အမှတ် (၁၀၉)၊ ပထမထပ်၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
ဖုန်း၊ ဖက်(စ်) – ၀၁–၃၇၈၁၂၇၊ ၃၇၈၅၀၃၊ ၂၅၀၇၃၄
E-mail : outbound@tourdemyanmar.com
www.tourdemyanmar.com

ပြည်ပခရီးသွားလိုင်စင်အမှတ်-၀၀၁၂

မန္တလေး–စက်ကာပူ– ကွမ်ကျိုး–ရှန်းကျန့်– တရုတ်ပြည်
ကွာလာလမ်ပူ–မန္တလေး ဟောင်ကောင်–မကာအို အမေရိကား ဂျပန်
ဖူးခက်–ဗန်ကောက် ကိုရီးယား ဗန်ကောက်–
အီဂျစ် နူဘိုင်း ဥရောပ(၇)နိုင်ငံ ပတ္တရား–အယုဒ္ဓယ
ဘာလီ ဗီယက်နမ် စက်ကာပူ
ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ...

2017မိုးရာသီမှာ . . .
လက်ဆောင်ပေးရန်နှင့်
မိမိ၏ဝန်ထမ်းများဝတ်ဆင်ရန် အရည်အသွေးကောင်းမွန်သော **မိုးကာအင်္ကျီ** ကို
မိမိ၏ကုမ္ပဏီလိုဂို အရောင်အသွေးအတိုင်း
ဈေးနှုန်း သင့်တင့်စွာဖြင့် ရရှိနိုင်ရန် ကြိုတင်၍ ဆက်သွယ် စီစဉ်လိုက်ပါ ...
T&F (true and fair) fashion
Phone : 09 55 23456

**ပေါ်ဆန်းမွှေးသစ်ရပြီဗျို့**
ဈေးချိုတဲ့ပေါ်ဆန်းမွှေးသစ်များရပြီမို့ 12 မြိုင်
အိတ်များစပို့ပေးနေပါပြီ။
09-73077711 ☎01-682844
09-73077722 ☎01-682944
စိတ်ကောင်းကြည်လင် ချန်ဝီယံပေါ်ဆန်းမွှေး

**PAJERO ဒီဇယ် (ကားသန့်ရောင်းမည်)**
ရန်ကုန်လိုင်စင်၊ 1H/..... SUPER BLACK V46 ဗိုက်ဖောင်း/97 Late ပါဝင်ပစ္စည်းအားလုံးကောင်း၊ တာယာ/ဘက္ထရီအသစ်၊ လမ်းကြမ်း/ချော စိတ်ကြိုက်မောင်းနိုင်၊ ပိုင်ရှင်ကိုယ်တိုင်အမည်ပေါက်၊ တစ်လက်ကိုင်(ကီးလိုနည်း)၊ ကားကောင်း၊ကားသန့်ကြိုက်သူများအတွက် (ညှိနှိုင်းဈေး) 09777252218, 09250283165

**မိုနဲဒါဖက်ရှင်**
- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်း၊ အမှတ်တရတူညီဝတ်စုံနှင့် ရုံးဝန်ထမ်းများအတွက် Uniform Sport Shirt မျိုးစုံ၊

| | |
|---|---|
| T.Shirt | - 1200 ကျပ်မှစ၍ |
| Shirt | - 3200 ကျပ် |
| Sport Shirt | - 3250 ကျပ် |
| ဦးထုပ် | - 1300 ကျပ် |

- အထည်(၁၀၀)နှင့်အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးပါသည်။
- အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်းအပေါ်၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
- **Ph:01-292129, 01-9000260, 09-250388594**
- **Email:kyonedoe@gmail.com**




1.1 L MINI TRUCK
PRICE US$ 4,999+

"Leading your business with Dongfeng Motor"
နယ်အရောင်း ကိုယ်စားလှယ်အနေဖြင့် လုပ်ကိုင်လိုတဲ့ လုပ်ငန်းရှင်များကို ဖိတ်ခေါ်လျက်ရှိပါသည်။
၀၉–၂၅၀၀၅၁၄၄ သို့ အသေးစိတ်ဆက်သွယ်စုံစမ်းနိုင်ပါသည်။
● လစဉ်ပေးသွင်းငွေဖြင့် ဝယ်လိုသူများကို AYA Bank နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

DONGFENG MOTOR DRIVING SUCCESS 24 ROAD ASSISTANCE 2 YEARS WARRANTY
Authorised Distributor in Myanmar
Sojitz Sunrise Automobile Co., Ltd.
No. 19, Baho Road, Sanchaung Township, Yangon, Myanmar.
Tel : +95-1-2304801, Fax : +95-1-2304802
www.Dongfeng-Myanmar.com
DFM-Myanmar
DFM

KONICA MINOLTA
No. 1 A3 Color MFP Worldwide



ULTIMATE BUSINESS SOLUTION
bizhub C227/C287 Color Solution Copier
bizhub 287 Black & White Solution Copier
bizhub 164 / 206 Black & white Mutifunction Copier
Starting at $ 710



အရစ်ကျ ငွေချေစနစ်နှင့် အငှားမှ အပိုင်ဝယ်စနစ်
(၄)နှစ်ဆက်တိုက် အကောင်းဆုံး Copier ဆုရ
Wireless Printing · Touchscreen · Security · Low Total Cost Ownership · Super Low Cost Per Print



Your personal sales consultant
Su Myat Aye
enterprise.teams3@gandamar-mm.com
Direct Tel: 09 253 547 980
09 253 547 981

(Since 1951)
Gandamar O.A. & Business Solutions
No. 18-24, Kun Gyan Rd., Aung San Stadium, South Wing, Yangon
Branches in Yangon, Naypyidaw, Mandalay and dealers all over the country
www.gandamarbusinesssolutions.com www.facebook.com/gandamar.mm hq@gandamar-mm.com

# မောင်တောဒေသသို့ မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ တတိယအကြိမ်ဆက်လက်ဆောင်ရွက် အကျဉ်းသားများအား နိုင်ငံတကာစည်းမျဉ်းများနှင့်အညီ ပြုမူဆက်ဆံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေး



ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဘူးသီးတောင်အကျဉ်းထောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းစဉ်။
(သတင်းစဉ်)

**မောင်တော ဖေဖော်ဝါရီ ၁၄**

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၃ ရက်က ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးအဖွဲ့၏ အစီရင်ခံစာပါအချက်အလက်များနှင့် စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းစစ်ဆေးမှုများဆောင်ရွက်ရန် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ပြည်နယ်ဝန်ကြီးချုပ်နှင့် ကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်ဖြင့် ကျီးကန်းပြင်သို့ရောက်ရှိပြီး ထိုမှတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အကျဉ်းဦးစီးဌာန ဘူးသီးတောင်အကျဉ်းထောင်သို့ သွားရောက်၍ အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့်ပတ်သက်၍ နိုင်ငံတကာ အခြေခံစည်းမျဉ်းများနှင့် ညီညွတ်စွာ ဆောင်ရွက်ထားခြင်းရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ဘူးသီးတောင်အကျဉ်းထောင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းအေးကျော်က အကျဉ်းထောင်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်ဥပဒေအရာရှိနှင့် မြို့နယ်တရားသူကြီးတို့က တရားခံများအား ရုံးတင်စစ်ဆေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက အကျဉ်းသားများနှင့် ၎င်းတို့၏မိသားစုဝင်များ အဆင်ပြေစွာ တွေ့ဆုံနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးရေး၊ အကျဉ်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်ပေးရေးနှင့် တရားခံများအား ဥပဒေနှင့်အညီ

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

# AFC Cup ပြိုင်ပွဲ ရတနာပုံနှင့် မကွေး ယှဉ်ပြိုင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မြန်မာကလပ်အသင်းများအတွက် အရေးပါသည့် ၂၀၁၇ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီတတိယပတ်တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံပြောင်းလဲထားသောကြောင့် မြန်မာကလပ်များဖြစ်သည့် ရတနာပုံနှင့် မကွေးအသင်းတို့ နောက်တစ်ဆင့်တက်ရောက်ရန် ပိုမိုကြိုးစားရဖွယ်ရှိနေသည်။

AFC Cup ပြိုင်ပွဲမှာ ယခုနှစ်တွင် ပြိုင်ပွဲကျင်းပမည့်ပုံစံပြောင်းလဲခဲ့ပြီး ယခင်ရာသီများကဲ့သို့ အသင်းများအားလုံး တစ်ပေါင်းတည်းကျင်းပတော့မည်မဟုတ်ဘဲ ဇုန်သုံးခုခွဲကာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စု (A, B, C) မှာ အနောက်အာရှဇုန်၊ အုပ်စု (F, G, H)မှာ အာဆီယံဇုန်၊ အုပ်စု (D,E, I)မှာ အလယ်နှင့် တောင်အာရှဇုန်တို့တွင် ပါဝင်ခဲ့သည်။ မြန်မာကလပ်အသင်းများသည် အာဆီယံဇုန်တွင် ပါဝင်ခဲ့ပြီး ရတနာပုံအသင်းသည် အုပ်စု (H)တွင် ထန်ကွမ်နင် (ဗီယက်နမ်)၊ ဟုမ်းယူနိုက်တက်(စင်ကာပူ)၊ မကွေးအသင်းသည် အုပ်စု(F)တွင် ဂျိုဟိုးဒါရူးလ်(မလေးရှား)၊ ဂလိုဘယ်(ဖိလစ်ပိုင်)၊ အန်ကော(ကမ္ဘောဒီးယား) အသင်းတို့နှင့် ပါဝင်လျက်ရှိသည်။ ပြီးခဲ့သည့်ရာသီပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုတစ်ခုစီမှ နှစ်သင်းစီ နောက်တစ်ဆင့်သို့ တက်ရောက်ခွင့်ရသော်လည်း ပြိုင်ပွဲကျင်းပသည့်ပုံစံသစ်အရ အာဆီယံဇုန် အုပ်စုသုံးခုတွင် ထိပ်ဆုံးသုံးသင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယတစ်သင်းသာ နောက်တစ်ဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီ ၂၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မကွေးအသင်းသည် အဝေးကွင်း ပွဲစဉ်

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



၂၀၁၇ AFC Cup ပြိုင်ပွဲ ယှဉ်ပြိုင်မည့် မကွေး အသင်း။

